www.burmeseclassic.com

KS

လုံးချင်းဝတ္ထုသစ်

# ဈေဂရစ်

အချစ်သင့်ရာသီ



ပန်းချီသိန်းရွှေကြည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [illegible]
မျက်နှာဖုံးခွင့်ပြုချက် [illegible]

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ ၅၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
[illegible] (ဆီနှံးမင်းစာပေ)
အမှတ် [illegible] လမ်း၊ ကျောက်မြောင်း
[illegible]မြို့။

ဦးကျော်စိန် ([illegible]အော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်[illegible]
ဦးကျော်စိန် ([illegible])
၁၇၁၊ ၃၃ [illegible] ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

ဖြန့်ချိတာ



# အချစ်သင့်ရာသီ

## ချောစုစံ

www.burmeseclassic.com

နိုင်ငံတော်အစီအစဉ်သုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — နိုင်ငံ့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — နိုင်ငံ့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — နိုင်ငံ့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





"ထပ်တူသိတယ်ဆိုတာ နင့်ဘက်က သက်သေပြချက်ရှိသလား ညီ၊ ငါ့ဘက်ကတော့ နင်နဲ့ ငါ ဘယ်တော့မှ ထပ်တူမညီနိုင်ဘူးဆိုတာကို သက်သေပြစရာတွေရှိတယ်၊ အဲဒါဘာလဲသိလား...နင့်ထက် ငါ အမြဲသာနေတယ်ဆိုတာပဲ၊ ဟိုအရင်၊ အခု၊ နောင်တစ်ချိန်ဆိုတဲ့အထိပေါ့..."

မြိုင့်နှုတ်ခမ်းလေး တွန့်ရုံလေး ပြုံးရိပ်သန်းသွားသည်။ ငါဟာ စုံရိပ်မြိုင်ဆိုရင် နင်ဟာ ဝါရဲ့ မဟာမြိုင်ထဲက သမင်ငယ်လေးတစ်ကောင်ပဲ ဖြစ်ရမယ်၊ ထပ်တူညီ...

"သမီးရေ အဆင်သင့်ဖြစ်ပြီလား သွားရအောင်ကွယ်"

"ဟုတ်...လာမယ် မေမေ"

www.burmeseclassic.com



လက်ထဲမှ အမိပ္ပာယ်မဲ့ ငေးကြည့်နေခဲ့သည် ယောက်ျား တစ်ယောက်ရဲ့ ဓာတ်ပုံကို အသာချထားလိုက်ပြီး မြိုင် မှန်တင်ခုံရှေ့က ထသည်။

တစ်ဆက်တည်း မှန်ထဲမှာ အခန်းထဲဝင်လာသည့် မေမေ့ပုံရိပ် ပေါ်လာကာ...

BURMESE CLASSIC

"မှန်ရှေ့က ထလာပြီး မျက်နှာမှာ ဘာမှလဲ မရှိ ပါလား သမီးရယ်၊ သူများမိသားစုအိမ်မှာ ထမင်းသွားစားမှာ နည်းနည်းပါးပါးတော့ ဖြီးလိမ်းမှပေါ့"

"မလိမ်းချင်ပါဘူး မေမေရယ်၊ သူများအိမ်ကို အလည် သွားတာမှ မဟုတ်တာ၊ ကိုယ့်မင်္ဂလာကိစ္စအတွက် သွားတာ သိရက်နဲ့ မြိုင်က ပြင်ဆင်သွားရမှာလား"

"ဒီလိုတော့ မဟုတ်ဘူးပေါ့ သမီးရယ်"

"ဟင့်အင်းမေမေ"

"ကဲ...ကဲ ပြီးရော မေမေ့သမီးက အစကတည်းက





လှပြီးသားပါ၊ မေမေက ပိုလှစေချင်လို့"

မိန်းကလေးရှင်က ယောက်ျားလေးအိမ်ကို ထမင်းသွား စားတယ်ဆိုတာက ကိုယ်က ညှော်သည်။

တောင်ကြီးမှာတုန်းက နှစ်အိမ်တစ်အိမ်လို ရင်းနှီးချစ် ခင်စွာ နေလာခဲ့ကြသည့် မိသားစုဖြစ်သည်။

သူတို့တွေ ရန်ကုန်ပြောင်းသွားကြတော့ ကွဲကွာသွား ကြတာ နှစ်တွေ ကြာခဲ့ပါပြီ။

ခုတော့ ရန်ကုန်ကို နောက်မှပြောင်းလာဖြစ်သည့် မြိုင်တို့က ညှော်သည်။

နေရာအကွက်အကွင်း ကောင်းကောင်းကို ရှာဖွေလိုက် တာကြောင့် အချိန်ယူခဲ့ရတာ မနေ့တစ်နေ့ကမှ တိုက်နဲ့ခြံ ဝယ်ဖြစ်ခဲ့သည်။

ဒီတော့မှ တိုက်တွေဆောက်လိုက် ပြန်ရောင်းလိုက် လုပ်နေသော ဦးညီညီမင်းနဲ့ ပြန်လည်ဆုံခဲ့ကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံအရောင်းအဝယ်ကိစ္စ အဆင်ပြေသွားသလို ငယ်ငယ်ကတည်းက စကြနောက်ကြရှိခဲ့ဖူးသည့် သားရေး၊ သမီးရေးကိစ္စကိုလည်း ပြောဖြစ်ကြသည်။

ဦးညီညီမင်းက သားနှစ်ယောက်ရှိသည်။

မြိုင်က တစ်ဦးတည်းသော သမီး။

"ဘယ်သူနဲ့လဲမေမေ ညီနဲ့ဆို မြိုင် လုံးဝလက်မခံဘူးနော်"

ဒီကိစ္စတွေ ပြန်စလာသည်နှင့် မြိုင်က အပြတ်အသတ်ငြင်းပြီးသား။ မေမေတို့က အပြုံးမပျက်ပါ။

"မေမေတို့ကလဲ သမီးတို့ ငယ်ငယ်ကတည်းက မတည့်ကြတာ သိပါတယ် သမီးရယ်၊ ညီကလဲ ခုထိ ဒီလိုစိတ်တွေရှိနေသေးရင် ဒုက္ခများကုန်မှာပေါ့၊ ခုပြောဆိုထားတာက ညီလာကောင်းနဲ့ပါ၊ မစုတို့ကလဲ ကြီးတဲ့သူကိုကျော်ပြီးအငယ်နဲ့ ဘယ်စီစဉ်ပါ့မလဲ၊ ကောင်းက အခုဆို ဘွဲ့လဲရပြီး





ပြီ၊ ဖခင်ရဲ့စီးပွားရေး လုပ်ငန်းမှာလဲ သူ ဦးစီးနိုင်နေပြီ၊ ကိုညီမင်းက ကျန်းမာရေးသိပ်မကောင်းတော့ ဒီသားကိုပဲ အားထားနေကြတာ သမီးရဲ့၊ ညီကတော့ ဟိုတုန်းကလိုပဲ ခပ်ဆိုးဆိုး၊ ဂျစ်ကန်ကန်လေး"

ထိုအရာ ဤသို့ရှိ၍ မြိုင် လက်ခံခဲ့လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ဘယ်လို မေမေ၊ ကိုကိုက မြိုင်နဲ့ ဟုတ်လား"

"ဟုတ်တယ်သား စုံရိပ်မြိုင်လေ...သားတို့နဲ့ သူငယ်ချင်းပဲ"

ညီ ဂစ်တာကို တစ်ဖက်ကဆွဲလျက် ဝုန်းခနဲထရပ်လိုက်မိသည်။

စုံရိပ်မြိုင်...

သူ့နှုတ်ခမ်းမှ တီးတိုးရေရွတ်နေဆဲ၊ မီးခိုးရောင်လက်တောက်နေသည့် လင်ခရီဇာ ကားကြီးတစ်စီး ခြံထဲကိုကွေ့ဝင်လာလေသည်။

"ဟော...လာကြပြီ၊ သားငယ် လာလေ"

နောက်လှည့်မကြည့်ဘဲခေါ်၍ ဒေါ်နုနုစံက ခပ်သုတ်





သုတ်လေး ထွက်သွားသည်။

ပေါ်တူကိုအောက်မှာ ကားရပ်တော့ ညီ မမှိတ်မသုန်စိုက်ကြည့်နေမိ၏။ ရဲတောက်နေသော ဒူးအောက်စကတ်အကျပ်တိုတိုနှင့် ပခုံးအုပ်ရုံ ခါးဖုံးရုံလေ တိုနံ့နံ့အနီရောင်လည်ဟိုက်တီရှပ်လေးကို ဝတ်ထားသည့် မိန်းကလေးတစ်ယောက် သူရပ်နေသည့်ဘက်က ဆင်းလာသည်။

အနီရဲရဲ ဟီးလ်ဒေါက် အမြင့်ရဲရဲကို စီးထားသဖြင့်နဂိုက အရပ်မြင့်ပုံရသော သူမအရပ်က ကြွားရှားနေသည်။

ဒါပေမဲ့ သွယ်လျပြည့်တင်းနေသော ကိုယ်ဟန်နှင့်အတော်ကြီးလှ၏။

အဖျားလေးတွေ နည်းနည်းလန်တွန့်၍ ခပ်ပွပွရှိသောဆံပင်က ပခုံးအောက်နားထိ ပျော့အိစင်းကျနေသည်။

ရောင်စုံပြေးနေသည့် မျက်မှန်ကို တပ်ထားသောသူမအသားဝင်းဝင်းနှင့် ထင်းရှင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေးစရာမလိုဘဲ သိသည်။

သူမဟာ စုံရိပ်မြိုင်သာ...

ငယ်ငယ်ကတည်းက ဖိနပ်ကို ခေါက်မြင့်မှ...

အကျီအဝတ်အစားဆို အနီ သို့မဟုတ် အနီရောင်ရောမှ...

သူမက ကားပေါ်ကဆင်းပြီး တံခါးကို အသေအချာ ပြန်ပိတ်၏။ ဒါဟာ မလိုအပ်ဘဲ တမင်လုပ်သည့်အမူအရာ ဖြစ်သည်။

ထိုအခါ မျက်နှာအငုံ့မှာ ဝဲခနဲ ငိုက်ကျသွားသည့် ဆံနွယ်တွေကို ဆတ်ခနဲ ထုတ်၍ လက်တစ်ဖက်နဲ့ သပ်တင်ရင်း သူ့ထံသို့ အမှတ်တမဲ့လို အကြည့်မျိုးတစ်ချက် ရောက်၏။

ဒါလည်း သူမရဲ့ တမင်တကာပဲ ဖြစ်ပေမည်။

ညီ မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်သည်။

ရင်ထဲမှာ ဒေါသတွေ တနုံ့နုံ့ ဖြစ်နေသည်။





သူချစ်သော မေမေတို့အားလုံး ချစ်ခင်လေးစားသော ကိုကို့ကို အပိုင်ယူမည့်သူဟာ စုံရိပ်မြိုင်တဲ့။

မိန်းမငယ်လေးတစ်ယောက်ကဲ့သို့ ကိုကို့ကို တစ်ပါးသူ အပိုင်စီးသွားမှာကို မလိုလားတာမျိုး မဟုတ်ပါ။

စုံရိပ်မြိုင်ကို လက်မခံနိုင်တာ တစ်ခုပဲ ဖြစ်လေသည်။

ကိုကို့အတွက် အိမ်ထောင်ချပေးရေး စီစဉ်နေကြတာကို သူသိလျက်နဲ့ စိတ်ဝင်တစား မမေးမြန်းခဲ့မိတာကိုက မှားတာ။

စောစောသိလျှင် သူ ဖျက်ခဲ့မှာ အမှန်ပင်။ သို့ဆိုလျှင် သူ့ရဲ့အပြင်းအထန် ကားမြစ်ခြင်းကြောင့် ကိုကိုဟာ ဒီကိစ္စကို တစ်ကြောင်းကြောင်းနဲ့ ငြင်းဆန်မည်သာ...

စီးပွားရေးကို လွန်စွာ စိတ်ဝင်စားကာ အောင်မြင်နေခဲ့သော ကိုကိုသည် ဒီနေ့ထိ ချစ်ရေးချစ်ရာကို အလေးမထားခဲ့သလို အိမ်ထောင်ပြုဖို့ပြောတိုင်း ငြင်းခဲ့သည်ကို သူအသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်စုံတစ်ရာနဲ့ တိုက်ခိုက်လိုက်တာနှင့် ကိုကို ခေါင်းခါမည်ပင်။

ခုတော့ သူနောက်ကျခဲ့ပြီ။

"နင်နဲ့ငါ ဘယ်တော့မှ ထပ်တူညီမှာ မဟုတ်ဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ ငါက နင့်ထက် အမြဲတမ်းသာပြီး သားဖြစ်နေလို့... တွေးကြည့်မနေနဲ့ ယုံပစ်လိုက်"

"တောက်..."

စုံရိပ်မြိုင် ပါးစပ်ဖျားမှာ အားပါးတရကြီး ရှိနေတာ ကြောင့် ထပ်တူညီဆိုသည့် နာမည်ကိုပါ သူမုန်းနေခဲ့တဲ့အထိ။

ခုလည်း ကိုကို့ဇနီးအဖြစ် ကိုယ်က သူ့ကို အစ်မခေါ် ရဦးမည့် အဖြစ်မျိုး...

*





"လှလိုက်တာ သမီးလေးရယ် ကြည့်ပါဦး... နှာတံ ချွန်ချွန်လေးနဲ့ နှုတ်ခမ်းလေးတွေ ထောင့်ချိုးညီပြီး ပြည့်နေ တာက တကယ့် သူ့ဖအေအတိုင်းပဲ"

"မနုနော် မာလာကတော့ မလှဘူးလို့ ပြောလိုက်တာ လား"

"မပြောရပါလား မာလာရယ်၊ အသားရောင်လေးကျ တော့ ဆင်စွယ်နှစ်လို ဝင်းအိနေတာ မအေတူတာပေါ့၊ သမီးလေးက လှတာတွေချည်း ရွေးယူထားတာ၊ ဘာမှပြော စရာမရှိဘူး..."

"ဒါလဲ မဟုတ်ပါဘူး၊ သူ့အဖေက အသားညို



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တိုပါ... မာလာက အရိပ်မြင့်တာ၊ ဖြူတာ"

"ပြောလိုက်ပါတော့ မနုရာ... ဘူပဲ လှပါတယ်လို့၊ သူစိတ်ချမ်းသာဖို့က အဓိကပါ"

"ကိုနော် သူများကို အရူးလို့ပြောလိုက်တာပေါ့"

"ဟား... ဟား... ဟား"

ထမင်းဝိုင်းဆိုပေမဲ့ ထမင်းစားတာ နည်းနည်း စကားပြောဘာက များနေသည်။

အားလုံးထဲမှာ မြိုင့်မေမေ ဒေါ်မာလာမြိုင်က အသက်အငယ်ဆုံး ဖြစ်သလို ဟိုတုန်းကတည်းက ဖေဖေ့ကို နိုင်နေကျဟာ၊ ဒီနေ့ထိ လူကြားသူကြားနေရာမရွေး နိုင်ကိုနိုင်ရမှ။

အလိုလိုက်ခဲ့သည့် ဖေဖေကလည်း အလိုလိုက်မြဲဟာ ဒီနေ့ထိပင်။

ညီလာကောင်း နှုတ်ခမ်းတွေ ပြုံးနေသည်။

လူကြီးတွေ ပြောစကားကြောင့်မဟုတ်ဘဲ ကိုယ်တိုင်





နှစ်နှစ်သက်သက် သဘောကျ၍ ပြုံးနေသည်မှန်း သူ့မျက်ဝန်းများက သက်သေခံနေ၏။

သူသည် မြိုင့်မျက်နှာလေးကိုသာ တကြည့်ကြည့်...

"ထမင်းစားတာ မျက်မှန်ချွတ်ထားလိုက်ပါလား သမီး"

"ဟင့်အင်းဖေဖေ ဒီအတိုင်း စားလို့ရတယ် မဟုတ်လား ဟင်"

ဖအေကို ငြင်းလိုက်ရင်း ညီလာကောင်းတို့ မိသားစု သုံးယောက်ရှိသည့်ဘက်ကို မော့ကြည့်လိုက်တာမို့ သူပဲခေါင်းညိတ်လိုက်ကာ...

"ရပါတယ် နေပါစေ ဦးရဲ့ မြိုင်က မျက်မှန်တပ်ထားလဲ လှတာပါပဲ၊ သူသဘောကျသလို နေပါစေ"

ဦးညီညီမင်းက သားဖြစ်သူကိုကြည့်၍ သဘောပေါက်သွားသလို ခေါင်းညိတ်နေသည်။

"အဖေက ဘာခေါင်းညိတ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုစံက ဦးညိုညိုမင်းကို ကွယ်ရာမှာ ဘယ်လိုခေါ်သလဲတော့ မသိ။ လူတွေရှေ့မှာတော့ သားတို့အဖေ အဖြစ်လို့ပဲ ခေါ်လေသည်။

ဦးညိုညိုမင်းက ထမင်းတစ်ဇွန်း ပါးစပ်ထဲထည့်၍ နှုတ်ခမ်းစေ့ ဝါးလိုက်သေးသည်။ ပြီးမှ

"မင့်သားကိုကြည့်လေ ကိုဝင်းကျော်ခြေရာကို တစ်ထပ်တည်းနင်းမယ့်သား"

"ဟင်... ဟာ... ဖေဖေကလဲ"

ရုတ်တရက် နားမလည်ဘဲ နောက်တော့မှ ပြုံးပြုံးကြီးဖြစ် ခေါင်းငုံ့သွားသည့် ညီလာကောင်းက မျက်မှန်ထဲက မျက်ဝန်းလေးတွေကိုလည်း ခိုးကြည့်လိုက်သေးသည်။

မြိုင်ကတော့ ထူးထွေဆန်းပြားသော ခံစားချက်မျိုးနှင့် မဟုတ်ဘဲ ထမင်းစားမပျက် ရှိလေသည်။

သူမ ရှက်နေရှာလိမ့်မည်။





"သားငယ်ကိုတော့ ခွင့်လွှတ်ကြတော့ဗျာ၊ ဒီကောင်က ငယ်ငယ်တုန်းကလိုပဲ သူဖြစ်ချင်တာ ဇွတ် စိတ်မဝင်စားတာရှိလဲ ဓားနဲ့မိုးခိုင်းရင်တောင် ရမှာမဟုတ်ဘူး၊ ကျွန်တော်နဲ့ဆို အမြဲတမ်း အတိုက်အခံပဲ"

"ဩော်...ဒီလောက်လဲ မဟုတ်တော့ပါဘူး အဖေရယ်၊ သားက ဒီညနေ သူငယ်ချင်းမွေးနေ့ ဒင်နာသွားဖို့ မနက်ကတည်းက ပြောထားတာပါ၊ အချိန်တိုက်သွားတော့ ထမင်းစားဝိုင်းကို သူ မဝင်နိုင်တော့ဘူးပေါ့"

ဒေါ်နုနုစံက သားရဲ့ ဆိုင်ကယ်သံကြားတော့ ဖေးဖေးမမလေး ဝင်ပြောရှာသည်။

"ပြောစရာ လူတွေလား မနုရယ်၊ သားနှစ်ယောက်လုံးက မာလာတို့သားတွေပဲဟာ၊ ဒီကလေးသုံးယောက်ရဲ့ အကျင့်စရိုက်၊ အယူအဆအားလုံး တို့တွေက နားလည်ပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...ဟုတ်တယ် တို့ကလဲ သမီးလေးကို ကိုယ်မွေးထားသလိုပဲ သဘောထားခဲ့တာဆိုတော့ ဆိုင်းတွေ ဗုံတွေဆင့်မနေတော့ဘူး၊ အမြန်ဆုံး သားကြီးနဲ့ လက်ထပ်ပေးတော့မယ် ဒါပဲ"

"ဒီလိုတော့ မရသေးဘူးထင်တယ်၊ ဆိုင့်မတီး ဗုံမပါဘဲကရင် ဘယ်ကောင်းမလဲ၊ မူလစိတ်ကူးခဲ့ကြသလိုပဲ လောလောဆယ် စေ့စပ်ထားမယ်လေ၊ ဝါမဝင်ခင်တော့ လက်ထပ်ပေးကြတာပေါ့၊ အခုဆိုတော့ တို့က ဒီဘက်မှာ အသိမိတ်ဆွေ မရှိသေးဘူး၊ သမီးလေး မျက်နှာငယ်မှာ စိုးတယ်"

ဒေါ်မာလာမြိုင်က သူမဆန္ဒကို ဝင်ပြောသည်။

အားလုံး သဘောတူညီမှုတွေ ရသွား၏။

စားသောက်ပြီးကြတော့ "သမီးတို့ချင်း အေးအေးဆေးဆေး ဆွေးနွေးကြဦး" ဟုဆိုကာ မအေလုပ်သူက လမ်းဖွင့်





ပေးလျှက် ညီလာကောင်းက ခြံထဲမှာ လမ်းလျှောက်ဖို့ခေါ်သည်။

"မြိုင်က တစ်မျိုးလေး ဖြစ်သွားတယ်နော၊ ငယ်ငယ်ကလို စွာတာတာ၊ ခပ်ဆိုးဆိုးပုံလေး မဟုတ်တော့ဘူး"

သူကပဲ စကားစပြော၏။

"ဟင်...ဟုတ်လို့လား မေမေကတော့ ခုချိန်ထိ နင်အရမ်းဆိုးတာပဲလို့ ပြောတုန်း"

"ဒါဆို ဝမ်းသာစရာပေါ့၊ ကိုကလဲ ဟိုတုန်းက မြိုင်ဆိုတဲ့ ကောင်မလေးကို သိပ်ချစ်တာ၊ ကိုယ့်အိမ်ထောင်ရေးဟာ အပေးအယူတွေ သိပ်တည့်ပြီး အေးစက်ငြိမ်သွေ့စရာကြီး ကိုယ် မလိုချင်ဘူး၊ ခပ်ငယ်ငယ် နဲ့ ဆိုးဆိုးမယ့် မိန်းမလှလေးတစ်ယောက်နဲ့ ဘဝမှာ ရင်ခုန်လှိုက်မောစွာ ဖြတ်သန်းဖို့ကို စိတ်ဝင်စားတယ်"

"ရင်ခုန်လှိုက်မောတာထက်ဆိုးပြီး စိတ်ပျက်ဖို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလာဘူးလို့ ပြောလို့ရမလား ကိုကောင်း”

ညီလာကောင်းက ပြုံးလိုက်ပြီး...

“သေချာပါတယ် မြိုင့်ကို ကိုယ် ဘယ်တော့မှ စိတ်ပျက်မိမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မြိုင့်မှာ ကိုယ်မြတ်နိုးတဲ့ အလှတွေ အများကြီး ရှိနေလို့”

မြိုင်က မခိုးမခန့်လေးရယ်၍ စံပယ်ပန်းလေးတစ်ပွင့်ကို ခူးယူခြွေချပစ်လိုက်၏။

ညီလာကောင်းက စူးစိုက်ကြည့်နေ၏။

“သိပ်လှတာလဲ အနိစ္စပဲ ကိုကောင်းရဲ့...မြိုင်ကတော့ ဘာကိုမှ တန်ဖိုးကြီးတယ်လို့ မထင်ဘူး၊ တစ်စုံတစ်ခုကို တန်ဖိုးထားလိုက်မိတာဟာ အဲဒီ တစ်စုံတစ်ခုအပေါ် ရှုံးနိမ့်လိုက်ခြင်းပဲလို့ မြင်တယ်၊ မြိုင် ဘယ်သူ့ကိုမှ အရှုံးမပေးနိုင်ဘူး”

“အဲဒီလို ဒဿနဆန်ဆန် ကြည့်ပြီး ခံစားချင်တဲ့





လှမိုက်မျိုးတွေ ရင်ထဲကို အချစ်က နူးနူးညံ့ညံ့လေး ခိုးဝင်လာတတ်တယ် မြိုင်၊ အဲဒီအချိန်ရောက်ရင် မင်းပြောတဲ့ တစ်စုံတစ်ခုကို တန်ဖိုးထားလာမှာပါ”

မြိုင်က လက်ကလေးနှစ်ဖက်ပိုက်၍ ညီလာကောင်းကို ခပ်စွေစွေလေး ကြည့်သည်။

“လူတိုင်းလိုလိုပဲနော် ကိုယ်ဖြစ်ချင်တာကိုပဲ အရင်ဆွဲတွေးကြတယ်၊ ကောင်းပါတယ် စိတ်ချမ်းသာတာပေါ့”

“နေပါဦးမြိုင်”

မြိုင်က ဆက်လျှောက်သွားတော့ ညီလာကောင်းက ကပ်လိုက်လာရင်း...

“လူကြီးတွေ စီစဉ်တာကို မြိုင် သဘောတူတယ်နော်”

“အင်းလေ မြိုင်က ဘာပြောနေလို့လဲ”

“ကိုယ့်ကိုကော”

“ဘာကိုလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မြိုင် ဘယ်လိုသဘောထားသလဲလို့"

"လက်ထပ်ရမယ့်လူလို့ သဘောထားတယ်"

"ငယ်ငယ်က သံယောဇဉ်နဲ့ပဲလား"

မြိုင်က ဆတ်ခနဲ ပြန်ကြည့်ကာ...

"မဟုတ်ပါဘူး ငယ်ငယ်တုန်းက မြိုင် ဘယ်သူ့အပေါ် သံယောဇဉ်ထားခဲ့လို့လဲ၊ သံယောဇဉ်ဆိုတာ ချည်နှောင်ခြင်းလို့ ပြောကြတယ်၊ ဒီနေ့ထိ မြိုင် ဖေဖေ မေမေကလွဲပြီး ဘယ်လူသူစိမ်းကိုမှ သံယောဇဉ်ထားခဲ့ဖူးဘူး"

"မဟုတ်ဘူးလေ ကိုယ်က ချည်နှောင်ခဲ့တာမျိုးကို ပြောတာမှမဟုတ်ဘူး၊ တစ်ခါမှ မမြင်ဖူးကြတဲ့ သူတွေမဟုတ်တာ၊ ငယ်ငယ်ကတည်းက အတူသွား၊ အတူကစားခဲ့ကြတာ အဲဒီ ရင်းနှီးမှုတွေကို ပြောတာ မြိုင်"

"မြိုင်နဲ့အတူကစားခဲ့တာက ကိုကောင်းမှ မဟုတ်ဘဲ၊ ကိုကောင်းက မြိုင့်ထက် ငါးနှစ်တောင် ကြီးတယ်လေ၊





ဘယ်မှာ ကစားလို့လဲ"

"မကစားဖြစ်ပေမဲ့ ညီနဲ့မြိုင် မသင့်မြတ်တိုင်း ကိုယ် ဝင်ပါရတယ်၊ မြိုင့်ကို ဖေးမခဲ့တယ်၊ ဒါလောက်ဆို ရင်းနှီး ခဲ့တယ်လို့ ပြောလို့မရဘူးလား၊ မြိုင်က ညီ့ကိုတော့ ရင်းနှီး ခဲ့တယ်လို့ ပြောချင်တာလား"

"လုံးဝ စကားထဲမထည့်ဘူး ကိုကောင်း၊ ညီနဲ့ဆို မြိုင့်ဘက်က ငြင်းပြီးသားပဲ၊ သူနဲ့မြိုင် ဘယ်တုန်းကမှ တည့်ခဲ့တာမဟုတ်ဘူး"

"ကိုယ် မြိုင့်ဆီက တစ်ခုခုတော့ လိုချင်တယ်မြိုင်၊ မြိုင်နဲ့ လက်ထပ်ဖို့ ရည်ရွယ်ပြီးတဲ့သူတစ်ယောက်အဖြစ် အရင်ကထက် ပိုချင်တာ၊ အဲဒါ ဘာလဲဆိုတော့ ချစ်ဖို့၊ ခင်ဖို့ထိ ကိုယ် လောဘမကြီးပါဘူး၊ မြိုင့်ဘက်က ရှိယ့်ကို ဟိုတုန်းက[illegible]ပဲ တရင်းတနှီး ဆက်ဆံဖို့"

"ဒါက ကိုကောင်းဖြစ်စေချင်တိုင်း မြိုင့်ဘက်က ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့မရဘူးလေ၊ ဆန္ဒဆိုတာ ခံစားမှုပဲ၊ ဖန်တီးယူလို့မရဘူး၊ လောဘမကြီးဘူးဆိုလဲ ဘာကိုမှ တပ်မက်မနေပါနဲ့ ကိုကောင်းရယ်...အေးအေးဆေးဆေးပေါ့ မဟုတ်ဘူးလား၊ ဖြစ်လာနိုင်တာပဲ”

နဖတ် အိစက်နေအောင်လှသည့် မြိုင့်ကိုကြည့်ကာ ပြောပုံဆိုပုံ၊ ဂရုမစိုက်သလို အေးစက်စက်လေးက သူ့ကို မချင့်မရဲ ဖြစ်လေသည်။

ငယ်ငယ်ကတည်းက မြိုင့်စိတ်ထဲမှာ ရန်လိုနေတတ်တာလေးတွေကလွဲ၍ ဘယ်သူ့အပေါ်မှ ခင်မင်တွယ်တာနေတာမျိုး မရှိသလို သူ့ဂရုမစိုက်၊ အရေးမပေးခဲ့တာကိုလည်း သတိတရ အားကိုးချစ်ခင်ခဲ့တာမျိုး မရှိတဲ့သူ။

ခက်တော့နေပြီ...

*





ဆိုင်ကယ်ကို ခြံထဲကွေ့ဝင်လိုက်သည်နှင့် ပေါ်တူကိုအောက်က ချစ်ကြည်ရေးတွေကို လှမ်းမြင်လိုက်ရလေသည်။

ဒီနေရာကျမှ ရပ်နေလို့လည်း မကောင်း။

ပြန်ကွေ့သွားဖို့ကလည်း မတော်။

ရှစ်နာရီပဲ ထိုးနေပြီ။ သူတို့က ဒီလောက်ထိပဲ အဖွဲ့ကျနေစရာလား၊ မဆိုဖြစ်အောင် နောက်ကျခံ ပြန်လာခါမှ တည့်တည့်တိုးနေသဖြင့် ထပ်တူညီ ဒေါသတွေ ထွက်လာတော့သည်။

အိမ်ထဲက ဖြာကျနေသော မီးရောင်ဖွေးဖွေးအောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ အနီရဲရဲရောင်က ထင်းနေသည်။

ချောက်နှာဖွေးဖွေး၊ မျက်မှန်အနက်က အနီရောင်နဲ့မရော ဘဲ ဆန့်ကျင်ဘက်ရောင်တွေဖြစ်တာ သတိမထားမိအောင် ဘယ်လိုမှ ရှောင်လွှဲမရစွာ ကြည့်လိုက်မိတာက သူ့အမှား။

ပေါ်တီကိုအောက်မှာ ဆိုင်ကယ် သိမ့်ခနဲ ထိုးရပ်လိုက် သည်နှင့် ကြည့်မိလျက်သား ဖြစ်နေသည့် သူ့မျက်ဝန်းထဲ ကို အဆိပ်လူးထားသည့် မြားတစ်စင်းကဲ့သို့ မြိုင့်ရဲ့ ပြုံးရီ နေသော အကြည့်တစ်ချက် ပြေးဝင်လာသည်။

ထိုးသတ်တော့မည့် သားရဲနှစ်ကောင် ရင်ဆိုင်ကြည့် မိသလို ခဏလေးအတွင်းမှာ မျက်ဝန်းတွေ မီးပွင့်သွားကြ၏။

"ကြည့်စမ်း သားငယ်ထင်တယ် မေ့တောင်နေတယ်၊ နောက်ကျလှချည်လား"

"ဟုတ်တယ် မေမေ၊ ဒါတောင် ခွတ်ထလာရတာ၊ ဝိုင်းသိမ်းမပြန်နိုင်းနေကြလို့"





"ဟင်...သား... သားကျောင်းတံဆိပ်တွေ မရှိတော့ဘူး"

စာအုပ်တွေကို ဆွဲထုတ်၍ ပျာယီပျာယာပြောတော့ မေမေက လှမ်းကြည့်သည်။

"ဟုတ်ရဲ့လား သားရယ်၊ သေချာကြည့်ပါဦး၊ ပေးလိုက် ရင် ပါလာမှာပေါ့"

"ပေးလိုက်တယ် မေမေ၊ မနက်ကပဲ ဆရာမပေးလိုက် တာ၊ ကျောင်းတံဆိပ်နဲ့ အတန်းတံဆိပ်ကော လက်မောင်း တံဆိပ်အစုံ ငါးစုံပေးလိုက်တာ"

စာအုပ်တစ်အုပ်ချင်း ပစ်ချကာ ရှာသော်လည်းမတွေ့ မေမေက အပ်ထားသည့် ကျောင်းဝတ်စုံတွေ သားရွေးရင်း



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တွေပါ တပ်ခဲ့ဖို့ လက်ပွေ့အိတ်ချိတ်လျက် သူ့ကို ရပ်စောင့်နေသည်။

"တွေ့လား သားငယ်"

"မတွေ့ဘူး မေမေ"

"သားရယ်မရှိဘဲ နေပါ့မလား၊ ပေးလိုက်ရင် ရှိမှာပေါ့"

မေမေက သူ့ဆီ ပြန်လျှောက်လာ၏။

"ပြီးပြီလား မနုရေ သွားရအောင်"

ဒေါ်မာလာက ဘေးတံခါးကနေ ခြံထဲကူးဝင်လာသည်။ အပြင်သွားကြမယ်ဆိုတိုင်း ဒေါ်မာလာမြိုင်က ဒီဘက်ခြံက ကားနဲ့သာ လိုက်လာတတ်သူ ဖြစ်သည်။

ဒေါ်နုနုစံက, အားနာဟန်နှင့် လှမ်း၍ ပြုံးပြကာ...

"ခဏလေး မာလာရယ် ဒီမှာ သားရဲ့တံဆိပ်တွေ ရှာမတွေ့လို့"

"ဟုတ်လား၊ ရှိပါလိမ့်မယ်၊ သေချာရှာပါဦး၊ သမီး





မြိုင်ကတော့ ကျောင်းကပြန်လာကတည်းက တံဆိပ်တွေ သွားတပ်ပေးဖို့ချည်း ပူဆာနေတာ ညစာထမင်းလေးတောင် မျိုမကျပါဘူး"

"ဟင်..."

ညီ ဆတ်ခနဲ ဖြစ်သွားသည်။

ထိုစဉ်မှာပင် မြိုင့်မျက်နှာလေး တံခါးဝမှာ ခိုးချောင်းခိုးဝှက်လေး ပေါ်လာသည်။

သူနဲ့ မျက်လုံးချင်း ပြေးဆုံလိုက်တော့မှ ကိုယ်ကိုမတ်၊ မျက်နှာကိုမော့၍ ခပ်တည်တည်လေး ဝင်လာ၏။

"မသွားသေးဘူးလား မေမေ၊ သမီး ဂါဝန်တွေကို ကြည့်ချင်လို့ပါဆိုမှ မြန်မြန်သွားရွေးပါ"

"အေးပါ သမီးရယ်၊ ဒီမှာ သမီးသူငယ်ချင်း တံဆိပ်တွေ ပျောက်နေလို့လေ"

"ပျောက်မှာပေါ့ လေးလေးနုသားက ဘောလုံးကန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ဘိလိယက်ထိုးလိုက်၊ လူကဖြင့် ခုမှ ခုနစ်တန်းရောက်တယ်၊ ဟင့် သို့ကြည့်တော့ ဘာမှ ဖြစ်ဖြစ်မြောက်အောင်တတ်တာမဟုတ်ဘူး၊ နေရာတကာ ပါတယ်"

"မိမြိုင်"

မြိုင့်ရှေ့ကို ညီ ချက်ချင်းရောက်သွားသည်။

မြိုင် ပခုံးလေးနှစ်ဖက်ကိုလည်း ဆောင့်တွန်းပစ်လိုက်ကာ...

"နင် ငါ့တံဆိပ်တွေ ခိုးထားတာ မဟုတ်လား"

"ဘာပြောတယ်"

"သား... ဒီလိုမပြောရဘူးလေ"

မြိုင်ကလည်း မျက်တောင်ကော့ကော့လေးတွေနားထိ တိတိရိရိ အုပ်ကျနေသော ဆံမြိတ်လေးတွေနဲ့ နွဲ့ခနဲခါသွားသည်အထိ မျက်နှာကို မော့ခါပစ်လိုက်ပြီး...

"နင့်တံဆိပ်ကို ငါက ဘာဖြစ်လို့ ခိုးရမှာလဲ"





"နင့်အင်္ကျီမှာ တပ်ဖို့ပေါ့...နင့်တံဆိပ်တွေ မြှမျက်ခြယ်နဲ့ နင် ရန်ဖြစ်ပြီး တံဆိပ်ပါတဲ့စာအုပ် ရေမြောင်းထဲကျသွားတယ်လေ၊ စာအုပ်ရော တံဆိပ်တွေပါ ဘာမှသုံးမရတော့တာတောင် နင် ဆရာမကိုတိုင်ရင် နှစ်ယောက်လုံးအရိုက်ခံရမှာစိုးလို့ မတိုင်ရဲခဲ့တာ ငါသိတယ်"

"ယောကျ်ားဖြစ်ပြီး မိန်းမလို မိန်းမရ မပြောနဲ့နော် ညီ၊ ငါတို့ရန်ဖြစ်တာ ဘာမှ လက်မပါဘူး၊ တကယ်လို့တံဆိပ်တွေ ကျကုန်တော့ရော ဆရာမကိုမတိုင်ဘဲ တံဆိပ်တွေငါ ဘယ်ကရမှာလဲ၊ လေးလေးနု...လေးလေးနုသား မြိုင့်ကိုစွပ်စွဲနေတာ သိလား၊ မြိုင်မခိုးဘဲနဲ့ စွပ်စွဲတာ"

"ဟုတ်ပါရဲ့သားရယ်၊ မာလာတို့ကို ဘယ်လောက်အားနာဖို့ကောင်းလဲ၊ ဒီလိုမပြောရဘူးလေ"

"သား...သားမဟုတ်တာပြောတာ မဟုတ်ဘူး မေမေ၊ သူခိုးတာ၊ သူ့တံဆိပ်တွေအကုန် ပေကျံကုန်တာ သားသား



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့တာ”

ပြောပြောဆိုဆို ညီက ခြေထောက်ကို လွှဲကန်ပစ်လိုက်သည်။

“အား...”

“အို...သားငယ် မလုပ်နဲ့”

“လုပ်ပါဦး မနေရယ်၊ ဆွဲပါဦး”

မြိုင်ကလည်း အငိုခံနဲ့ ဖင်ဆောင့်ကျသွားရာက လူးလဲပြန်ထကာ ညီ့ခြေထောက်ကို ခုန်အုပ်ဆွဲ၍ ဖက်ကိုက်လေသည်။

“အား...”

“ဟဲ့... သမီး... သမီး မလုပ်ရဘူး”

သူ့ကလေး ကိုယ့်ကလေး ဝင်ဆွဲကြရင်း လူကြီးနှစ်ယောက် ဗျာများနေဆဲ ညီလာကောင်း ပြေးရောက်လာသည်။

“ညီ...ညီလွှတ်လိုက်၊ မင်း ယောကျ်ားမဟုတ်ဘူးလား





ကွ၊ မိန်းကလေးနဲ့ ဖက်မဖြစ်ရဘူး... မြိုင် ညီမလေး ဖလွှတ်လိုက်တော့ သွေးထွက်သံယိုတွေ ဖြစ်ကုန်လိမ့်မယ် လွှတ်လိုက်နော်”

နှစ်ယောက်လုံး အတော်ကြီး ဖြေယူရသည်။

လက်ပြဘ်လေးဝတ်ထားသည့် မြိုင့်လက်မောင်းနှစ်ဖက်မှာ ညီ ဖိညှစ်ဆုပ်ထားသည့် လက်ရာကြီး သွေးခြည်ဥသွားသလို ညီ့ရဲ့ ညာဘက် ခြေသလုံးမှာလည်း မြိုင်ကိုက်ထားသည့် သွားတာက သွေးစို့ကျန်ခဲ့လေသည်။

တမင်တကာ ညစ်လိုက်တာမှန်း သိလျက်နှင့် ညီခံလိုက်ရသည်။

ထို့ပြင်

“သားငယ် သိပ်ရိုင်းတာပဲကွယ်... မာလာ့ကို တောင်းပန်ပါတယ်၊ သားကို ဆုံးမပေးမယ်”

“မဟုတ်တာ မနေရယ် ကလေးက မခံနိုင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာဖြစ်မှာ၊ သမီးကိုလဲ မာလာ မေးရမှာပဲ လာခဲ့... လာခဲ့"

"အို... မဟုတ်ဘဲ ပြောပါ့မလား၊ မိန်းကလေးက တံဆိပ်ပျောက်တာကို အတန်းပိုင်ဆရာမကို ပြောပြီး ထပ်ဝယ်လို့ရတာပဲဟာ သားအတွက် တို့ကပဲ တောင်းပန်ပါတယ်"

မေမေ့တောင်းပန်သံကို နားခါးလိုက်ပါဘိခြင်း...

ကိုယ့်ပစ္စည်းကို ခိုးယူလိုက်တာလည်း အသိ...

အကိုက်ခံလိုက်ရတာလည်း အကွင်းလိုက်...

ဒါကို သူကပဲ လွန်နေသည့်ဟု မေမေက တောင်းပန်သေးသည်။

ညီ လက်သီးကို ကျစ်နေအောင် ဆုပ်ထားမိလေသည်။

*





"တောစော်နံလိုက်တာကွာ"

"ဘာဖြစ်လို့လဲကွ"

"စုရိုပ်မြိုင်ကြီးနား ရောက်နေလို့ နေဦး... နေဦး ကျားဟိန်းသံလား၊ ခွေးဟောင်သံလား... မင်းတို့ကြားလား ဇော်ပိုင်"

"အေးဟ ကြားသလိုလိုပဲ"

"ဟီး... ဟီး... ဟီး"

မြိုင်ခြေလှမ်းတွေ တုံ့သွားသည်။

တဟားဟား ပွဲကျကာ အပေါင်းအသင်းတွေ တစ်ပြို



www.burmeseclassic.com

www.burmeseclassic.com



တစ်မကြီးနှင့် ထွက်ခွာသွားသည်။ ညိုကျော့ပြင်ကို အံကြိတ် စိုက်ကြည့်နေမိ၏။

ခိုးကြောင်ခိုးဝှက် လှည့်ကြည့်၊ ဇက်ပုကာ ရယ်တဲ့ သူကရယ်၊ မြိုင် ပေစောင်းစောင်း ရပ်ကြည့်နေတာ သိန်းလက်တို့ လှည့်ကြည့်သူကကြည့်...

စုံရိပ်မြိုင် နာမည်ကို ခွင်ဝင်လာတာနဲ့ ဖဲ့ခြွေသွားတတ်သည့် ညိုကို သူမကလည်း ကိုယ့်ခွင်ထဲ ဝင်လာအောင် စောင့်နေခဲ့သည်။

ဆရာမကတော့ ဘာမှမသိ တြိဂံနှစ်ခုရဲ့ပုံကို နှိုင်းယှဉ်တွက်ချက်၍...

"ဒီလိုဆိုတော့ ဆရာမတို့က ဒီတြိဂံနှစ်ခု ထပ်တူညီအတွက် PQ မျဉ်းတစ်ကြောင်း ထည့်ပေးရမယ်၊ ထည့်ကြည့်လိုက်ပါဦး ရရဲ့လား"

"မရပါဘူး ဆရာမ"





"ဟုတ်တယ် မရဘူး၊ အနားနှစ်နားရဲ့ အကွာအဝေးတော ချင်းတူသလား"

"မတူပါဘူး"

"ဒါဆိုရင် ဆောင့်ဝင်၊ ဒီဂရီတွေကို ပြန်စစ်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီ တြိဂံနှစ်ခုကို ထပ်တူညီလို့ ရသလား"

"ထပ်တူမညီနိုင်ပါဘူး ဆရာမ"

မြိုင်က ခပ်ကျယ်ကျယ်အော်သည်။

"ကဲ... ထပ်တူညီစေနိုင်တဲ့ ပြကွက်တွေ ရှိနေတယ်၊ ဒါကို ဘယ်သူဆွဲထုတ်ပြမလဲ"

ဆရာမက အတန်းတွေကို မျက်လုံး ဝေ့ကြည့်လိုက်ပြီး...

"စုံရိပ်မြိုင် ထစမ်း၊ ထပ်တူညီဖို့ အချက်တစ်ချက် ထုတ်ပြ"

"သမီး မပြတတ်ဘူး ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



မြိုင်က လက်ကလေးပိုက် ထရပ်၍ ရဲရဲဝံ့ဝံ့ ပြောသည်။

"ဘာဖြစ်လို့လဲ စုံရိပ်မြိုင်၊ ဆရာမရှင်းတာကို နားမလည်ဘူးလား"

ဆရာမက အံ့ဩနေဟန်

အတန်းထဲမှာ စာမေးပြီဆို စာတော်သည့် စုံရိပ်မြိုင်နှင့် ထပ်တူညီကိုသာ အမေးဆုံး

မေးတိုင်းလည်း ဒိုးဒိုးဒေါက်ဒေါက် ဖြေနိုင်သည်သာ။

"ပြောလေ စုံရိပ်မြိုင်"

"ရှင်းပါတယ်ဆရာမ ထပ်တူမညီတာကိုပဲ သမီး ပို နားလည်လို့ပါ"

"ဒါဆို...သမီး ဘယ်လိုတွက်ထားသလဲ"

"ထပ်တူမညီတာကိုပဲ တွက်တယ် ဆရာမ"

"မရဘူးလေ ထပ်တူညီတဲ့အထိ ပြရမှာ ပြစမ်း ဆရာမကို"





"သမီး ထပ်တူမညီတာပဲ သိတယ် ဆရာမ"

ဆရာမ ဒေါသထွက်သလို မျက်နှာပျက်သွားသည်။

ကျောင်းသားတွေ ပြုံးစိစိ ဖြစ်ကုန်ကြ၏။

ညို့မျက်နှာလေး နီမြန်းလျက်...

*

www.burmeseclassic.com

www.burmeseclassic.com



"ထပ်တူညီဖို့များ ခေါင်းထဲထည့်စရာကို မလိုဘူး၊ လွှယ်လွှယ်လေး"

ညီ နောက်က အသံထွက်လာသည်။

"ငါသိသားပဲ ပါးစပ်ထဲက မပြောချင်လို့ကို မပြောတာ၊ တြိဂံပဲ ဖြစ်ဖြစ်စို့၊ စတုဂံပဲ ဖြစ်ဖြစ် ဘယ်အရာမဆို အံဝင်ခွင်ကျတာတော့ ရှိတာပဲ၊ ဒါကို ထပ်တူညီတာလို့ ပြောတာ၊ ထပ်တူညီကို ရေးကြီးခွင်ကျယ် လုပ်နေဖို့ မလိုပါဘူး"

ညီ့မျက်နှာကို တစ်စုံတစ်ရာ ပစ်ဆောင့်သွားသလို ဒေါသကြောင့် မျက်လုံးများပင် ပြာလေသည်။





ရယ်မောသွားလိုက်ကြတာ ထပ်တူညီပြီးရင်း ညီလျက်၊ မြိုင်တို့ သဘောအကျကြီးကျကာ အောင်ပွဲခံသွားပြန်သည်။

ထပ်တူညီလို့ မမေ ဘာကြောင့် ပေးခဲ့တာလဲ။

နာမည်ကိုတော့ မြိုင်ကိုပါ သူ့ဒေါသက ဘယ်ဆီဘယ် ဝယ်မှန်း မသိ။

*

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒီ defination ဘယ်သူရလဲ ထဆို"

ဘယ်သူရမလဲဆိုပေမဲ့ ဆရာမမျက်လုံးတွေက အမြဲ ရနေတတ်သည့် ညီနဲ့ မြိုင့်ဆီကို ဝေ့ဝဲလာတာဖြစ်သည်။

ညီ ဆတ်ခနဲ ထရပ်လိုက်လျှင် မြိုင်နဲ့ တစ်ပြိုင်တည်း။

ဆရာမက နှစ်ယောက်စလုံးကို ကြည့်၍ ပြုံးလိုက်သည်။

"ဟုတ်ပြီ စာမေးလိုက်ရင် ဒီနှစ်ယောက်ပဲ ထနိုင်ကြ ပါလား၊ ကဲ မြိုင် ဆို... ထပ်တူညီ ထိုင်"

စာရတာကို သူ့ထက်ငါ ဆိုပြချင်သည်။

အနေအထားတိုင်းမှာ မြိုင်ကရှေ့တစ်လှမ်း ကျော်နေသည်။





မြိုင်က တဒေါက်ဒေါက် ဆိုပြသွားသည်နှင့် ဆရာမက ကျေနပ်ကာ နောက်ထပ် မဆိုခိုင်းတော့ပေ။

မြိုင်က နှုတ်ခမ်းကို ခပ်ဖိဖိပိတ်၍ လှည့်ပြုံးပြသည်။

ဟိုးငယ်ငယ်တုန်းကတော့ အတန်းထဲမှာ သူသာတာ မနာလို၊ ကိုယ်သာတာ မနာလိုနှင့် ပြိုင်ဆိုင်ခဲ့ကြတဲ့ မခံချင်စိတ်လေး သက်သက်နှင့်...

အရွယ်လေးတွေ ရလာတော့ နာကြည်းစိတ်လေးတွေ ဖြစ်လာသည်။ တစ်ခါတလေ အတူကစားဖြစ်၊ စကားပြော ဖြစ်ပေမဲ့ ပါးစပ်ဖျားကတစ်မျိုး၊ ရင်ထဲကတစ်မျိုး...

သူရှုံးခဲ့တဲ့အခါ ကြိတ်မနိုင် ခဲမရ ဖြစ်ကျန်ခဲ့ရပေမဲ့ မြိုင်က ရှုံးတယ်ဆိုတာကို လက်မခံ၊ ခြေလှမ်းနောက်ကျလျှင် လက်နဲ့ ဖမ်းဆွဲသည့်သူ...

လက်ရောခြေပါ မမီလျှင် တွေ့ရာနဲ့ ကောက်ပစ်မည့် သာ ထို့ကြောင့် မြိုင်နဲ့ သူ့အတွက် အမြဲတမ်း အရှုံးမရှိခဲ့ မြိုင်...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သူမ အမြဲကြွားဝါနိုင်ခဲ့လေသည်။

အတန်းထဲမှာ အဆင့်တစ်နဲ့နှစ်...

အဆင့်တစ်ကို ညီ ဆက်တိုက်ရသည် သိပ်မရှိ။

မြိုင်က ဆက်တိုက်ရအောင် ယူနိုင်သည်။

အင်္ဂလိပ်စာမှာ ညီက essays သိပ်မပိုင်...

ထိုမှာ အမှတ်က ကပ်ကျသွားသည်။

တစ်မှတ်လောက် ကွာလျှင် မဆိုသာပေမဲ့ နှစ်ပိုင်းတစ်ပိုင်းလောက်ပဲကွာကာ သူမ အဆင့်တစ်ဖြစ်သွားတိုင်း လက်မထောင်၊ ခေါင်းမော့၊ ပါးစပ်က အငြိမ်မနေ။

"ဟား...ဟား ဘယ်တော့မှ ထပ်တူမညီနိုင်ဘူးဆိုတဲ့ သဘောမပေါက်သေးဘူး ထင်ပါရဲ့"

ဟု ကလီသလို ရိသလိုလို...

ကမ္ဘာရန်သူကြီးတွေလည်း မဟုတ်ခဲ့ဖူးပေ။

တုတ်တပြက် ဓားတစ်ပြက်လည်း မဖြစ်ခဲ့ဖူးပါ။





ဒါပေမဲ့ လေကြောင့် ကျောက်စိုင်ကျောက်သားတို့ ပဲ့ကြွေသည်လည်း ရှိခဲ့လေသည်။

တိုက်စားခြင်း အမျိုးမျိုးမှာ လေလည်းရောရာ မိုးမပါဘဲ သူတို့ အသီးသီး၏ ချစ်ခင်မည့် သံယောဇဉ်ဆိုတာ ဘယ်ဆီ လွင့်ပါခဲ့သည် မသိ။

❋

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်...မြိုင်နဲ့ညီ ဒီကိုလာကြ မင်းတို့အတွက် ငါး မျှားတံအသစ်တွေ ဝယ်လာတယ်"

"လာပြီ"

ကိုကို့ဆီ ပြေးရောက်သွားကြတာချင်း တူပေမဲ့ မြိုင်က သူကြိုက်သည့် အရောင်ကို ဆွဲယူလိုက်ပြီးသား ဖြစ်၏။

စတီး ငါးမျှားတံတွေက ဖိတ်ဖိတ်လက်နေသည်။ ခလုတ်ကို ဖွင့်ကြည့်ရင်း မြိုင်က သဘောကျနေ၏။

"အဲဒီ အနီရောင် ငါ့ကို ပေးပါလား"

"အံမယ် ဘာလို့ပေးရမှာလဲ၊ ငါ အနီရောင်ကြိုက်လို့ အနီရောင်ယူတာကို"





"ငါလဲ အနီပဲ ကြိုက်တာ"

"လဲသေလိုက်ပေါ့..."

"ဘာလို့ လဲသေရမှာလဲ ကိုကိုက ငါ့အစ်ကိုပဲ၊ နင် သူများပေးတာလဲ ယူသေးတယ် လူလည်မကျနဲ့"

"မဆိုင်ဘူးလေ ဘယ်သူ့အစ်ကိုပဲဖြစ်ဖြစ် ခေါ်ကတည်း က မြိုင်နဲ့ ညီလို့ခေါ်တာ၊ မြိုင်ကအရင် မြိုင်ကြိုက်တာရွေးခွင့် ရှိတယ်ဟုတ်တယ်နော် ကိုကောင်း"

ညီလာကောင်းက ရယ်နေသည်။

"ဟုတ်ပါတယ်ဗျာ... ဟုတ်ပါတယ်၊ ညီကလဲကွာ မိန်းကလေးနဲ့ ပြိုင်မနေစမ်းပါနဲ့၊ အရောင်ကွဲပေမဲ့ ပစ္စည်းက အတူတူပဲဟာ၊ ယူလိုက်ပါနော် ညီက လိမ္မာတယ်"

ညီလာကောင်းက ဒီလိုပဲ။

ညီလေးကိုလဲ ချစ်သလို မြိုင့်ကိုလည်း ညီမလေးသဖွယ် အလိုလိုက်တတ်လေသည်။ ဘာဝယ်ပေးပေး၊ ဘယ်ကိစ္စဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ညီနဲ့မြိုင် တန်းတူ လူကြီးတွေကလည်း မောင်နှမသုံးယောက်အတွက်ဟုပဲဆိုကာ ဘယ်မိဘက ဘာပေးပေး သုံးယောက်အတွက် အမြဲဖြစ်သည်။

ဒါပေမဲ့ ညီလာကောင်းက ညီ့ထက် ငါးနှစ်နီးပါးကြီးသည်။

ညီက မြိုင့်ထက် သုံးလကြီး၏။

အသက် ငါးနှစ်ကွာပေမဲ့ ညီက အရပ်အမောင်းကောင်းတာ ငယ်ငယ်ကတည်းက ဖြစ်သည်။

ညီလာကောင်းနဲ့ ငါးနှစ်ကွာသည် ပြောလျှင် ဘယ်သူမှမယုံနိုင်၊ မြိုင့်ထက် သုံးလပဲ အသက်ကွာသည်။ ပြောလျှင်အံ့သြကြ၏။

မြိုင်လည်း အရပ်မြင့်သည်။ ဒါပေမဲ့ ပိန်သွယ်သွယ်မို့ လူလုံးက သေးနေသည်။

သုံးယောက်က အရွယ်တူတွေလို ဖြစ်လေသည်။





ထိုစဉ်မှာ ညီနဲ့မြိုင်က ခုနစ်တန်း၊ ညီလာကောင်းက တက္ကသိုလ်တက်နေပြီ ဖြစ်၏။

*

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟယ် ဟိုမှာ ကြည့်ပါဦး ကိုကောင်းနဲ့တွဲထွက်သွားတာ သူ့ရည်းစားလား မသိဘူး၊ ပိန်ကပ်ကပ်ရှည်မျောမျောနဲ့၊ ဘာကြီးလဲ ဟား... ဟား... ဟား"

မြိုင်က လက်ခုပ်လက်ဝါးတီး ရယ်သည်။

အသံတိုးတိုးမပြော

မြိုင်တို့က တစ်ဖက်သားကို ပြောဖို့ဆို အဲသလို အားမနာတတ်တာ...

"ဘယ်လိုဖြစ်နေတာလဲ ဟိုကကြားသွားရင် အားနာစရာ"

ညီက မျက်မှောင်လေးကုတ်၍ ဆရာကြီးလုပ်သည်။





မြိုင်က လက်ထဲက ဘုတ်တံနဲ့ သောက်လက်စအအေးပုလင်းကိုပါ ဖိုင်ဘာစားပွဲသေးသေးလေးပေါ် ဆောင့်အောင့်ဖိချလိုက်ကာ...

"ပြောတော့ ဘာဖြစ်လဲ မလှလို့ မလှဘူးပြောတာ၊ ဘယ်သူ့ကြောက်ရမှာလဲ"

"နင်ရော ဘယ်လောက်လှနေလို့လဲ"

"ဟဲ့ ငါ့ဟာငါ လှလှ မလှလှ ငါ့အကြောင်းပြောနေတာမဟုတ်ဘူးလေ၊ ငါလိုမိန်းမကလဲ ငါ ဘယ်နေရာရောက်ရောက် မီးမောင်းထိုးပြထားသလို ထင်းနေအောင် လှမှာသွားမှာ... ကိုယ်ကျန်ခဲ့တဲ့အလုပ် ဘယ်တော့မှ မလုပ်ဘူး မယုံရင်ကြည့်လိုက်"

"ကြည့်ဖို့မလိုပါဘူး... စိတ်ဝင်စားစရာလဲ မရှိဘူး၊ ငါပြောတာက နင် ငါ့အစ်ကိုနဲ့တွဲတဲ့ မိန်းကလေးကို မ[illegible] [illegible]ဖို့"



www.burmeseclassic.com

www.burmeseclassic.com



"စေဖန်တော့ ဘာဖြစ်လဲ...မလှလို့ မလှဘူးပြောတာ"

"မလှပေမဲ့ သူ ချစ်လို့နေမှာပေါ့၊ မေမေတို့တောင် ဖျာဖျာသလဲ ညွှဲခံနေတာ၊ တန်ဖိုးရှိလို့ဖြစ်မှာပဲ နင်သာ အဲဒီလို ယောကျ်ားလေးလိုက်သွားတဲ့အခါ နေရာပေးခံရအောင် တန်ဖိုးမြင့်ဖို့ ကြိုးစား"

"ဘာပြောတယ်"

မြိုင်က စားပွဲပေါ်က ရှိသမျှတွေကို လက်နှစ်ဖက်နဲ့ ခွဲဖွချပစ်ကာ ထရပ်လိုက်၏။

"တန်ဖိုးကတော့ အမြင့်ဆုံးပဲ ညီ၊ မြိုင်ဆိုတဲ့ မိန်းမဟာ အမြဲတမ်း နံ့ပါတ်တစ်ပဲ"

"ဟား... ဟား... ဟား"

ညီက ခေါင်းမော့ ရယ်ပစ်သည်။

"နံပတ်တစ်မကဘူး၊ နတ်သမီးလို့လဲ ထင်ခွင့်ရှိတာပဲ၊ ကိုယ့်ကိုယ်ကို ငါတော်လိုက်တာလို့ ပြောတာထက် သူ့





"ငါ့အစ်ကိုနဲ့တော့ လုံးဝမတန်ဘူး"

"ကိုယ့်ကိုယ်ကို သိပ် အထင်ကြီးမနေစမ်းပါနဲ့"

ထပ်ပြောရဦးမလား ညီ။

ငါက စိန်ခေါ်ရဲသေးတယ်၊ မြိုင်တစ်ယောက်တည်း မျက်နှာလေး မော့ရယ်မိလျက်...

*

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို မြိုင်လား... ကိုယ်ပါကွ၊ ဘာလုပ်နေလဲ"

"ဩော်... ကိုကောင်း မြိုင် ခုမှ အိပ်ရာကနိုးတာ"

"ထင်သားပဲ"

ညီလာကောင်းက ဖုန်းကို တယုတယ ဆုပ်ကိုင်၍ ရယ်နေသည်။ မနက်ခင်း ထရိန်နင်လုပ်လေ့ရှိသည့် ညီက အိမ်ပေါ်ပြေးတက်လာတော့ ညီလာကောင်းမျက်နှာ ပြုံးချို နေတာကို ချက်ချင်း သတိပြုမိသွားသည်။

တံခါးဝမှာပဲ ကျောခိုင်းထိုင်လိုက်ပြီး ဖိနပ်ချွတ်နေ လိုက်ပေမဲ့ နားက အလိုလိုစွင့်မိလျက်သား...

"ကိုကောင်း ကိစ္စရှိလို့လားဟင်"

"ထွေထွေထူးထူး မရှိပါဘူး၊ ညက ကိုယ့်အိပ်မက်





ထဲမှာ မြိုင်နဲ့တွေ့ပြီး စကားတွေပြောနေတာ အများကြီးပဲ၊ အဲဒါ အိပ်ရာနိုးတော့ သတိရတာနဲ့ ကောက်ဆက်လိုက်တာ ဘာတွေမက်နေလဲ မြိုင့်ကို ပြောပြချင်လို့"

ဟိုက ဘာပြောတယ် မသိ။

ညီလာကောင်း သွားကြီးတဖြဲဖြဲနှင့် ဖုန်းကိုပဲ ကိုက်ဝါး ပစ်တော့မလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာကို လည်ပင်းလိမ်ကြည့်လိုက်မိပြီး ညီနှုတ်ခမ်းမဲ့သည်။

နောက်ထပ် ငါးမိနစ်လောက်သာဆိုလျှင် အဲဒီသွား တွေကို ချွတ်ပြီး ရေခဲရေဆိုင်မှာ ဖောက်သည်သွားပေးလို့ ရနိုင်သည်။ ကိုကိုတို့ ငြိမ်ကုပ်နေခဲ့သမျှ ခုကျမှ ပေါ်သည်။

မြစ်မမြင်ဖူး မှုးမြစ်ထင်ဆိုတာ...

"အိုကေ ဒါဆို ကိုယ်လာခေါ်မယ် နောက်တစ်နာရီ အတွင်း..."

ဖုန်းကို ချက်ချင်းမချသေးဘဲ ရုပ်လျက် စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ နှုတ်ခမ်းနဲ့ ပြွတ်ခနဲ နမ်းသည်။

"ဟော ညီ ပြန်ရောက်နေပြီလား၊ နောက်ကျလိုက်တာ ကိုကိုတောင် တော်ကြာ အလုပ်သွားတော့မှာ"

"အလုပ်သွားမှာလား မိန်းမသွားပိုးမှာလား"

"ဟင်... ဩော်"

ညီလာကောင်းက အံ့ဩသလိုဖြစ်သွားပြီးမှ ရယ်လိုက်၏။

"ပိုးပန်းစရာ မလိုပါဘူး ညီရာ၊ မြိုင်က ကိုကိုနဲ့လက်ထပ်တော့မယ့် မိန်းကလေးပဲဟာ၊ ဒါပေမဲ့ မှားတော့မမှားပါဘူး၊ ကိုကိုတို့က ခုမှ ပြန်ဆုံကြတာဆိုတော့ အဟင်း... အရင်ကလို ပြန်လည်နွေးထွေးလာဖို့ ကြိုးစားရဦးမှာ"

"အရင်လို နွေးထွေးဖို့ဆိုရင် မြိုင်က ကိုကို့ကို သူ့ရဲ့ခင်ပွန်းတစ်ယောက်လို ဘယ်သဘောထားမလဲ"

"ဟုတ်တယ်လေ ပထမအဆင့် ကိုယ်ဟာ သူ့အတွက်





မိဘပေးစားလို့ မဖြစ်မနေ လက်ထပ်ရတဲ့ သူစိမ်းယောကျ်ားမဟုတ်ဘူးဆိုပါတော့၊ ဒုတိယအဆင့်ကျမှ ကိုယ့်ကို မြတ်နိုးတွယ်တာလာဖို့ ကြိုးစားရမယ်၊ သံယောဇဉ်တွေ ရှိခဲ့ကြတာပဲညီရာ သိပ်အလှမ်းမဝေးပါဘူး"

ညီက မကြည်မလင်နဲ့ ဆိုဖာမှာ အိခနဲ ပစ်ထိုင်လိုက်သည်။

"ဩော်... ညီ ဆန်းဒေးမှာ စေ့စပ်ကြမှာ၊ အဲဒီပွဲမှာတော့ မင်းမပါလို့ မရဘူးနော်၊ အန်တီမာလာတို့ကို အားနာဖို့ကောင်းတယ်၊ ပြီးတော့ ကိုကိုတို့မှာ ညီအစ်ကိုနှစ်ယောက်တည်းရှိတာ မင်းရှိမှ ဖြစ်မယ်"

"ဘာဆိုင်လဲ ကိုကိုရာ ကိုကိုမိန်းမယူမှာ ညီကယူရမှာမှ မဟုတ်တာ၊ ကိုကိုစေ့စပ်မှာ ကိုကိုရှိနေရင် ပြီးတာပဲ၊ အဲဒီကောင်မလေးကို ညီ လုံးဝ ကြည့်မရဘူး၊ မျက်နှာချင်းကို မဆိုင်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ပါဘူး ညီရာ"

ညီလာကောင်းက ညီ့နားမှာ ဝင်ထိုင်၍ ပခုံးကို သိုင်းဖက်ထားလိုက်၏။

"မင်း ကလေးမဟုတ်တော့ဘူး ညီ၊ ငယ်ငယ်ကလို မြိုင်နဲ့ပြိုင်ပြီး ဗိုလ်မလုနဲ့တော့၊ ယောကျ်ားဆိုတာ မိန်းမနဲ့ ဘယ်နေရာမှာမှ ဆင်ဆင်တူမနေသင့်ဘူး၊ မိန်းမလို ရန်ဖြစ်တာလဲ ရှက်စရာကောင်းတာပဲ၊ နောက်ပြီးတော့ မြိုင်က ကိုကို့ဇနီးဖြစ်လာရင် မင်းရဲ့ မရီးဖြစ်သွားပြီ၊ အစ်ကိုနဲ့ ပတ်သက်ပြီး အစ်မ မတော်ချင်လို့ မရတော့ဘူး"

"ဘာလဲ... ဘာအစ်မလဲ"

ညီ့မျက်နှာ နီရဲသွားကာ ညီလာကောင်းလက်ကို ဖယ်ချ၊ ဒေါ့ကိုလည်း ခေါင့်ခနဲ ရွှေ့ထိုင်ပစ်လိုက်ကာ—

"သူ့ဟာသူ မိဖုရားပဲ ဖြစ်ဖြစ်၊ ဘုရား မထူးနိုင်ဘူး မြိုင်ဆိုတဲ့ မိန်းမရှေ့မှာ ညီ ဘယ်တော့မှ မျက်လွှာချ ခေါင်း





ငုံ့မသွားဘူးကိုကို၊ ယောကျ်ားလေးမှာလဲ ဒေါသရှိတာပဲ၊ သူတို့လို ပလီစိချောက်ချက် မပြောတတ်ပေမဲ့ ဒေါသဖြစ်ရင် အော်မှာပဲ၊ ပြောမှာပဲ၊ သူမ မီးနီပြနေရင် ကိုယ်လဲ မီးနီပြမှာပဲ၊ ညီနဲ့ မသင့်မြတ်တဲ့ ကစားဖော်ကိုမှ ကိုကိုက လက်ထပ်ချင်တာ ကိုယ့်သမိုင်းနဲ့ကိုယ်"

ညီ ဒေါသတကြီး ထဖြစ်သွားတာကို ညီလာကောင်းက နားလည်သလို ကြည့်နေပြီးမှ ပင့်သက်ရှိုက်လေသည်။

ညီက လက်သီးဆုပ်မပြေ။

မင်းရဲ့မရီး၊ မင်းရဲ့အစ်မဆိုတဲ့ အသုန်းအနှုန်းက နှလုံးသားကို မီးညှနဲ့ရဲရဲပေါ်က ဖြတ်ဆွဲသွားတဲ့အတိုင်း ပူပြင်းလောင်မြိုက်သွားခဲ့၏။

မြိုင့်ကို သူ ပြောခဲ့တဲ့စကား

မြိုင့်ရဲ့ ခံပြင်းသွားတဲ့ မျက်လုံးများ...

အတိတ်ဆိုပေမဲ့ ဟိုးအဝေးကြီးမှာ ကျန်ခဲ့သေးတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

သူပြောခဲ့တာကို သူတောင်မှ သတိရခဲ့သေးတာ အငြိုး
ကြီး တုံ့ပြန်တတ်သည့်မြိုင်က မေ့ခဲ့ပါမလား။

ဒီ စေ့စပ်ပွဲဟာ သူမ ဖန်တီးလုပ်ယူလိုက်သည်လား။
မိဘတွေ စီစဉ်လိုက်လို့ သူမ အကွက်ဆိုက်သွားတာ
လား ဒါကို ညီ မသိပေ။

ညီသိတာက မြိုင် ကျေနပ်နေလိမ့်မည်။

ကိုကို့ကို လက်ထပ်ရန် မဟုတ်ဘဲ သူ့ကို တုံ့ပြန်နိုင်
ခဲ့၍ဖြစ်မည်။ ပြီးတော့ ချောမောရည်မွန်သော ပညာစည်
စိမ်၊ စာရိတ္တ ဘာမှပြောစရာမရှိသော ကိုကို့ကို လက်ထပ်
ဟာလည်း သူ့အပေါ် တုံ့ပြန်လို၍ ခေါင်းညိတ်ခဲ့သည်ရှိ
တော့ သူမအတွက် များစွာ နစ်နာသွားခြင်းကို ဖြစ်စေမည်
မဟုတ်ပေ။

သူ့မှာသာ နစ်ခါရှုံးရသည်။





သူမရဲ့ အဆီပ်လူးမြားကို လာနေမှန်း သိသိကြီးနှင့်
ရင်ကိုဖွင့်လျက် ပြုံးကြောင်ငေးကြောင် ကြည့်နေခဲ့ရသည်။

နောင် တစ်သက်လုံး မတော်ချင်လို့မရ။ တော်နေရ
တော့မည့် မရီးဆိုတာကြီးက အစ်မဖြစ်နေပြန်သေးသည်။

ပိုဆိုသည်က သူမရဲ့ မာယာများနဲ့ အလှမှာ ကိုကို
ဟာ အလူးအလဲ အရူးအမူး...

စုံရိပ်မြိုင် အရှုံးအနိုင်ဆိုတာလဲ အနီစွပဲဆိုတာ မင်း
သိစေရမယ်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ သားငယ်"

"ကျွန်တော် အပြင်သွားတော့မလို့ မေမေ"

"သားရယ်... ဒီမှာ"

"တော်ပြီပေါ့ မေမေရာ... ကျွန်တော် ဒီလောက်
နေပေးနေတာပဲ၊ ကိုကိုစေ့စပ်တာ တကယ်ဆို ကျွန်တော်
ဘာမှဆိုင်တာ မဟုတ်ဘဲနဲ့"

"အို... အဲ့ဒါ သားရဲ့ကိုကိုလေ"

"အဲဒါကြောင့် ဒီနေ့ ချိန်းထားတဲ့နေရာကို မသွား
စေ့စပ်ပွဲမှာ နေပေးတာပေါ့"

မြိုင်နဲ့သားငယ် မချိမရီ စောင်းမြောင်းနေကြတာ





ဒါနုနုစံလည်း သိသည်မို့ ဘာမှမပြောသာ။

ဒီကလေးတွေလည်း ခက်ပါရဲ့။

ညီကတော့ ဆိုင်ကယ်တစ်စီးနဲ့ ထွက်သွားလေပြီ...

"ညီ ထွက်သွားပြီလား မေမေ"

ယောပုဆိုးနဲ့ တိုက်ပုံနဲ့ ညီလာကောင်းက အနား
ရောက်လာ၏။

"သွားပြီ သားရေ၊ သားငယ်ကိုထည့်တွက်မနေပါနဲ့
ငယ်၊ သူနဲ့ မြိုင်က ဟိုတုန်းကလိုပဲ ဘာမှကို မပြောင်းလဲဘူး"

"ဟိုတုန်းက မသင့်မြတ်ပေမဲ့ အတူသွား၊ အတူကစား
ကြတာပဲ မေမေ၊ ညီ ဒီလောက်ထိ ဆိုးဖို့မကောင်းဘူး၊
ဘာ မိန်းကလေးပဲ သူကစပြီး ကျေအေးရင် အားလုံး
ချမ်းသွားမှာပါ"

ဟုတ်တော့ ဟုတ်သည်။

ဒါပေမဲ့ သားငယ် ဘယ်တော့မှ စပြီး ကျေအေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာမေးလုတ်ဘူး ဆိုတာလည်း ဒေါ်နုနုစံ သိသည်။

ဒီကိစ္စ သူတို့ထင်သလို ပေါ့ပေါ့တန်တန်လေးနဲ့ ပြီးသွားမလား။

*



"ဆိုင်ကယ်တစ်စီးနဲ့ ဘယ်ကို လိမ့်မလို့လဲ ညီ"

"မင်းဆီကို လာတာ"

ညီက ဆိုင်ကယ်ပေါ်ကဆင်း၍ ဒေါက်ထောက်ရင်း

"ဘယ်သူရှိလဲ"

"မမနိုင်နဲ့ တာဟီ ရှိတယ်၊ ဘာလဲ မိတ်ဆက်ပေးရမလား"

ညီက တာရာ့လက်မောင်းကို လက်သီးနဲ့ ထိုးပစ်လိုက်ပြီး အနားမှာ ထိုင်လိုက်၏။

"စိတ်ညစ်တယ်ကွာ တစ်နေရာရာ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ဒီနေ့ မင်းအစ်ကို စေ့စပ်တယ်ဆို"

"ဟုတ်တယ်၊ အဲဒါကြောင့် စိတ်ညစ်တာ"

"ဘာဖြစ်လို့လဲ"

"ဟင်း မင်းမသိပါဘူးကွာ"

တာရာက သူ့မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်စဉ်

"ဘာလဲ မင်းအစ်ကိုက မင်းရည်းစားကို လုသွားလို့လား"

"ဟာ...အစုတ်ပလုတ် ခွေးကောင်၊ ငါ ဆွဲထိုးမိတော့မယ်"

"သိဘူးလေကွာ မင်းက ရည်းစားများတော့ မင်းမိဘက ဘုမသိ ဘမသိနဲ့ မင်းရည်းစား တစ်ယောက်ယောက်ကိုများ မင်းအစ်ကိုနဲ့ စေ့စပ်ဖေးလိုက်သလားလို့"

"ငါ့ရည်းစားနဲ့ ငါ့အစ်ကို ညားသွားလဲ ဘာမှလွမ်းစရာမရှိဘူး၊ ရည်းစားဆိုတာ ဆီးပြားပဲ၊ လျှာပေါ်တင် အရ





သလိုမျိုး၊ မကြိုက်ရင် ထွေးထုတ်ပစ်လိုက်ရုံပေါ့၊ ခွေး စား ကျိုးထိုးထိုး၊ ကိုယ့်အကြောင်းမပါဘူး"

"ဒါဆို မင်းက ဘာဖြစ်လာတာလဲ"

"တော်တော် မုန်းတီးစရာကောင်းတဲ့ မိန်းမနဲ့ ကိုကိုက စပ်တာ"

"ဟင်... ဘယ်လို"

တာရာ စိတ်ဝင်စားမှု ဒီဂရီတွေ မြင့်တက်သွားသည်။

"ဘယ်မိန်းမလဲ၊ မိန်းမတစ်ယောက်ကို မင်း မုန်းတီး တယ်ဆိုတာ ငါ တစ်ခါမှလဲ မကြားခဲ့မိပါလား"

"ဘယ်ကြားမလဲ ငါက ပါးစပ်ထဲကို ထည့်မပြောချင် င် ဖြစ်ခဲ့လို့ နာမည်တူတောင် မခေါ်ခဲ့ဖူးဘူး"

"အဲဒီလောက်တောင်ပဲလား ဒါဆို မင်းတို့ ရှေ့ကို ယ်လိုဆက်ကြမလဲ၊ မင်းကလဲကွာ မစေ့စပ်ခင်က မင်း ကိုကို မင်း ဖွင့်ပြောလိုက်ပြီးရော ရှေ့ရှည်သွားကြရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ၊ ဒါတွေ မင်းမသိပါဘူး၊ ပြောချင်စိတ်လဲ မရှိဘူး၊ လာ... ငါတို့ မေသူခိုင်တို့ရုံမှာ ခရစ်ကတ်သွားစားမယ်"

ညီ ဘယ်ကိုပဲ လျှောက်သွားနေနေ စေ့စပ်ပွဲကိုတော့ ခဏ ခဏ တွေးမိနေသည်။

အစိမ်းရင့်ရင့်ဝမ်းဆက်နှင့် ကျောက်စိမ်းတွေ ဆင်မြန်းထားသော မြို့ဝိသည် မျက်ခွံပြေပြေများမှာပါ အစိမ်းရောင်တွေ လိမ်းခြယ်ထားသလို သူမမျက်ဝန်းတို့မှာ စိမ်းလဲ့စူးရှနေသည်။

မထိတရိအပြုံး မရှိပေမဲ့ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းလေးအစုံက စေ့စပ်ပွဲကို ဝတ္တရားအရ တက်ရောက်လာသလိုမျိုး...

ကိုကိုဟာ သူမအလှမှာ မထိရက်၊ မကိုင်ရက် တယုတယကြီး ဖြစ်နေသလောက် သူမက ဘာကိုမှ အသိအမှတ်





ပြု ဂရုပြုပုံမျိုး မရှိ။

စေ့စပ်ပွဲဖြစ်မြောက်အောင်မြင်ကြောင်း လက်ခုပ်တီးကြပြီး စားစရာတွေကို စားသောက်ကြတော့ ကိတ်မုန့်တစ်ချက်ကို နှုတ်ခမ်းနှစ်လွှာကြားသို့ လွန်စွာ ဆွဲဆောင်မှုရှိသော ပို့ဆောင်ခြင်းမျိုးနှင့် လှုပ်ရှားကာ လှလှပပလေး ကိုင်ဖဲ့ရင်း သူမထံသို့ စူးခနဲ တစ်ချက်ကြည့်၏။

ထိုအချိန်မှာ သူမနှုတ်ခမ်းတို့က ပြုံးနေလေသည်။

ဘာမှမဟုတ်လောက်ဘဲ သူကိုက အငြိုးကြီးတာ...

တကယ်ဆို အရွယ်မရောက်တတ်စ ဟိုတုန်းက ပြောကြဆိုကြရှိခဲ့တာတွေကို မေ့လိုက်ပါလား။

ဒီ စေ့စပ်မှုဟာ ရိုးသားမှုရှိသည်ဟု သူ မထင်တော့ပေ။

ဒါပေမဲ့ နောက်လမှာ ဖိတ်စာတွေ ရိုက်တော့မည် ဟု လူကြီးတွေက တိုင်ပင်နေကြပြီ။

ငြိုးတာပဲဖြစ်ဖြစ်၊ တိုက်ဆိုင်ခဲ့တဲ့ ရင်ဆိုင်မှုပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မြိုင် သူ့ကို အနိုင်ယူလိုက်တာကိုတော့ သေချာသည်။

ဒါဟာလောလောဆယ် နိုင်ဖို့အတွက်နဲ့ တစ်ဘဝလုံး ပြင်မရနိုင်တော့တဲ့ နယ်ကျွံမှုဆိုတာကော သိရဲ့လား...

"ဟား... ဟား... ဟား"

ညီက ရယ်၍ ဆိုင်ကယ်ကို အရှိန်ထပ်မြှင့်လိုက်သည်။

"သောက်ခွေး"

တာရာ အမှတ်မထင်မို့ လန့်သွားကာ သူ့ပခုံးကို ဆုပ်ကိုင်လိုက်ပြီး

"ခွေးဝဲစား"

ဟု ကျိန်ဆဲလေသည်။

*





"မင်း ဆက်ပြေးဦးမလား ညီ"

"မပြေးချင်တော့ဘူး"

ညီက ပြေးနေရင်း ရပ်ပစ်လိုက်သည်။

တာရာက လက်က နာရီကို မြှောက်ကြည့်ကာ

"ခုမှ ငါးနာရီခွဲပဲ ရှိသေးတာကွ"

"ရှိရှိကွာ လူသစ်တွေပါတော့ပြေးရတာ မတွင်ဘူး၊ မင်း ပြေးချင်ပြေး ငါ ဒီမှာနေခဲ့မယ်"

"အေးကွာ သူတို့က ငါတို့ခြံကို ဖွားထားတဲ့လူတွေ ဆိုတော့ နယ်မြေမကျွမ်းလို့ လိုက်ပါရစေဆိုတာကို ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့ မကောင်းတာနဲ့ ခေါ်ခဲ့ရတာ”

“မင်းကောင်တွေ ကြည့်ရတာ နယ်မကျွမ်းကျင်ဘူး ဆိုပေမဲ့ လူလည်တွေပါကွာ့”

“ဟုတ်တယ်၊ သိသားပဲ၊ ဒါကြောင့် လူလည်ပေမဲ့ မြို့ကို အလည်လိုနေမှာပေါ့ကွ”

သူတို့ ပြေးနေတုန်းပဲ နောက်ကပြေးလာသည့် လူရွယ်နှစ်ယောက် သူတို့နား ရောက်လာသည်။

နှစ်ယောက်လုံး တုတ်တုတ်ခိုင်ခိုင်၊ အရပ်မြင့်မြင့်နှင့် ရုပ်ရည်တွေကလည်း သားနားကြသည်။

ဘယ်လိုလူစားတွေမှန်း မသိပေမဲ့ တိုက်ကြီးတစ်တိုက်လုံးကို ခေါ်လာနဲ့ ငှားရမ်းနေထိုင်ကြသူတွေမို့ ခပ်ညံ့ညံ့ထဲက မဖြစ်နိုင်။

“ငါ့ညီတို့က တကယ်ပြေးနိုင်တာပဲ၊ ကိုယ်တို့တော့ ဟောဟဲ ဖြစ်ကုန်ပြီ၊ ခဏနားကြရအောင်၊ ဒီနားမှာ စား





သောက်ဆိုင်တစ်ခုခု ရှိမလား”

“ရှိပါတယ် ဒါပေမဲ့ ကျွန်တော်တို့က ထရိန်နင်မှာ အစားမစားရဘူး အစ်ကိုရ၊ အစ်ကိုတို့စားမယ်ဆိုရင်...”

“ဪ... ဪ ဒီလိုဆို နေပါစေ၊ ခဏနားပြီး ဆက်ပြေးကြတာပေါ့”

ထိုစဉ် ရှေ့ဆင့်နောက်ဆင့် ဖြတ်သန်းလာသော ကားနှစ်စီး၏ မီးရောင်ကြောင်း

“ဟား ...တကယ့်နတ်သမီးပဲ၊ ကျွဲ့ ဟိုမှာကြည့်စမ်း”

လူသစ်တစ်ယောက်ဆီက အသံထွက်လာသည်။

သူတို့ကြည့်တော့ ရုတ်တရက် ဘာမှမဖြစ်။

အရုဏ်တက်နေပေမဲ့ အလင်းရောင်က မလာသေးပေ။

ဟိုဒီကြည့်မိဆဲမှာ နောက်ကားတစ်စီးလာတော့မှမီးရောင်နှင့် သူတို့နဲ့ တည့်တည့်ဆီ ပြေးလာနေသည့် အနီရဲရဲ အရိပ်ကလေးတစ်စုံကို မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် အေးစင်းတွေပါသော ဘောင်းဘီရှည်အနီး အင်္ကျီလက်ရှည် အနီရဲရဲနှင့် ခပ်တိုတိုဆံပင်လေးတွေကို နောက်က ခပ်မြင့်မြင့်မှာ စုစည်းထား၏။

ကားမီးရောင်အောက်မှာ အင်္ကျီဘောင်းဘီများမှ အေးစင်းတို့နှင့် ခေါင်းစည်းပဝါအဖြူရောင်က ထင်းနေသလို မြင့်ထွားလှပသော ကိုယ်ဟန်က ဝင်းအိနေသည့် မျက်နှာလေးနှင့် ထင်ထင်ရှားရှားကြီး ပေါ်လွင်နေလေသည်။

ညီ အုတ်တိုင်ကို မှီနေရာမှ ဆတ်ခနဲ ဖြစ်သွားသည်။

စုံရိပ်မြိုင်...

အဖော်မပါ၊ အချိန်မတော်ကြီးမှာ ပုရိသတို့ သွားရည်ယိုစရာ...

"ကောင်မလေးက တကယ့် အမိစားလေးကွာ ဂျော့ ငေါ လိုက်မယ်"

"ဟာ... မင်းကလဲ ကိုယ့်နယ်မဟုတ်ဘဲနဲ့"





ဂျော့ဆိုသူက ညီတို့ကို ခွင့်တောင်းသလို လှည့်ကြည့်၍ စိတ်မပါသံနှင့် တားသည်။

"ဘာဖြစ်လဲကွ ကိုယ့်နယ် မဟုတ်ပေမဲ့ ဒီအချိန်က ကိုယ့်အချိန်ပဲ၊ တစ်ယောက်တည်းလောက်တော့ ငေါ နိုင်ပါတယ်"

"ဟုတ် မင်းဇို"

ဂျော့က လှမ်းတားပေမဲ့ မင်းဇိုဆိုသူက အနားနီးလာသည့် မြိုင့်ဆီ ပြေးထွက်သွားပြီ ဖြစ်၏။

"ဟာ... သွားပြီကွ ညီ"

တာရာလည်း လန့်သွားသည်။

ကားတွေက အသွားအပြန် ရှုပ်လာကာ သူတို့ပတ်ဝန်းကျင်မှာ လင်းထိန်နေလေသည်။

ညီ ဘာလုပ်ရမှန်း ရုတ်တရက် မသိ။

မင်းဇိုးက ရိုးရိုးသားသား ချစ်ရေးဆိုဖို့သွားလာတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်...

ဒီနေရာမှာ မြိုင်မဟုတ်ဘဲ ဘယ်မိန်းကလေးပဲဖြစ်ဖြစ် မဖွယ်မရာသောကိစ္စကို တားဆီးရမှာ ဖြစ်ပေမဲ့ မြိုင့်ကိုမြင်နေရသဖြင့် သူ့ခြေလှမ်းတွေ တွန့်ဆုတ်နေသည်။

တားဆီးဖို့က တွေဝေသွား၏။

"အို...ဒါ ဘာလုပ်တာလဲ ဖယ်ပေးနော်"

"ညလေးကလဲကွာ ပြေးနေရတာ မောလာတယ် မဟုတ်လား"

"ရှင်...လူကို ဘာမှတ်နေသလဲ"

"ဟုတ်...ဟိတ် ဘာလုပ်တာလဲကွ"

ညီလာကောင်း ပြေးလွှားရောက်လာသည်။

ချောကလည်း သူ့လူကိုကူဖို့ ပြေးသွား၏။

အစ်ကိုဖြစ်သူကိုမြင်မှ ညီ တားဆီးဖို့ကို သတိရသွားသည်။





"ဟီးရီး မလုပ်နဲ့ကိုယ့်လူ ကိုယ့်လမ်းကိုယ်သွား"

"ဘာလို့သွားရမှာလဲ ဒါ ငါနဲ့လက်ထပ်မယ့် မိန်းကလေး"

"ဟာကွာ...ကိ"

ရွှေတိုးဖို့ မြှောက်တက်လာသည့် လက်သီးကို နောက်ကနေ ညီက ဖမ်းကိုင်ထားလိုက်၏။

"မင်း ဘာလုပ်တာလဲ"

"ဟင်...ညီ"

ညီက ညီလာကောင်းကို စကားမပြောသေး၊ ချောကို ခပ်စူးစူးကြည့်ကာ လက်သီးကို ပုတ်ချပစ်လိုက်၏။

"အဲ့ဒါ ကျွန်တော့်အစ်ကို၊ ခင်ဗျား နောက်ဆုတ်မလား ရွှေတိုးမလား"

"ဟုတ်တယ် အဲ့ဒါ သူ့အစ်ကို"

အခြေအနေက ရှုပ်ထွေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော့တို့ တာရာတို့ ဝင်ပြောတော့မှ မျက်နှာတွေကို လွှော့ချလိုက်ကာ လက်သီးကို ပြန်ဖြေ၏။

"ဟုတ်လား ဆောရီးကွာ မှားသွားတော့မလို့"

မကျော့မနပ် တောင်းပန်သံနှင့်အတူ လှည့်ထွက်သွားကြလေသည်။ ထိုစဉ် ပတ်ဝန်းကျင်က ရုတ်တရက် မှောင်ကျသွားပြီးမှ ဝင်းခနဲ ပြန်လင်းလာ၏။

လမ်းဘေးမှာမို့ ကားမီးရောင်တွေက မစဲ။

မီးရောင်အလက်မှာ မြိုင့်မျက်လုံးအစုံ ကျောက်ပွင့်တွေလို လက်နေ၏။

"ညီက ဘယ်လိုဖြစ်ပြီး ဒီလိုဟာတွေနဲ့ အပေါင်းအသင်းဖြစ်နေတာလဲ"

"သူလဲ ဒီလိုဟာမို့လို့ပေါ့၊ သူတို့တမင်စောင့်ပြီး မြိုင့်ကိုနှောင့်ယှက်ကြတာ၊ မြိုင့်ကို အငြိုးနဲ့ သူတမင်လုပ်တာ၊ အဲဒါ သူနိုင်တာ မြိုင်သိတယ်"





"နင် နင် မသိဘဲနဲ့ လျှောက်ပြောမနေနဲ့နော် ငါသည်းခံမှာ မဟုတ်ဘူး"

"သည်းမခံတော့ နင်ကဘာလုပ်ချင်လဲ"

"နေကြပါဦး"

ညီလာကောင်းက နှစ်ယောက်ကြားမှာ လက်နှစ်ဖက်ဆန့်တန်းထား၍ တားဆီးသည်။

"ကိုကောင်း မသိပါဘူး တမင်လုပ်ခိုင်းတာ၊ ကိုကောင်းရောက်လာမှ မကောင်းတတ်လို့ ထွက်လာတယ်၊ အစောကြီးကတည်းက သူရပ်ကြည့်နေတာ မြိုင်မြင်တယ်"

"မြိုင် နင့်ကို ငါ မဟုတ်ဘူးလို့ပြောနေတယ်နော်၊ ငါ ထိုးမိတော့မယ် သိလား"

"ထိုးကြည့်ပါလား၊ ထိကြည့်စမ်း"

"မြိုင်တော်ပြီ၊ လာလာ သွားစို့ ညီ...ညီလဲ ပြန်လာတော့၊ ဒီလိုကောင်မျိုးတွေနဲ့ ဆက်မတွဲနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ညီ မျက်လုံးကြီးပြူး၍ အံကြိတ်ကျန်ခဲ့သည်။

တာရာ ဘာမှ နားမလည်နိုင်တော့ပေ။

တစ်ခုတော့ သူ တွေးမိလိုက်သည်။

ညီ သိပ်မုန်းတဲ့ မိန်းမဆိုတာ မြိုင်ဆိုတဲ့ မိန်းမလှလေး လား...

*



"မင်း အဲသလောက်ထိ ပျက်စီးလားသား... ဟင် အယော်မို့ အလိုလိုက်ထားတာ၊ ဒီလို သရုပ်ပျက်အရိုင်းအစိုင်းတွေနဲ့ ပေါင်းသင်းဖို့ မဟုတ်ဘူးကွ"

"ကျွန်တော့်အပေါင်းအသင်း မဟုတ်ပါဘူး ဖေဖေ၊ ပြီးတော့ သရုပ်ပျက်ကလေကချေတွေ မဟုတ်ပါဘူး"

"ကလေကချေ ဟုတ်တာမဟုတ်တာကို မင်း ဘာနဲ့တိုင်းတာပြီး ပြောမလဲ တိုက်ထဲကထွက်လာတာ၊ ကိုယ်ပိုင်ကားစီးလာတာ ဒါကိုလား"

ညီ ဘာမှမပြောဘဲ မျက်နှာလွှဲထိုင်နေလိုက်သည်။

မေမေကတော့ စိတ်မသက်သာသလို ကြည့်နေလျက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြော

"အပေါင်းအသင်းဆိုတာကတော့ လူငယ်ဆိုတော့ လူပေါင်းစုံ ခင်ခင်မင်မင်နေကြတာ မဆန်းပါဘူး ဖေဖေ၊ ဒါပေမဲ့ အခုကိစ္စက အဆင်ဆိုးတယ်၊ တစ်ဖက်က မိန်းကလေးဟာ မြိုင်မှန်းသိရက်နဲ့ ညီ ဝင်မတားဘဲ ကြည့်နေခဲ့တာ"

"မဟုတ်ဘူးသားကြီး မြိုင် ဟုတ်ဟုတ် မဟုတ်ဟုတ် ဒါမျိုးကို အားပေးအားမြှောက် ကြည့်နေဖို့ကို မလိုဘူး၊ နေပါဦးကွ မင်းတို့က မျှဝေမျှစားတွေလား၊ ဒီလိုတွေ စုပေါင်း လုပ်နေကျလား"

"ကျွန်တော် မဟုတ်ဘူးလို့ ပြောနေတာပဲ ဖေဖေ"

ညီ လွှတ်ခနဲ ဒေါသဖြစ်မိကာ အသံကျယ်သွားသဖြင့် ဦးညီညီမင်း ဝုန်းခနဲ ထရပ်လိုက်၍

"မင်းကလား...ငါ့ကို"





"ဖေဖေ မလုပ်နဲ့"

"ခွပ်"

ညီ့အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲကာ ထိုးချပစ်လိုက်လေသည်။ ညီ ဆိုဖာပေါ် ပက်ခနဲ လန်ကျသွား၏။

"သား...သားလေး၊ အဖေ ရှင်...ရှင် ကလေးကို ဘယ်လိုလုပ်လိုက်တာလဲ"

ဒေါ်နုနုစံက သားကို ပြေးပွေ့သည်။

"ထိုးချလိုက်တာလေ၊ မင့်သား မိုက်ရိုင်းတော်လာတာ ဖအေကိုတောင် ပြန်ပြီး အော်လားဟစ်လားနဲ့ မကြားဘူးလား"

"တော်ပါတော့ ဖေဖေရာ၊ ဒီလောက်ထိ မလိုပါဘူး၊ ညီ ဒီလိုပဲ မချေမငံ ပြောတတ်တာ သိရက်သားနဲ့"

"မင်း ဖယ်စမ်းကွာ၊ ဒီကောင့်ကို ငါ ဆုံးမချင်နေတာကြာပြီ၊ အလိုလိုက်တာကို အခွင့်အရေးယူချင်တဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဖေဖေရာ၊ ညီ ဘယ်တုန်းက ဒီလို ပြောရဆိုရဖူးလို့လဲ၊ အေးအေးဆေးဆေးပြောလို့ ရတာပဲဟာ ထိုင်ပါ ဖေဖေရဲ့"

ပါးစပ်ထဲမှာ ငံကျိကျိဖြစ်လာသည့် သွေးတို့ကို ထွေးခံထဲ ထွေးချကာ နှုတ်ခမ်းထောင့်က သွေးစကို သုတ်ပစ်လိုက်၏။

ညီ မျက်မှောင်ကုပ်ထားတာကိုပဲဦးညီညီမင်း စိတ်ဆိုးမပြေနိုင်။

"ပြောပါဦး သားရယ်၊ အဲဒီကောင်လေးတွေက ဘယ်ကလဲ၊ သားသူငယ်ချင်းတွေလား"

ညီမဖြေချင်တော့ပေ။

မြို့ကို ဆွဲလွဲနေတာ မြင်ရက်နဲ့ သူ မတားခဲ့မိတာကို ကိုယ့်ကိုယ်တိုင်ပင် နားမလည်။

ဒီအတွက် သူ မရှင်းတတ်သည်မို့ ဘာကိုမှလည်း





ပြောပြချင်စိတ် မရှိ။

"ပြောလေသား သားသူငယ်ချင်းမဟုတ်ဘူးဆိုရင် သူတို့က သားနဲ့ ဘယ်လိုသိနေကြတာလဲ၊ သား ဖေဖေ ကျေနပ်အောင် ရှင်းပြလိုက်လေ"

ဦးညီညီမင်း စူးစိုက်ကြည့်ရင်း ဒေါသခြောင်းခြောင်း ထွက်လာသည်။

"ကြည့်စမ်း သူက မိဘကို မလေးမစားနဲ့ ရေငုံနှုတ်ပိတ်လို့"

"ဟာ... ဖေဖေ"

"အဖေကြီးနော် လွန်တယ်၊ သားကြီး ဖေဖေ့ကို ခေါ်သွားကွယ်"

ဒေါ်နုနုစံက သားငယ်ရှေ့က ကာရပ်ရင်း သားကြီးကိုလည်း အကူအညီ တောင်းရသည်။

ညီလာကောင်း ဖအေကို တောင်းပန်ရှင်းပြပြီး တွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှ ညီ့ဘက်ကိုလှည့်၍

"ခက်တော့တာပဲ သားငယ်ရယ်၊ ကဲ...မေမေ့ကိုတော့ ပြောပြစမ်းပါသား၊ ဘာဖြစ်လို့ ဒီလိုတွေ ဖြစ်လာတာလဲ၊ မြိုင့်ကို ဒီလောက်ထိပဲ အငြိုးထားရသလား သားရယ်၊ သူက သားအစ်ကိုနဲ့ လက်ထပ်ရင် သားအစ်မ ဖြစ်လာတော့မှာ"

လာပြန်ပြီ ဒီစကား

ညီ တင်းခနဲ အံကြိတ်ပစ်သည်။

အမြဲတမ်း သူ့ရှေ့မှာ ပြေးနေတဲ့မြိုင်

မနက်ကကိစ္စကိုလည်း သူပြန်မရောက်ခင်မှာပဲ သူမကိုယ်တိုင် တိုင်သွားသည်ဟု မေမေက ပြောပြသည်။

သာသာထိုးထိုးလေး ပြောသွားမည်ကိုလည်း သူသိသည်။

ဒီလို ဒီအဖြစ်တွေ ရှိလာအောင် မိသားစုထဲ ဝင်မွှေ





ဖို့ သူမ ကြိုးစားနေတာ...

"သားရယ် သားတို့ ကလေးတွေမှ မဟုတ်တော့တာ"

"ကျွန်တော့်ကို ဘာမှ လာမပြောပါနဲ့ မေမေ၊ သူနဲ့ ကျွန်တော် ဘယ်တော့မှ သင့်မြတ်မှာ မဟုတ်ပေမဲ့ အငြိုးအရေးနဲ့ ကလဲ့စားချေဖို့ ကြံစည်တဲ့အထိ ကျွန်တော် ယုတ်မာဘူး"

"မေမေက ယုံပါတယ် သားရယ်၊ သား ထမင်လုပ်တာ မဟုတ်မှန်း သိပါတယ်၊ ဒါပေမဲ့ သားက မြင်ရက်သားနဲ့ ကျူညီဘဲ ကြည့်နေခဲ့တာကို မြိုင်ကတိုင်တာ၊ သားဖေဖေ ကလဲ ဒါကိုပဲ ဆူတာ၊ ခုချိန်မှာ သူနဲ့သားကိုကိုက စေ့စပ်ထားတာ၊ မပေါ်ချင်ပေမဲ့ မတော်ချင်လို့ မရတော့ဘူး၊ မြိုင်နဲ့သားကို ပြေလည်စေချင်တယ်"

"သူနဲ့ကျွန်တော် ပြည်လည်ဖို့မလိုဘူး မေမေ၊ ပြေလည်ချင်တဲ့ဆန္ဒလဲ ကျွန်တော့်မှာ မရှိဘူး၊ ကိုကိုနဲ့ ပြေလည်ကြဖို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ မေမေ ကြိုးစားပါ၊ သူ့ရင်ထဲမှာ ရိုးသားမှု မရှိဘူး"

"သွားရယ် ..."

ဒေါ်နုနုစံ မပြောတတ်တော့ပြီ

အထိုးခံရသည့် ညီနှုတ်ခမ်းလေးကို တယုတယ ပွတ်သပ်ပေးရင်း ဘယ်လိုချော့မော့ ဖျောင်းဖျရမှန်းမသိ။

ဖအေထိုးတာ၊ ဆူတာကို တလွဲတွေထင်ပြီး အိမ်ပေါ်ကဆင်းသွားမှဖြင့် ဒီလိုမလုပ်ဖို့ တားဖို့ကျတော့လည်း ပြောမိခါမှ သတိပေးသလို ဖြစ်သွားရင် အခက်။

"ကျွန်တော် အပြင်သွားဦးမယ် မေမေ"

"ဟင် ...ဘယ်ကိုသွားမှာလဲ သားရယ်၊ ဖေဖေဆူတာကို စိတ်မဆိုးရဘူးနော်သား၊ မိဘဆိုတာ ဘယ်သားသမီးကိုမှ မုန်းလို့ဆူတာရိုက်တာ မရှိဘူး"

"ဖေဖေနဲ့ မဆိုင်ပါဘူး"

မပွင့်တပွင့်ပြော၍ ညီ ထွက်သွားသည်။

*





"ကောင်း လာခေါ်မှာဆို သမီး ရေချိုးတော့လေ"

မြိုင်က စားပွဲပေါ်မှ ပန်းအိုးလေးကို အလှဆုံးဖြစ်အောင် လက်စသတ်စိုက်လိုက်ပြီး ဆိုဖာပေါ်မှာ ထိုင်လိုက်သည်။

"မြိုင် မလိုက်ချင်ဘူးမေမေ၊ ကိုကောင်းက အကြောင်းတွေ အမျိုးမျိုးပြပြီး ခေါ်တာ၊ ပြီးတော့ ဟုတ်တလဲမဟုတ်ဘူး၊ မြိုင် ရင်ထဲကမပါတဲ့ စကားတွေ မပြောချင်ဘူး"

"ဘာဖြစ်လို့ ရင်ထဲက မပါရတာလဲ၊ သမီးလက်ခံနိုင်လို့ပဲ စေ့စပ်ပြီးခဲ့ပြီ၊ မိန်းကလေးဆိုတာ အိမ်ထောင်ပြုတဲ့အခါ ကိုယ်ချစ်တာထက် သူချစ်တာကို ရှာတာကပိုမှန်



www.burmeseclassic.com

www.burmeseclassic.com



တား ဒါမှ ကိုယ့်ကို အလိုလိုက်မယ်၊ ဂရုစိုက်မယ်၊ ကိုယ်လိုချင်တာ ဖြည့်ဆည်းပေးမယ်၊ ကောင်က သမီးကိုသိပ်ကိုမြတ်နိုးနေတဲ့ပုံပဲ၊ ပြီးတော့ သူစိမ်းတွေလဲ မဟုတ်ဘူး၊ သမီးကို နားလည်ခွင့်လွှတ်နိုင်ဆုံးလူ”

“နားလည်ခွင့်လွှတ်ဖို့လူ ရှာရအောင် မြိုင်က ဘာဖြစ်နေလို့လဲ မေမေရယ်၊ သူ့ထက် ချောတာ၊ ထောတာ၊ သာတာတွေ မြိုင့်မှာ တစ်ပုံကြီးပါ မိဘစီစဉ်တာပဲဆိုပြီး ခေါင်းညိတ်ခဲ့တာမှန်ပေမဲ့ တစ်ခါတလေ အချစ်ခံနေရတာကိုပဲ စိတ်ပျက်တယ် မေမေ နောက်ပြီး ဟိုကောင်ကတစ်မျိုး၊ သူနဲ့ ဟိုမှာတွေ့၊ ဒီမှာတွေ့၊ ရန်ဖြစ်ရ၊ စိတ်ညစ်ရ ဟိုနေ့က ကိစ္စကိုပဲကြည့်ဦး ဘယ်လောက်ဒေါသဖြစ်စရာ ကောင်းသလဲ ကိုကောင်းသာ ပါမသွားရင် မတွေးရဲစရာ”

ဒေါ်မာလာမြိုင် ခေါင်းတစ်ချက် ခါလိုက်ပြီး

“အဲဒီလောက်ထိ ဖြစ်လာရင်လဲ သူ ကြည့်မနေပါဘူး





သမီးရယ်၊ အဲဒါ မေမေယုံရယ်၊ ငယ်ငယ်ကတည်းက မသင့်မြတ်ကပေမဲ့ အရေးကြီးတော့ သွေးနီးတာပဲ၊ မသိစိတ်မှာ ခင်တွယ်နေခဲ့ကြတာတော့ ရှိတာပဲ”

“လုံးဝ မဖြစ်နိုင်တာ မေမေရယ်၊ မြိုင့်မှာလဲ သူနဲ့ ပတ်သက်လို့ သံယောဇဉ်မပြောနဲ့ အကောင်းမြင်စိတ်လေး ဆောင် မွေးကြည့်လို့မရဘူး၊ သူက ပိုဆိုးမှာပေါ့၊ မြိုင့်ကို သူ ဘယ်တော့မှ မနိုင်ခဲ့သမျှ ချက်ကောင်းကို အသေရိုက်ဖို့ ကျားချောင်း ချောင်းနေတာ”

“တီ…”

“ဟော…ကောင်းလာပြီထင်တယ်၊ ကဲ…ကဲ ရေသွားချိုး၊ မေမေစကားပြောနေလိုက်မယ်”

“ဟင့်အင်း… မေမေသွားပါ မြိုင် သူ့ကို မေးစရာရှိတယ်”

ညီလာကောင်းခေါ်တဲ့နောက်ကို မရိုက်ချင်ပဲညီမို့



www.burmeseclassic.com

www.burmeseclassic.com



မြိုင် ဉာဏ်များလိုက်မိသည်။

ညီလာကောင်းက မြင်နေကျအတိုင်း ရုပ်လက်ရှည်

ပွပွကို လည်ပင်းမှာ လက်ဖျားထိ ကြယ်သီးစုံအောင်

တပ်၍ ဘောင်းဘီရှည်နှင့် ဖြစ်သည်။

"ဟော့ ဘာမှလဲ မပြင်ဆင်ရသေးပါလား၊ ကိုယ်ဖုန်း

ဆက်တာ အန်တီမာလာ မပြောဘူးလား"

"ပြောသားပဲ..."

"မြိုင်က နဖူးပေါ် ဝဲကျနေသည့် ဆံပင်တွေကို သပ်

တင်လိုက်ပြီး တစ်ယောက်ထိုင် ဆိုဖာမှာ ရွှေ့ထိုင်လိုက်သည်။

ညီလာကောင်းက ဆိုဖာတစ်ဖက်စွန်မှာ ထိုင်လိုက်

ပြီမို့ အတော်လေး အလှမ်းကွာသွားလေသည်။

"သိသားပဲဆိုတော့ မြိုင်က ကိုယ်နဲ့ မလိုက်ဘူး

ပြောလိုက်တာလား"

"ဟုတ်တယ် ကိုကောင်း၊ သိပ် ထွေထွေထူးထူး





မရှိရင် မြိုင် မလိုက်တော့ဘူး။ ညက အိပ်ရေးပျက်သွားလို့

ခေါင်းတွေ အုံနေတယ်"

ညီလာကောင်း မြိုင့်မျက်နှာကို စူးစမ်းသလို ကြည့်

သည်။

"ဟုတ်ရဲ့လား မြိုင်၊ ညီနဲ့ ဟိုနေ့ကဖြစ်တဲ့ကိစ္စပြီး

ကတည်းက မြိုင် ကိုယ့်ကို ပိုစိမ်းသွားသလိုပဲ၊ အဲဒီအတွက်

ညီ့ကိုယ်စား ကိုယ် တောင်းပန်ပြီးပြီပဲ၊ မြိုင့်စိတ်ထဲမှာ

မကျေလည်နိုင်သေးဘူးလား"

"မကျေလည်တာကတော့ အမှန်ပဲ ကိုကောင်း၊ ဒါပေမဲ့

ကိုကောင်းနဲ့မှ မဆိုင်ဘဲ၊ မြိုင် နားလည်ပါတယ်"

"နားလည်ရင်လဲ အခု ခဏလိုက်ခဲ့ပါ မြိုင်ရယ်၊

ကိုယ်က မိတ်ဆွေနဲ့ ချိန်းထားပြီးပြီ၊ မြိုင်နဲ့ မိတ်ဆက်ပေး

မှာပါ ပြောထားတာ"

"အို...မဟုတ်တာ၊ ကိုကောင်းကလဲ၊ ဆက်မထပ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့ ကြေညာနေတာ မကောင်းပါဘူး၊ ကံဆိုတာ ပြောလို့ မရဘူး၊ မတော်တဆ လွဲသွားခဲ့ရင်...”

“ဘာတွေ ပြောနေတာလဲ မြိုင် ခုပဲ ဖိတ်စာကပ်ပြီး နေပြီ၊ လွဲမှာ ဖယ်မှာတွေ ပြောနေတာလဲ၊ မြိုင့်ကို ကိုယ့် သဘော ဆန္ဒနဲ့တော့ ဘယ်လိုမှ ဆုံးရှုံးမခံဘူး...”

ညီလာကောင်းက မြိုင်နဲ့နီးတဲ့ ဆိုဖာဒီဘက်စွန်းကို ပြောင်းထိုင်လိုက်ပြီး...

“မြိုင့်ပုံစံက အေးတိအေးစက်နဲ့ကွာ၊ သိပ်ကို ဝတ္တရားဆန်တာပဲ၊ ကိုယ့်ကို မချစ်နိုင်သေးရင်နေပါ နွေးနွေးထွေးထွေးတော့ တုံ့ပြန်ပါ၊ ကိုယ်ပြောတာ နားလည်လား မြိုင်”

ညီလာကောင်းက မြိုင့်လက်ကလေးတစ်ဖက်ကို ဆွဲယူ၏။

“အို...”

မြိုင်က ဆတ်ခနဲ ပြန်ရုပ်ပစ်၏။



တင်းသွားမိသည့် မျက်နှာကို ပြီးမှ ခပ်ပြေပြေလျှော့ချ၏။

“ဆောရီးကိုကောင်း မြိုင် မနေတတ်လို့ပါ”

ညီလာကောင်း မျက်နှာမကောင်းပါဘဲနှင့် မချိပြုံးပြုံးသည်။ မြိုင်ဟာ မကြုံဖူး၊ မကြားဖူးသည့် အပျိုရိုင်းလေး အရွယ် မဟုတ်ပါ။

ပြီးတော့ ခေတ်မီပွင့်လင်းတဲ့ မိန်းကလေး...

သူ့အပေါ် မကြည်ဖြူတာသက်သက်မှလွဲ၍ တခြား မဖြစ်နိုင်။

နားလည်လိုက်ပေမဲ့ သူ ခွင့်လွှတ်ဖို့ ကြိုးစားရသည်။

ငယ်ငယ်ကတည်းက ညီမလေးသဖွယ် အလိုလိုက် ရစိုက်ခဲ့ရသည့် သံယောဇဉ်တွေက ခုလို အလှသွေးကြွယ် နေသည့် ဇနီးလောင်းလေးအဖြစ် ပိုင်ဆိုင်ရအံ့ဆဲဆဲကာလ ချစ်ပါ၊ ခင်ပါလို့လည်း မရမက လောဘမကြီးချင်။

www.burmeseclassic.com



ကိုယ်က မြတ်မြတ်နိုးနိုး ပိုင်ဆိုင်လိုတဲ့ သူ။

သူကမှ မချစ်တာ၊ ကိုယ်ကပဲ ရှင့်လွှတ်ရမည်သာ။

သူ မချင့်မရဲ ပြောမိသည်က

"ကိုယ်တို့ အမြန်ဆုံး လက်ထပ်မယ်နော်"

*



*

သူတို့ကို ဘွားခနဲ မြင်လိုက်တဲ့အချိန်မှာ သူတို့ကလည်း ကိုယ့်ကို တွေ့သွားပြီး မမတ်သက်ချင်ဘူးဆိုတာ ရှိပေမဲ့ နောက်ပြန်လှည့်လို့လည်း မကောင်းတော့။

"သား... သားညီ ခဏ"

သူထင်သည့်အတိုင်းပင် လက်ကိုင်အိတ်ကြီးကို ချိတ်လျက် ဒေါ်မာလာမြိုင်က သူ့ဆိုင်ကယ်ရှေ့က လက်ပြတားနေသည်။

မြိုင်က သူ့ကိုမြင်သည်နှင့် ဆတ်ခနဲလှည့်သွားသည်။

"ဒီမှာ ကားပျက်သွားလို့သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကြည့်ပေးမယ်လေ"

"မကြည့်နဲ့သား ဘာပေါက်သွားတယ်ဆိုလား၊ ခုပဲ ဝပ်ရှော့ကို ဖုန်းဆက်ထားပြီးပြီ၊ မင်း သူငယ်ချင်းကိုပဲ ဆီဒိုးနားကို လိုက်ပို့ပေးလိုက်ပါ သား ဖြစ်တယ်မဟုတ်လား ဟင်"

"အို... မေမေကလဲ ကားပြင်မှာပဲဟာ"

"သမီးရယ် ဟိုကလာမှာနဲ့ ပြင်မှာနဲ့၊ သမီးနောက်ကျမှာပေါ့၊ မေမေကလဲ ပဲခူးကို သွားရမှာ ကားပြီးရင် သမီးကို ဝင်မပို့နိုင်တော့ဘူး"

ဒေါ်မာလာမြိုင်က မြိုင့်ကိုလည်းဖြော၍

"အိမ်မှာ ကားတစ်စီးက သူ့ဖအေရဲ့မိတ်ဆွေတစ်ယောက် ခဏယူသွားလို့ သားရယ်၊ မင်္ဂလာဆောင် နောက်ကျမှာစိုးလို့ အန်တီမာလာ ပဲခူးသွားရင်း ဝင်ပို့ခဲ့မလို့ ထွက်လာကြတာ ကားပြန်လာတာနဲ့ လာကြိုဖို့လဲ မှာခဲ့တယ်





လေ၊ လောလောဆယ် ကားက ပျက်သွားတော့ ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ဘူး"

"မြိုင် ကကနဲ့ သွားမယ် မေမေ"

"အို...မသွားရဘူး၊ မင်္ဂလာဆောင်ကို အငှားကားကြီးနဲ့ သွားစရာလား၊ ပြီးတော့ ကိုယ့်မှာ ရတနာတွေအပြည့်နဲ့ တစ်ယောက်တည်း စိတ်မချပါဘူး၊ ရန်ကုန်ကို ကျွမ်းကျင်တာ မဟုတ်ဘူး၊ ကားငှားပြီး ကားက မောင်းချင်ရာမောင်းသွားတော့ သမီး ဘာသိမှာလဲ ...ကူညီပါ သားရယ်၊ သားသူငယ်ချင်းကို ပို့ပေးလိုက်ပါနော်"

ခဏ ခဏ စကားတွေ ထပ်မှာနေမှာစိုး၍ ညီ ခေါင်း ညိတ်လိုက်သည်။

"လိုက်သွားသမီး သွား... သွား ထွက်ကတည်းက နောက်ကျနေတာ"

ညီက ဆိုင်ကယ်ကို တစ်ဖက်လှည့်၍ စောင့်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြိုင် မေမေ့ကို ငြင်းဖို့ ကြိုးစားသေးသည်။

မေမေက မြိုင့်ကို မကြည့်တော့ဘဲ ကားစက်ဖုံးဖွင့်၍ နှိုက်ချွတ်နေသည့် နေရာကို စိတ်ချလက်ချ သွားကြည့်နေပြီ။

ညီက ဆိုင်ကယ်မှန်ထဲကနေ မြိုင်ရပ်နေရာကို လှမ်းကြည့်လိုက်၏။ ဆင်စွယ်ရောင် ပြောင်အိနေသည့် ပြာလဲ့လဲ့ ချိတ်ဝမ်းဆက်ကို မလေးရှားပုံလေး ဖြစ်သည်။

လက်ကိုင်အိတ်၊ ဖိနပ်၊ လက်ကိုင်ပဝါကအစ ဆင်စွယ်ရောင်၊ မျက်နှာလေးက အရောင်စုံမရှိဘဲ ညိုဖျော့ဖျော့ ညက်ညက်လေး ပြင်ထား၏။

ဆံပင်က ဒီအတိုင်းလေးပဲ ဖြန့်ချထားလျက် ဘာမှ အထူးတလည် ထုံးဖွဲ့ထားတာမျိုး မရှိ။

လက်ဝတ်လက်စား အားလုံး စိန်ထည်တစ်မျိုးတည်းကိုသာ ညှတ်အိနေအောင် ဝတ်ထားသည်။





ရန်ကုန်မှ ခုမှ မြင်တွေ့ ခင်မင်ကြသည့် မိတ်ဆွေသစ်တွေမို့ ဒီဘက်ပိုင်းမှာ ဘယ်လိုပွဲမျိုးပဲတက်တက် ဒေါ်မာလာမြိုင်က..သမီးကိုကော၊ သူမကိုယ်တိုင်ပါ ညှတ်ခနဲနေအောင် ဆင်ပြီးမှာ သွားသည်။

ကြွားချင်တာတော့ မဟုတ်ဘူး ဒါပေမဲ့ မြွေလား နဂါးလားဆိုတာ ပြထားဖို့တော့ လိုတယ်လေ။

မြိုင် ဆိုင်ကယ်ပေါ် ပါသွားတာကို မသိမသာ လှမ်းကြည့်ပြီး ဒေါ်မာလာမြိုင် သက်ပြင်းချလိုက်မိသည်။

တိုက်တိုက်ဆိုင်ဆိုင် အခွင့်အရေးပေါ်လာတုန်း နှစ်ယောက်သား ပြေလည်ရာပြည်လည်ကြောင်း စီစဉ်ပေးလိုက်တာဖြစ်သည်။

သူတို့ ပြည်လည်မှ ဖြစ်လာမည့် ကောင်းနဲ့ မင်္ဂလာကိစ္စအတွက် စိတ်အေးရမှာ ဖြစ်သည်။

ဒါပေမဲ့ ဆိုင်ကယ်ပေါ်တော့ တက်သွားပါရဲ့

လမ်းကျမှများ ထသတ်ကုန်ကြမှဖြင့်...

*



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဆိုင်ကယ်ကို တအားမောင်းနေတာလဲ၊ ဘာလဲ နင့်ခါးကို ဖက်ထားစေချင်လို့လား"

ဒီလို ထင်မှာစိုးလို့ အရှိန်မှန်နဲ့ မောင်းနေတာကိုပဲ အထင်ခံလိုက်ရသဖြင့် ညီ ထောင်းခနဲ စိတ်တိုသွားသည်။

"တစ်လမ်းလုံး လိပ်သာသာပဲ မောင်းလာတာကို တမင်မောင်းတယ် ပြောရသလား၊ မီးပွိုင့်ဖြတ်တာ ဒီလို မဖြတ်လို့ ဘယ်လိုဖြတ်ရမလဲ"

"လုပ်မနေနဲ့ အရှိန်လျှော့မောင်း ငါမသိဘူး မှတ်လို့လား"

"တောက်"





ညီ သည်းခံချင်စိတ်က သူမအတွက် အစကတည်းက မရှိခဲ့တာ။

လမ်းအနေအထားကလည်း ရှင်းသွားပြီမို့ ဝေါခနဲ ဆောင့်တက်ပစ်လိုက်သည်။

"အမေ့"

မြိုင် သူ့ခါးကို အလန့်တကြား ကျုံးဖက်သည်။

"တအားမောင်းတယ်ဆိုတာ အဲဒါပဲ သိပြီလား"

"ညီ နင်... နင် မညစ်ပတ်နဲ့နော် ဆိုင်ကယ်ကြီးက အမြင့်ကြီး ငါကြောက်တယ်"

ဒါကတော့ ဘာမာယာမှ မပါဘဲ ပြောလိုက်သည်မှန်း သူမရဲ့ အသံတုန်တုန်ကလေးက သက်သေခံနေသည်။

တကယ်လည်း မြိုင်ကြောက်နေတာဖြစ်သည်။

ဆိုင်ကယ်မပြောနဲ့ သူများမောင်းသည့်ကားကို စီးတာပင် တစ်ခါတလေသာ။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ယောကျ်ားလေးနောက်မှလည်း ခုလိုထိုင်မလိုက်ခဲ့ဖူးပေ။

"ညီ ငါပြောနေတာ မကြားဘူးလား၊ ဒီမှာ ပြင်ထားတာတွေ ပျက်ကုန်ပြီ"

မြိုင် ဒေါသသံကလေးကြားမှ သူ့ ဆိုင်ကယ်ကို အရှိန်လျှော့ချလိုက်၏။ ဒါပေမဲ့ ရင်တုန်မပြေနိုင်ဘဲ မြိုင် ညီခါးကို မလွှတ်ရဲဘဲ ဖက်ထားလျက်နှင့်သား။

"ရပ်... ရပ်ဦး"

"ဘာဖြစ်လို့လဲ"

"ဒီမှာ ဆွဲကြိုးတစ်ကုံး ပြုတ်သွားပြီ"

ညီက ဆိုင်ကယ်ကို လမ်းဘေးထိုးဆင်း၍ ရပ်လိုက်သည်။

မြိုင်က ဖျတ်ခနဲခုန်ဆင်း၍ သူမလက်ဝါးတစ်ဖက်နဲ့ ဖိချုပ်ထားသည့် စိန်လည်ဆွဲကိုပြန်တပ်ဖို့ ကြိုးစားနေ၏။





ဒါပေမဲ့ အလွယ်တကူနဲ့ မရပေ။

လည်တိုင်နဲ့ လည်ဆွဲနှစ်ကုံးကို တစ်ရစ်ခွေ...ပြင်း ဆင့်ထားသဖြင့် တစ်ဖက်တည်း ပြုတ်ကျနေသည့် ကြိုးစကို ဘယ်လို ပြန်တပ်ရမှန်းမသိ။

ဖြုတ်ချလိုက်ဖို့ လုပ်တော့လည်း ခိုင်နေသည်။ တစ်ဖက်ကိုစမ်းလို့မရ...

"ဒုက္ခပါပဲ လက်တောင် ညောင်းလာပြီ"

မြိုင် ငိုမဲ့မဲ့လေး ဖြစ်နေကာ လက်ကို ဆန့်ချလိုက်နားလိုက်၊ လည်ဆွဲကို ဖြုတ်ပစ်ဖို့လုပ်လိုက်။

ကြာလာတော့ သူ ဆိုင်ကယ်ပေါ်က ဆင်း၍ ဒေါက်ထောက်လိုက်သည်။

"လာ ငါဖြုတ်ပေးမယ်"

မြိုင်က မလာဘဲ မျက်စောင်းစောင်း ပြန်ကြည့်သည်။

"မဖြုတ်ရဘူးလား ရတယ် အလုပ်ရှုပ်သက်သာတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

ဟုပြောလိုက်မှ ဆောင့်ဆောင့်အောင့်အောင့်လေး ရှေ့တိုးလာသည်။ ညီက နှုတ်ခမ်းမဲ့၍ နှာခေါင်းပါ ရှုံ့ပစ်သည်။

မြိုင်က မျက်စောင်းထိုး၏။

"ပြန်ဇာပ်မှာလား၊ ဖြုတ်မှာလား"

"ဖြုတ်ပစ်လိုက်၊ အဲဒီ ဒုက္ခပေးတဲ့ပစ္စည်းကို ဝတ်ကို မဝတ်တော့ဘူး"

ညီကဖွေးညက်နေသည့် မြိုင့်လည်တိုင် နုနုလေးကို အနီးကပ် ကြည့်မိတော့မှ ပြင်လိုက်သည့်လက်က နောက်ပြန်တွန့်သွားသည်။ အရိုးအဆစ်မရှိဘဲ ပြည့်ဝင်းနေသည့် ရင်ဘတ်ပြေပြေလေးမှာ တဖျတ်ဖျတ်လက်နေသော စိန်လည်ဆွဲက တွဲလွဲကျနေ၏။

"ဖြုတ်ပါဆို ဘာလုပ်နေတာလဲ"

"ဖြုတ်မယ် ပါးစပ်ပိတ်ထား"





"ပြောစရာမို့ ပြောတာပေါ့၊ နင်အမိန့်ပေးတိုင်း ငါက ပိတ်ရမှာလား"

ရန်တွေ့ဖို့ မျက်နှာလှည့်လိုက်သဖြင့် ဆွဲကြိုးဖြုတ်နေသည့် ညီလက်ခုံနဲ့ သူမ ပါးပြင် နုနုလေး မွတ်တိုက်သွား၏။

ညီ လက်တွန့်သွားပေမဲ့ ရန်လိုနေသည့် မြိုင်က အမှတ်တမဲ့။

အရေးထဲမှာ ငြိနေသည့် ချိတ်တွေက ဖြုတ်ရခက်နေသည်။

"ကြာလိုက်တာဟာ နင် တမင် အချိန်ဆွဲနေတာလား"

"စကားကို ကြည့်ပြောနော် လူကို ဘာကောင်အောက်မေ့နေလဲ"

"ဘာကောင်လဲ နင့်ကိုယ်နင် သိမှာပေါ့၊ နင်က ငါ့ရဲ့မောင်လေး၊ ငါက နင့်ရဲ့အစ်မ၊ အဲဒါကို ထပ်မှတ်ထားဦး"

"မြိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဒီနေရာမှာ မှောင်ရိပ်ထဲက လက်သီးတွေကို ဆွဲမထည့်နဲ့နော်၊ ကိုယ့်အသိနဲ့ကိုယ် တိတ်တိတ်နေတာ ကောင်းတယ်၊ ဒီမှာ ဖြုတ်လို့မရလို့ ဒေါသက ခေါင်းပြူနေပြီ"

"လဲသေလိုက်ပါလား၊ ကြည့်လုပ်နေတာတောင် မရဘူးဆိုတော့ နင် ကန်းနေလို့ပေါ့"

"အကောင်းကို အကန်းထင်တာ နင်လဲ ကန်းတာပဲ"

"ဖယ်...ဖယ် မလုပ်နဲ့တော့"

"ဟာ ရပြီ ဖယ်စမ်းပါ"

မြိုင်က သူ့လက်ကို ဆွဲဖယ်သည်။

သူက မြိုင့်လက်ကလေးကို ဆုပ်ကိုင်၍ ထပ်ဖယ်ချ၏။

ရခါနီးမှ ပုတ်ချလိုက်ရမှာစိုးကာ ညီက မချင့်မရဲဆုပ်ကိုင်ထား၍ မလွှတ်။

မြိုင်က ပြန်ရုန်းလျက် တစ်ယောက်မျက်နှာတစ်ယောက်





စိုက်ကြည့်လိုက်မိကြသည်။

စက္ကန့်များစွာ လွန်လေမှ နှစ်ယောက်စလုံး လက်ကိုင်တူရုတ်ကာ မျက်နှာလွှဲကြ၏။

ရုန်တွေ့သံလေးလည်း တိတ်ဆိတ်သွားသည်။

ညီလည်း ပါးစပ်ပိတ်သွား၏။

လည်ဆွဲလေး ပြုတ်ပါလာတော့ ညီလက်ထဲမှာ ခပ်ဖွဖွ စပ်လိုက်ပြီးမှ မြိုင့်လက်ထဲ ထည့်သည်။

"တော်တော်ဒုက္ခပေးတဲ့ အစုတ်မလုတ်ဟာ"

မြိုင်က လက်ပွေ့အိတ်ထဲကို ဖြစ်သလို ဖွင့်ထည့်လေတည်း။

*



www.burmeseclassic.com

www.burmeseclassic.com



"အို ဘယ်လိုလုပ်တာလဲ ကိုကောင်း မြိုင် မကြိုက်ဘူး"

ပန်းလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ နမ်းမလို ငုံ့ချလာသော မျက်နှာနှင့် လွတ်အောင်ရှောင်ကာ မြိုင်က အတင်းရုန်း လိုက်သည်။

ညီလာကောင်း မျက်နှာ ညှိုမှောင်သွား၏။

"စိမ်းကားလိုက်တာ မြိုင်တယ်၊ ခုပဲ ဖိတ်စာ ဝေပြီးနေပြီ၊ ကိုယ့်ကို နမ်းခွင့်လေးတောင် မပေးနိုင်သေး လား"





"ဘယ်အဆင့်ပဲရောက်ရောက် ကိုကောင်းရယ်၊ လက်ထပ်ရသေးတာမှ မဟုတ်တာ၊ မြိုင်မကြိုက်ဘူး"

"မဟုတ်သေးဘူမြိုင် ချစ်တာ၊ မချစ်တာကို ခဏ ထားလို့ရတယ်၊ လက်ထပ်ပြီးတဲ့အခါ ကိုယ့်အတွက် မြိုင်ဘက်က ဒီလိုပဲ စိမ်းစိမ်းကားကား အေးစက်စက်ကြီး ပြန်နေမယ်ဆိုရင် ကိုယ့်ဘက်ကိုလဲ ငဲ့ပါဦး"

"ဒါလဲ အချစ်နဲ့ ပတ်သက်မလာဘဲ၊ မြိုင်က ဒါဆို ပဲ ကိုကောင်း နားမလည်နိုင်ဘူးဆိုရင်တော့ စိတ်ညစ် ရာတွေ ဖြစ်ကုန်မှာ အမှန်ပဲ"

"မြိုင်ရယ်..."

ညီလာကောင်း ပင့်သက်ရှိုက်၍ ကူရှင်မှာ အရုပ်ကြီး တ် မှီချလိုက်၏။

"ဒီနေ့ထိ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ကားလိုက် ခဲ့တာ ကိုကောင်း ပထမဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က သူစိမ်းယောကျ်ားလား မြိုင်၊ မြိုင်နဲ့လက်
ထပ်မယ့်ဆဲဆဲ ယောကျ်ားမဟုတ်ဘူးလား"

"လက်ထပ်မယ့်ဆဲဆဲက လက်ထပ်ရသေးတာမှ မ
ဟုတ်တာ၊ ကိုကောင်း ဒီကိစ္စနဲ့ပတ်သက်ပြီး မြိုင့်ကို မကြ
ခဏ မကျေနပ်ဖြစ်နေရတယ်ဆိုရင် ..."

"နီး ... နီး မကျေနပ်တာမဟုတ်ဘူး စိတ်မကောင်းတာ
လက်ထပ်ဖို့ စဖြစ်လာကတည်းက မြိုင့်ကို ကိုယ်သာ နာ
အလည်ဆုံး ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားကဲ့တာပါ၊ ကိုယ်
ဘက်က လောဘကြီးသလို ဖြစ်သွားခဲ့ရင် တောင်းပန်တယ်
ဟုတ်ပြီလား"

မြိုင့်မျက်နှာလေး ပျက်နေတော့ ညီလာကောင်း ပြန်
လျှော့ချ၏။

"လက်ထပ်ဖို့ ခြောက်ရက်ပဲ လိုတော့တာကို ကိုယ်
မထိန်းချုပ်ဘဲ စိတ်လှုပ်ရှားသွားခဲ့တာ ဆောရီးကွာ၊ မြိုင်





အဲသလို ရက်တတ်ပုံလေးနဲ့ မလိုက်လျောတတ်တာကိုပဲ
ကိုယ်က ပိုပြီး မြတ်နိုးနေမိတာ သိလား"

မြိုင့်နဖူးလေးကို ညင်သာစွာထု၍ ညီလာကောင်းက
ကားပြန်မောင်းသည်။

မြိုင့်မျက်နှာ မကြည်လင်တော့ပေ။

ညီလာကောင်းရဲ့ ဖွတ်တရွတ် နမ်းရှိုက်ဖို့ ကြိုးစားခဲ့
ပုံ၊ ပြောခဲ့သည့်စကားတွေ သူမ မေ့လို့မရတော့။

"လက်ထပ်ဖို့ ခြောက်ရက်ပဲ လိုတော့တာ"

"ကိုယ် မထိန်းချုပ်ပဲ စိတ်လှုပ်ရှားသွားခဲ့တာ ဆော
ရီး"

အိပ်ရာဝင်ချိန်အထိ နဖူးပေါ်လက်တင် စဉ်းစားရင်း
အိပ်လို့မရ။ ယောကျ်ားတစ်ယောက်ကို မစိမ်းသက်တဲ့ အနေ
အထားတစ်ခုတည်းနဲ့ ခင်ပွန်းအဖြစ် လက်ထပ်ပေါင်းသင်း
ရန် လွန်စွာခက်ခဲမှန်း နောက်ကျမှ သိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီလာကောင်းကို သူမ ဘယ်လိုမှ လက်မခံနိုင်တာ ရှင်းရှင်း သိလာရတော့ လက်ထပ်ဖို့ ခြောက်ရက်ပဲလိုတော့သည်။

ငါ မှားပြီလား

ကိုကောင်းနဲ့ လက်ထပ်ပေးချင်တယ်လို့ မေမေပြောပုံနှုန်းက ဟုန်းခနဲ ဝမ်းသာသွားခဲ့သေးသည်။

အနှစ်နှစ်အလလ မျိုသိပ်ခံပြင်းခဲ့ရသမျှ ဒီတစ်ခါတော့ သာသွားပြန်ပြီဟုလည်း တန့်နံ့ ဖြစ်ခဲ့ရသမျှ။

ကံကြမ္မာက သူမကိုသာ အနိုင်နဲ့ ပိုင်းခိုင်းလေပြီဟု ကြိမ်းဝါးမိခဲ့သည်။

ကိုယ့်မှာလည်း ချစ်သူမရှိသေး။

ကိုကောင်းကလည်း စိမ်းသက်သူ မဟုတ်။

ထို့ပြင် ဟိုတုန်းကတည်းက သူမကို ဂရုစိုက် ယုယခဲ့တဲ့သူ၊ ကိုယ်က မချစ်ပေမဲ့ ညီ့ရဲ့ကျရှုံးမှုကို တစိမ့်စိမ့်





ထိုင်ကြည့်နေရမည်။

ကျေနပ်ပြုံးတွေနဲ့ ဝေနေသည်။

ဒါဟာ သူမ ညီ့အပေါ် အဟုတ်တစ်ချက် အငြိုးထားခဲ့မိပြီး ပေါ့ပေါ့လေး ထင်မှတ်ခဲ့တာမှန်း ခုတော့ သိလေပြီ။

တကယ်တမ်းကျတော့ အိမ်ထောင်ရေးဟာ သူမထင်သလောက် မလွယ်ပါလား။

ချစ်ခြင်း၊ မချစ်ခြင်းအပေါ် ဘယ်လိုမှ မချစ်နိုင်ဘူးဆိုတာ သိတော့မှ ဒါ အရေးကြီးပါလားဆိုတာကို သိလာသည်။

ညီလာကောင်းပြောသည့် နွေးထွေးမှုကိုလည်း သူမ နားလည်စ ပြုလာ၏။ နွေးထွေးစေခြင်းဟာ အချစ်မဟုတ်ဘူးလား။

ညီ့ကို စိတ်ငြိမ်းရဲစေချင်၍ ဒီလိုလုပ်တော့ သူမက စိတ်ချမ်းသာရမှာတဲ့လား…

တောက်

ထပ်တူညီ



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါ နှင့်ကြောင့်...

နှင် ငါ့ကို ချိုးချိုးဖွဲ့ဖွဲ့ အထင်သေးစကားပြောခဲ့လို့ ငါ ရှုံ့ခဲ့တာ။ ထပ်တူညီဟာ ဘယ်တုန်းကမှ သူမအတွက် အေးချမ်းစေခဲ့သည် မရှိပေ။

လူလားမြောက်ပြီဆိုကတည်းက ရန်ဖြစ်ရ၊ ငြိုင်ရ၊ ဆိုင်ရ သူ့ကြောင့်ပဲ။ အနိုင်ယူရသလားဟဲ့၊ ဆိုးရသလားဟဲ့နဲ့ မေမေတို့က ဆူတာ၊ ရိုက်တာတွေလည်း ခံခဲ့ရသည်။

ခုချိန်ထိ စိတ်ဆင်းရဲနေရတာ သူ့ကြောင့်...

ဒါကို ထပ်ပြီး သူမဘဝကို နစ်မွန်းခံရမှာလား...

ဒါဖြင့် ဘာလုပ်မလဲ...

ဘာမှလုပ်လို့မရတော့ပါ။

လိုတာ တတိုင်းရခဲ့သော မြိုင်တစ်ယောက် မျက်ရည်ဝဲခဲ့ပြီ။

*





"ဘယ်လိုလုပ်မှာလဲ မင့်သားလုပ်ပုံကို"

"ဘာဖြစ်လို့လဲ အဖေရဲ့"

"မင်္ဂလာဆောင်ဖို့က သုံးရက်ပဲ လိုတော့တယ်၊ ဘုရားဖူးဆိုပြီး သူငယ်ချင်းတွေနဲ့ ထွက်သွားတာ ခုထိ ပြန်မလာဘူး"

"ဖေကြီးကလဲ ပူနေပြန်ပါပြီ၊ ဒီနေ့ မနက်ဖြန် ပြန်ရောက်မှာပါ၊ သူ့အစ်ကို မင်္ဂလာဆောင်ကိုတော့ မတက်ဘဲနေပါ့မလား"

"မင်းက ထင်တယ်ပေါ့"

ဦးညီညီမင်းက ဒီသားကြောင့်ပဲ မရှေ့မနပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ခဏ ခဏ ဖြစ်နေရသည်။

ညီ ဘယ်အချိုးချိုး ချိုးသွားတယ်ဆိုတာကို သူ သိနေသည်။

"မင့်သား မင်္ဂလာပွဲပြီးမှ ပြန်လာမှာ မယုံကြည့်နေ၊ တစ်ဖက်က မိန်းကလေးရှင် ဘယ်လောက်အားနာဖို့ကောင်းလဲ"

"မာလာတို့က သားငယ်နဲ့ မြိုင် မတည့်ကြတာကို သိပါတယ် အဖေရယ်၊ ဒီလူ၊ ဒီဟာတွေက အားနာစရာလား၊ မတော်လို့ သားငယ်ပြန်မရောက်ရင်တောင် ခရီးလွန်နေတယ်ဆို ပြီးပါတယ်"

"မင်း အဲဒီလို လွယ်လွယ်လေး မပြောနဲ့လေ၊ သူ ရှောင်ထွက်သွားတာ တစ်ကြိမ်တစ်ခါ မကတော့ဘူးကွ၊ ပြီးတော့ ဒါ အပျော်ကစားနေကြတာ မဟုတ်ဘူး၊ လူကြီးစုံရာနဲ့ ရှေ့နေရှေ့ရပ်နဲ့ လုပ်ကြတာ၊ မိသားစုလေး-လေး





ယောက်ပဲရှိတာ၊ ဒီမင်္ဂလာကိစ္စ ဘာလုပ်လုပ် သူမပါဘူး၊ မင်း စဉ်းစားကြည့်စမ်း သူက သဘောမတူလို့ မျက်နှာလွှဲ ဘေးထွက်နေတာနဲ့ မတူဘူးလား"

ဒေါ်နုနုစံ ငိုင်ကျသွားသည်။

"မိန်းကလေးလဲ ရုက်မှာပဲ၊ ငယ်ငယ်က မသင့်မြတ်တာ တကယ်ကွ၊ အခုက ဘဝတစ်ဆစ်ချိုး ဖြစ်နေပြီ၊ ဒါတွေ ခုထိ ရင်ထဲသိမ်းထားဖို့ လိုသလား၊ ဘာပဲဖြစ်ဖြစ် ကွာ မင်္ဂလာပွဲမှာ ရှောင်ထွက်သွားတာတော့ အဆိုးဆုံးပဲ"

"FRI Day မှာ ဖုန်းဆက်လိုက်မယ်လို့ နကို ပြောသွားပါတယ် အဖေရယ်၊ စောင့်ကြည့်ပါဦး၊ ဖုန်းလာကိုင်တာနဲ့ ချက်ချင်း ပြန်လာဖို့ နှ ခေါ်လိုက်ပါ့မယ်၊ သားငယ်က အဖေထင်သလောက်လဲ မဆိုးသေးပါဘူး"

"အေး... မင်း ထင်ပေါ့"

ဦးညီညီမင်း မျက်နှာတင်းတင်းနဲ့ တစ်ချက်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွား၏။ ဒေါ်နုနုစံ ပင့်သက်ရှိုက်ကာ ခေါင်းသာ ယမ်းမိတော့သည်။

သားငယ်သာ တကယ် ပြန်မလာလျှင် သူမ ခေါင်း ကြိမ်းပြီ။

*



"ဘာ ဘယ်လို ...ဘယ်လို သမီး"

ဒေါ်မာလာမြိုင် ဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ မျက်လုံးတို့က ပြူးကျယ်လျက် နှုတ်ခမ်းကိုဟထား သမယ့် စကားလုံးက ရုတ်တရက် ရှာလို့မရ။

"သမီး... သမီး အဲ့သလို မလုပ်နဲ့လေ၊ ပြန်လာခဲ့ပါ သမီးရယ်၊ မင်္ဂလာဆောင်ဖို့က သုံးရက်ပဲ လိုတော့တာ၊ လူကြီးတွေ ရင်နာရအောင် မလုပ်ပါနဲ့ကွယ်"

"မလုပ်ပါဘူးမေမေ၊ သမီး အမြီပြန်လာမှာပါ၊ သူငယ်ချင်းတွေစုံတုန်း လိုက်သွားချင်လို့နော် မေမေ ပြွတ်"

"သမီး ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာမြိုင် ဖုန်းကို အလန့်တကြား ပြန်ကြည့်ကာ နံပါတ်တွေကို ထပ်နှိပ်ရတော့မလို၊ အသံပျောက်သွားပြီဖြစ်သည့် သမီးကိုပဲ မရမက ပြန်ခေါ်ချင်သလိုလို...

လက်ထဲကဖုန်းကို မချဖြစ်သေး

"ဘာလဲ မာလာ သမီး ဘာပြောလို့လဲ"

"ကို... ကို့သမီးတော့ ကန့်လန့်လုပ်ပြန်ပြီ"

"ဘာဖြစ်လို့လဲ"

"သူငယ်ချင်းတွေနဲ့ ချောင်းသာသွားမလို့တဲ့"

"ဟင်... အဲ့ဒါ မင်း မတားဘူးလား၊ ဘယ်မှာလဲ သမီးက"

"မနေ့ညကတည်းက တောင်ကြီးက ဧည့်သည်တွေလာလို့ဆိုပြီး အဲဒီကိုသွားနေတာ၊ ညကလဲ မမိုးကိုယ်တိုင် ဟိုမှာ ညအိပ်ပါရစေဆိုလို့ မာလာ ထည့်ပေးလိုက်တာလေ"

"မင်းကလဲ ကို့ကို ဘာမှမတိုင်ပင်တာ၊ မမိုး ရန်ကုန်





ကို ဘယ်တုန်းက ရောက်လာတာလဲ"

"သူ့ညီမ ရန်ကုန်မှာ တာဝန်ကျလို့ သူပါ လိုက်လာပြီး နေရာထိုင်ခင်း လုပ်ပေးတာတဲ့၊ ပြီးရင် ပြန်မှာပေါ့၊ သူတို့မွေးချင်းတွေပါ ပါတယ်လေ၊ ရန်ကုန်မှာ လည်ပတ်ပြီးမှ ပြန်မှာတဲ့"

ဦးဝင်းကျော်က နှာသထောင်နေသည်။

"မင်းကလဲကွာ မမိုးတို့က စိတ်ချရပါတယ်၊ ရပ်ဆွေရပ်မျိုးတွေဆိုတော့ သူလဲ ခင်မှာပေါ့၊ ချောင်းသာဆိုတာ သိပ်ဝေးတာမှ မဟုတ်တာ၊ ပြန်လာမှာပေါ့"

"မဟုတ်ဘူး ကိုယ်မသိဘူးနော်၊ ကို့သမီး မင်္ဂလာပွဲနီးလေ ဝိုင်လေ၊ အဲဒါကိုမာလာ အကဲခတ်မိတယ်၊ တစ်ခုခုကြံစည်နေတာ မဟုတ်ဘူးလို့ ပြောနိုင်မလား"

"မာလာရယ်၊ သမီး အဲဒီလောက် မမိုက်ပါဘူး၊ သူကိုယ်တိုင် ကြည်ဖြူလို့ လက်ခံခဲ့တာဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာ မေ့မေ့လျော့လျော့ ကိုင်ထားမိသည့် ဖုန်း
ကို ငွပ်ခနဲ ချပစ်လိုက်၏။

"မဟုတ်ပါဘူးကိုရယ်၊ မာလာသိနေတာကို ကိုမသိ
ပါဘူး၊ သမီးနောက်ကို ကို လိုက်သွားပါ၊ အမြန်ဆုံးပြန်
ခေါ်ခဲ့ပါ၊ သမီးပြန်လာမှ မာလာ သက်ပြင်းချနိုင်မှာ၊ သွား
ခေါ်လိုက်ပါနော်၊ အားလုံး စီစဉ်ပြီးနေ့ကျမှ တစ်စုံတစ်ခု
ဖြစ်သွားရင် ဒီမျက်နှာတွေ ဘယ်လိုသွားထားမလဲ"

ဒေါ်မာလာ မျက်ကလဲဆန်ပြာ ဖြစ်နေပုံကို ဦးဝင်းကျော်
က တအံ့တသြ ကြည့်လျက်

"ဘာဖြစ်လို့ ဒီလောက် ပူနေတာလဲ မာလာ၊ သမီး
မှာ ချစ်သူတွေဘာတွေ ရှိနေလို့လား၊ အခု သမီးက သူ့ချစ်
သူနဲ့ လိုက်သွားပြီ ထင်လို့လား"

"မရှိပါဘူး၊ ချစ်သူမရှိမှန်း မာလာသိပါတယ်၊ ဒါပေမဲ့
သူက ဟင် ဆိုရင့် မရတော့ဘူး၊ သူစိတ်မပါတာကို





ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး၊ ကောင်းကို သူ လက်ထပ်ဖို့
လက်ခံခဲ့ပြီးမှ နောင်တရနေတာ မာလာသိတယ်၊ ဒါကြောင့်
အရိပ်လို ကြည့်နေတာပေါ့"

"ဖြစ်ရလေကွာ၊ အရိပ်လိုကြည့်နေတာများ သူများအိမ်
ကို ညအိပ်ညနေ ညွတ်လိုက်ရသလား"

"ဟိုကလဲ လူရင်းတွေကိုး ကိုရဲ့၊ ပြီးတော့ ကို့လိုပဲ
ပေါ့ မလုပ်တန်ဘူးလို့လဲ ထင်တာကိုး"

"ခုလဲ ဒီလိုပဲ တွက်ပေါ့ကွာ၊ ကိုယ့်ကိုယ်ကို စိတ်ဆင်း
ရဲ မခံပါနဲ့၊ သမီး မမိုက်ပါဘူး"

"မိုက်မိုက် မမိုက်မိုက် ကို မလိုက်ဘူးလား လိုက်
မှာလား"

"လိုက်ပေးပါ့မယ်ကွာ၊ ကဲ...စိတ်အေးလက်အေးနေ"

*



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ ညီ"

"ဖုန်းသွားဆက်မလို့"

"မင့်အိမ်ကိုလား..."

"အေးလေ သောကြာနေ့က ဖုန်းမဆက်ဖြစ်ထ

မေမေ စိတ်ပူနေမှာကွ၊ ဖေဖေ ခုလောက်ဆို လက်ဖက်ခြောက်

ခတ်လို့ ရနေလောက်ပြီ"

"မင်းကလဲကွာ မနက်ဖြန် ပြန်မယ့်ဟာကို"

"ဒါပေမဲ့ မေမေစိတ်အေးရအောင် ဆက်ထားမှပြ

မှာကွ၊ အလိုလိုမှ ကိုကို့မင်္ဂလာဆောင်ကို မပါချင်

ရှောင်ထွက်သွားတာ ထင်နေတာ"





"ဘာဖြစ်လို့လဲ မဆိုင်တာကို"

"မဆိုင်ပေမဲ့ ဒီအတိုင်းပဲ ရှိတယ်... မင်္ဂလာဆောင်

ပြီးတာနဲ့ ငါ ပြန်လာခဲ့မယ်၊ မင်းတို့ ဒီကပဲ စောင့်မလား"

"မင်္ဂလာဆောင်က သန်ဘက်ခါလား"

"အင်း..."

"ဒါဆို ငါတို့ ငပလီကို ဆင်းနှင့်မယ်၊ မင်း အဲဒီကို

လာခဲ့"

"အေးပါ၊ ပြီးတော့မှ ဆက်ပြောပါ၊ ဖုန်းသွားဆက်

လို့ပါဆို"

"နေဦး ငါတို့ လိုက်ခဲ့မယ်"

"မလိုက်နဲ့ သူများကိစ္စကို စပ်စပ်စုစု"

သူငယ်ချင်းတွေ မျက်စောင်းထိုး ကျန်ခဲ့ပြီကို သိနေ

သည်။ ညီ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ထားရင်း

ပင်တွေကို ထိုးဖွပစ်လိုက်၍ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ဘုရားဖူးသွားမည်ဟုပြောပြီး သူ သံတွဲကို ရောက်နေခဲ့သည်။

မင်္ဂလာဆောင်အမီ ပြန်ဖို့ အစီအစဉ်ရှိပေမဲ့ တကယ်လို့များ ခြေချော်လက်ချော်ဖြစ်ပြီး နောက်ကျခဲ့လျှင် ဖေဖေ မဆူအောင် မေမေ့ကို ဖုန်းဆက်ထားဖို့လိုသည်။

ဟိုတယ်အောက်ထပ်မှာ ဖုန်းဆက်မလို့ နံပါတ်တွေ နှိပ်နေဆဲ။ မျက်ဝန်းထောင့်မှ အရိပ်တချို့ကြောင့် လှည့်ကြည့် ဂရုစိုက်မိသည်။

"ဟာင်..."

ဟိုတယ်ထဲ ဝင်လာကြသည့် မိန်းကလေးနှစ်ယောက် ထဲမှာ တစ်ယောက်က စုံရိပ်မြိုင်

မင်္ဂလာပွဲက သန်ဘက်ခါ...

သူမ ဒီကို ဘာဖြစ်လို့ ရောက်နေတာလဲ...

အစက မြိုင် သူ့ကိုမမြင်...





ကျောပိုးအိတ်လေးတစ်လုံးနှင့် ကြိုးသိုင်းလေးကို လက်လေးနဲ့ ပြန်ချိန်ကိုင်ကာ ရယ်မောဝင်လာတာဖြစ်၏။

သူနဲ့ မလှမ်းမကမ်းကျမှ မျက်နှာလေးဖျတ်ခနဲ လှည့်ကြည့်ကာ မျက်လုံးချင်း ဆုံသွားသည်။

ဝိုင်းဝိုင်းလည်သွားသော မျက်လုံးလေးများက မာယာ မဲ့စွာ–

သို့သော် ခဏလေးသာဖြစ်ပြီး နှုတ်ခမ်းလေးစေ့၊ မျက်နှာလေးပင့်လျက် စားသောက်ခန်းမဆီ ဆက်လျှောက်သွားလေသည်။

သူနဲ့ပါလာသည့် မိန်းကလေးက မှတ်ပုံတင်လေးထုတ်၍ စာရေးစားပွဲဆီ လျှောက်လာ၏။

"ဟလို... မေမေလား ကျွန်တော်ပါ"

သူဖုန်းဆက်နေရင် မြိုင့်ကိုလည်း လှမ်းကြည့်မိ၏။

မြိုင် ဘယ်ရောက်သွားမှန်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရက်လား"

"ဟုတ်ကဲ့"

ဒီဘက်က စကားသံကြောင့် အာရုံက ဒီဘက်ပြန်ရောက်၏။ စားပွဲပေါ်မှာ မှတ်ပုံတင်နှစ်ခု...

နှစ်ရက်နေမည်ဆိုတော့ မင်္ဂလာဆောင်နဲ့ ငြိနေပြီ။

အခန်းနပါတ်ယူပြီး လှည့်ပြန်သွားသည့် မိန်းကလေးကို သူ ကြည့်ရင်း မေမေ ဘာပြောနေသည်ကို နားစွင့်လိုက်၏။

"ပြောမေမေ..."

"အလိုလေး မေမေပြောရမှာ မဟုတ်ဘူး၊ သားကပြောရမှာ၊ ဟိုနေ့ကလဲ ဖုန်းမဆက်ဘူး၊ ဘယ်လိုလုပ်တာလဲ သားရယ်၊ မင်းအဖေကလဲ ဆူလှပြီ၊ ခေါင်းပူနားပူနဲ့ မေမေနဲ့တော့ မသေသေးဘဲ ဆံပင်တွေ အတွေးလိုက် ကျွတ်ကျတော့မယ်"





"ဖေဖေကလဲ မေမေ့ကို ဆူမယ်၊ မာန်မယ်ချည်းပဲ၊ ကျွန်တော် အမီပြန်လာမယ့်လို့ ပြောပြီးပြီပဲ"

"ပြောစရာပဲလေ သား အမီပြန်မှာက ခုပဲ မင်္ဂလာဆောင်က ကပ်နေပြီ၊ အခု သား ဘယ်ရောက်နေလဲ"

"ပြန်လာနေပြီ ကွက်တိရောက်စေရမယ်၊ ဒါနဲ့ အဲဒီမှာ ကိုကိုတို့ အဆင်ပြေရဲ့လား"

"ဩော်... သတင်းတွေဘာတွေ မေးလို့၊ ဒါကြောင့် ဒီနေ့ မေမေ အိပ်မက်ကောင်းတွေ ထူးထူးခြားခြား မက်နေတာထင်တယ်"

"မေမေကလဲ ကိုကို့ကို ကျွန်တော် သတိရပါတယ်၊ မင်္ဂလာလက်ဖွဲ့ကောင်းကောင်းဝယ်မလို့ စီစဉ်နေတာ"

"အေး မေးတော့လဲ ပြောရတာပေါ့၊ မြိုင်လဲ သူငယ်ချင်းတွေနဲ့ ခဏဆိုပြီး ချောင်းသားသွားတာ ခုထိ ပြန်မရောက်သေးဘူးကွဲ၊ သူ့အဖေ ကိုဝင်းကျော် ဒီနေ့လိုက်သွားတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



အရေးဆို ရှာရဖွေရအောင် သားငယ်ယောကျ်ားလေး အားကိုး ရမလားမှတ်တယ် သားက အနားမှာမရှိဘူး၊ မင်းအဖေ ဘူတာပဲ အဲ့ဒါပေါ့"

သူ နားလည်လိုက်လေသည်။

မင်္ဂလာဆောင်ဖို့ကိစ္စ အားလုံးပြီးမှ မြိုင် သွေးကြောင် ပြီ။

သူ တစ်စုံတစ်ခုပြောရန် ပြင်လိုက်ပြီးမှ ပြန်ထိန်း သည်။

"မေမေ"

"ဟင်"

"မြိုင် ချောင်းသာသွားတာ ဟုတ်လို့လား၊ ယောကျ်ား နောက်လိုက်သွားလားမှ မသိတာ၊ သူက ကိုကို့ကို ချစ်တာ မဟုတ်ဘူး"

"အို...ဘာတွေလျှောက်ပြောနေတာလဲ၊ တောင်ကြီးက





မိတ်ဆွေတွေနဲ့ သူ့အမေကိုယ်တိုင် ထည့်ပေးလိုက်တာတဲ့၊ ဆော်ကြာ ခရီးကြန့်ကြာပြီး မင်္ဂလာကိစ္စ အနှောင့်အယှက် ဖြစ်မှာစိုးလို့ လိုက်ရှာနေတာ၊ ခေတ်လူငယ်တွေများ တော် တော်ခက်ပါတယ်"

"မေမေ"

"ဟင်"

"ဖေဖေ့ကို သေချာပြောလိုက်နော် ဆယ့်ကိုးရက် မိုး မလင်းခင် ရောက်မယ်လို့"

"ဘယ်လို ဘယ်လို...အမယ်လေး မင်္ဂလာဆောင်မယ့် နေ့မှရောက်မယ် ဟုတ်လား၊ ဒါနဲ့ အခု သားပြန်လာနေပြီ ဆို...ဘယ်ရောက်နေလို့လဲ သားရယ်၊ လူကြီးတွေ ရင်မမော ရအောင် မလုပ်ပါနဲ့"

"မေမေရာ သတို့သမီးမရှိတာကျတော့ ရင်မမောဘူး၊ ကျွန်တော်က ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သတို့သမီး မရှိဘူးလို့ သားကို ဘယ်သူပြောလဲ၊ ခရီးလွန်မှာစိုးလို့ အခုလိုက်ခေါ်နေပြီ"

"ဘယ်မှာသွားခေါ်တာလဲ"

"ဩော်... ချောင်းသာကိုပေါ့၊ ချောင်းသာကိုသွားပါ တယ်ဆိုမှ"

ညီ နှုတ်ခမ်းစေ့၍ ပြုံးလိုက်မိသည်။

"ဒါပဲနော် မေမေ"

"နေဦးသား အခု ဘယ်ရောက်နေတာလဲ"

"ပြန်လာနေပါပြီဆို မေမေရာ စိတ်ချပါ"

ညီ နှုတ်ဆက်၍ ဖုန်းချလိုက်သည်။

"အစ်ကို စောစောက ကောင်မလေးနှစ်ယောက်အခန်း ဘယ်လောက်မှာလဲ"

စာရေးက သူ့ကို မော့ကြည့်သည်။

တွေခနဲ တစ်ချက်ဖြစ်သတားပြီးမှ စာအုပ်ကို ပြန်ငုံ့





ကြည့်ကာ...

"အပေါ်ထပ်...အဲ အောက်ထပ်နံပါတ်ကိုး ထိပ်ပိုင်း အခန်းပဲ"

"ဟုတ်ကဲ့ ကျေးဇူးပဲအစ်ကို"

သူ အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

"ဟာ...ဟာ ဘာဖြစ်တာလဲ ပြုံးပြုံးဖြဲဖြဲနဲ့"

"ဘာမှမဖြစ်ဘူး မင်းတို့ကလဲ တော်တော် အမေးအ မြန်း ထူတာပဲ"

"ထူရမှာပေါ့ကွ မင်းကြောင့်ပဲ ငါတို့က ဘုမသိ ဘမသိ လိုက်လာရတာ၊ မေးလိုက်ရင် ဘာမှ ရေရေရာရာ မပြောဘူး"

တာရာကလည်း သူ အလုပ်ရှုပ်နေသည့်နားကို လျှောက် လာ၍ ကျောပိုးအိတ်ထဲမှ ဟိုရှာဒီရှာ မွှေနှောက်နေသည့် အတိုင်း မျက်နှာကြီးငုံ့၍ တမင်စူးစိုက် လိုက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တယ် ဒီကောင် မိန်းမခိုးမလို့ ကြံတ်ကြံနေတာ"

ဟု ပက်နဲ ပြောချလိုက်၏။

သူ အံ့လည်းဩ ဒေါသလည်း ထွက်သွားသည်။

"မိန်းမခိုးရအောင် မင့်ကြီးဒေါ်လင်က ဆီးပြားတောင်စားဖူးတာမဟုတ်ဘူးလေ၊ ကိုယ့်ဘကြီးအကြောင်း ကိုယ်မသိဘူးလား"

ဆဲပစ်လိုက်ပေမဲ့ တာရာက နာရမှန်း မသိ။

"အစကသိတယ် ခု မသိတော့ဘူး၊ မင်းပုံစံက အကြံကြီးပြီး ကျိတ်ခံစားနေသလိုပဲ၊ လှုပ်လှုပ်ရှားရှား ထဖြစ်သွားလိုက်၊ ငြိမ်လိုက်၊ ဖုန်းဆက်မယ်လို့ ဆင်းသွားပြီး မဆက်ဘဲ ပြန်လာတာကတစ်မျိုး၊ ခုပဲ ဒီမှာမနေဘူး၊ ခုပဲ မသွားသေးဘူးနေမယ် ရှုတ်ယှက်ခတ်နေတာလေ ပြန်စဉ်းစားပါဦး"

ဟုတ်တော့လည်း ဟုတ်နေသည်။





ဒါဟာ သူကိုယ်တိုင်ပင် ဘာဖြစ်နေမှန်း ကိုယ်တိုင်မသိတဲ့အပြင် ကိုကိုမင်္ဂလာဆောင်တော့မှာမို့ ထွက်လာခဲ့တာ ခုန်သည်။

ဘာဆိုင်လို့လဲလို့ ပြန်တွေးကြည့်တော့ ဘာမှမဆိုင်တာလည်း သိသည်။

ဒါကြောင့် မင်္ဂလာပွဲအမီ ပြန်ဖို့လည်း ဆုံးဖြတ်ထားသည်။

ထမယ်ဆိုပြီး ထိုင်ရာက မကြွမိတာလည်း ဘာကြောင့်မှန်းမသိ။ မင်္ဂလာပွဲဟာ ကိုယ့်ရဲ့ အစ်မကြီးအဖြစ် တရားဝင်နေရာယူလိုက်သည့်ပွဲ... ဒီအဖြစ်ကို ညီ မမြင်ချင်ပေ။

ကိုကိုနဲ့ လက်တွဲ၍ ဟိုတို့ပေး၊ ဒီထောင်ပေးနဲ့ မြင်တို့ လည်သလို လုပ်စားတော့မည်။

ခုတောင် မတော်ချင်လို့ မရတာတွေ အစ်ကိုမိန်းမဟာ ကိုယ့်အစ်မပဲ၊ ဘာညာနဲ့ မေမေတို့ ကာကွယ်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လက်ထပ်ပြီးသွားလျှင် မိလည်မ ပြောသမျှ အဟုတ်ဖြစ်တော့မည်။

သူဘာပြောပြော အကောင်းမြင်လာဖို့မှ မရှိအံ။

မြိုင့်ကို ကိုကိုနဲ့ လက်ထပ်ပြီးသွားသည့် အဖြစ်ကို ဘယ်နည်းနဲ့မှ ညီ လက်မခံနိုင်ပါ။

သို့သော် လက်ခံရမှာပဲ ဖြစ်သည်။

လက်ခံလိုက်ဖို့ကလည်း စိတ်ကူး၍ မင်္ဂလာပွဲမီ ပြန်ဖို့ စိတ်ကူးထားပြီးသား...

ဒီနေ့ ပိုင်နိုင်စွာ ဆုံးဖြတ်ခဲ့လေသည်။

ခုကျတော့ တစ်မျိုးဖြစ်လာသည်။ အခြေအနေက မြိုင်ရဲ့ မရိုးသားစွာ လှုပ်ရှားမှုကြောင့်

မြိုင့်ကို သူတွေ့ရသည်။

မေးရမည်။

ထို့ကြောင့်...

*





၁၁

ကားက တအိအိ ပြေးနေသည်။

မြိုင် စိတ်မရှည်ပါ။

သူမဆန္ဒအတိုင်းဆို ချက်ချင်းပဲ ဒီနယ်ကလွတ်၊ ကားပေါ်က ဆင်းကာ ကိုယ့်ကို ဘယ်သူမှ မသိသည့် တစ်နေရာမှာ လေးငါးရက် ပုန်းရှောင်နေလိုက်မည်။

မင်္ဂလာပွဲ ပျက်သွားရင် ပြီးရော...

ဒီကိစ္စ ပေါ်သေးသေး ပြဿနာ မဟုတ်ဘူးဆိုတာ သူမ သိပါသည်။

ဒါပေမဲ့ ကြောက်လို့ လိုက်လျောလိုက်ဖို့က တစ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



လုံးအရေး၊ မေမေတို့ စိတ်ဆိုးလို့ ဆူရင်ဆူ၊ သတ်ချင်သတ်

ဘာပဲလုပ်လုပ် ကိုကောင်းကို ဘယ်လိုမှ လက်မထပ်

သည့်စိတ်က အရာရာကို ရင်ဆိုင်ရဲနေသည်။

ခုလည်း ထိုစိတ်နဲ့ပဲ တစ်ယောက်တည်း အရဲစွန့်ထွက်ခဲ့မိခြင်း ဖြစ်သည်။

ညီက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ။

သူမကို လိုက်ခေါ်တာတော့ ဘယ်လိုမှ မဖြစ်နိုင်

ဒီကို ရောက်နေတယ်ဆိုတာ နောက်ပိုင်းက ဘယ်သူမှ မသိကြပေ။ ချောင်းသာကိုပဲ လိုက်ဖို့ရှိသည်။

လိုက်ရင်လည်း ဖေဖေ သို့မဟုတ် မေမေ ဒါပဲ။

မင်္ဂလာပွဲမတိုင်မချင်းတော့ ကျိတ်ရှာကြမည်သာ။ ဒါမှမဟုတ် လေးလေးနုတို့ ပြောချင်ပြောပြမည်။ ပြောပြလည်း သူမကို ရှာဖို့အတွက် ညီ့ကို တာဝန်ပေးမှာ မဟုတ်။

ပေးလည်း လုပ်ပေးမယ့်သူ မဟုတ်ပေ။





လုပ်လို့ လိုက်ရှာဦးတော့ ခုလို ထက်ကြပ်မကွာ ရှေ့က ရောက်နေစရာ အကြောင်းမရှိပေ။

ဒါဆို ညီက သူမထက်အရင် အိမ်ကထွက်သွားတာလား၊ ဘာပဲဖြစ်ဖြစ် မြိုင် ဒါကို စိတ်မဝင်စားပါ။

သူမ စိတ်ဝင်စားတာက သူမ ဒီရောက်လာကြောင်း ညီက ရန်ကုန်ကို ဖုန်းဆက်လိုက်ပြီလား....

ဆက်ဆက် မဆက်ဆက် နောက်ပြန်ကြည့်နေချိန် မရှိပေ။

သူမ နောက်က ရောက်လာကြမည့် သူငယ်ချင်းတွေကိုလည်း စောင့်မနေနိုင်တော့ဘဲ ခင်ဖြူကြည့်ကို တစ်ယောက်တည်းပဲ ထားခဲ့သည်။

နေ့လယ်ဆို သင်းတို့အုပ်စု ရောက်လာမည်။ ငပလီကို သွားကြမည့် အစက စီစဉ်ထားခဲ့တာ...

မြန်းဒိုင်းဆို စီစဉ်၍ ထထွက်လာခဲ့တာမို့ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မလိုက်နိုင်သည့် သူငယ်ချင်းတွေ ကျန်ခဲ့သေးသည်။

ခင်ဖြူကြည့် သူမကို အသည်းအသန် တားနေသည့် ကြားက ဘာမှလည်း အသိမပေးချင်တာမို့ မြိုင် ဖွတ်ထွက် လာခဲ့သည်။

လက်မှတ်ကြိုမဝယ်ဘဲ ကုန်တစ်ဝက်၊ လူတစ်ဝက်တင် သည့် ကားကြီးတစ်စီးနဲ့ တက်လိုက်ခဲ့သည်။

ကုန်တွေကြားထဲမှာ ခြေမဆင်းသာ၊ လက်မဆန့်သာ လိုက်ခဲ့ရပေမဲ့ ဒုက္ခလို့ မထင်ဘဲ ညှိကြောင့် သူမအစီအစ ဖွေ ပျက်ရတာကိုပဲ ဒေါသထွက်လို့မဆုံး။

ကြောက်လို့မဟုတ်ပေမဲ့ ကိုယ့်အကြံ မအောင် တာမို့ အတွေ့မခံရဲဘဲ ခုလို ပြေးလွှားပုန်းရှောင်ခဲ့ရ ဖြစ်သည်။

ကိုယ်က သူ့အပေါ် မြိန့်မြိန့်ကြီး အနိုင်ယူ ပြော ခဲ့ပြီးမှ ရှုံးရတာက ကိုယ့်အပြစ်နဲ့ကိုယ်...





ဒါပေမဲ့ ခရီးက မဆုံးသေးသလို ဓာတ်သိမ်းခန်း ကလည်း လိုပါသေးသည်။ လိုနေသေးလို့ သူမ လူလုံးမပြ ချင်တာ ဖြစ်သည်။

"အား... ကျွတ်... ကျွတ်"

မြိုင် အိတ်ကြီးနှစ်လုံးကြားထဲမှာ ကြာမြင့်စွာ နစ်ဝင် ဖိညှပ်နေသော ခြေထောက်နှစ်ဖက်ကို ဆွဲထုတ်လိုက်၏။

ချထားခဲ့တုန်းက ချောင်ချောင်လေးဖြစ်သည်။ ကား လှုပ်တိုင်း အိတ်ကြီးတွေက ပိကျလာသဖြင့် ညပ်မှန်းမသိ ညပ်နေတာကို အတွေးလွန်နေမိသဖြင့် သတိမထားခဲ့မိ။

ထုံကျင်ညောင်းကိုက်ကာ အတင်းဆွဲထုတ်လိုက်ရ သဖြင့် ပွန်းပဲ့သွားသည့် အရေပြားလေးတွေမှာ စင်းရာထင် ကာ သွေးစို့ထဲ့ နေရာလေးတွေ နီနေသည်။

ခါးတွေညောင်းလို့ ဆန့်လိုက်တော့ ခေါင်းက အစွန် ထွက်နေသည်။ ကော်ဇောလားကြီးတစ်ခု အစွန်းနဲ့ တိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခက မသေးပါလား။

ငါပိန်၊ ငါးချဉ်စော်နံ ...

မြိုင် ရှုံ့မဲ့ ညည်းတွားရင်း ဝတ်ထားသည့် အနီရောင် မကျတကျ စကတ်ထမီနဲ့ ရှပ်အင်္ကျီ အသည်းကွဲရောင်လေး ကို ငုံ့ကြည့်မိလေသည်။ သေချာပါသည်။

စုလောက်ဆို ဖင်တွေ ကျောတွေမှာ စွန်းထင်ပေးကျံ နေရောပေါ့။

ကားကြီး ငိုက်မြဉ်းနေကြသည့် လူတွေကို တင်ဆောင် ကာ တောင်ကြားလမ်းအတိုင်း တအိအိ ပြေးနေဆဲ ...

✱





"အပေါ့အပါး မသွားဘူးလား ကလေးမ"

"ရှင် ... ဪ ဟုတ်ကဲ့ ဒေါ်လေး"

ကားပေါ်ကလူတွေ အသီးသီး ဆင်းကုန်ကြသည်။ အပေါ့အပါးဆိုပေမဲ့ သစ်ပင်ရိပ်မှာ ပလတ်စတစ်ခင်း၍ ထမင်းစားသူကစား၊ ချုံတိုးတဲ့သူကတိုး ...

တချို့က မိုးတိုးမတ်တတ်

လမ်းက တောင်ပြေးလမ်းကလေးဆိုပေမဲ့ ရွာငယ် လေးတွေလည်း ရှိသည်။ ညောင်ပင်အုပ်အုပ်ကြီးအောက်မှာ ကြော်တဲလေးတွေလည်းရှိ၏။

အပေါ့အပါးသွားကြတဲ့ လူတွေတိုင်းက ခပ်ဝေးဝေး

www.burmeseclassic.com

www.burmeseclassic.com



ျူတွေထဲမှာ မြိုင် ချုံလည်းမတိုးရဲ။ ထမင်းစားစရာလည်း ဘာမှမပါသဖြင့် အကြော်တဲလေးနား လျှောက်လာခဲ့သည်။

တဲလေးထဲမှာ သိပ်မကြီးလှသည့် ဒယ်အိုးတစ်လုံးနှင့် အဘွားအိုတစ်ယောက်က အကြော်ကြော်နေသည်။

အမျိုးသမီးတစ်ယောက်က ဆယ်တင်နေ၏။

ရှေ့ဘက်မှာ နှီးကြောဖျာနားစုတ်ကလေးတစ်ချပ်ခင်းလျက် ဆီချေးတတ်နေသော သစ်သားစားပွဲပု သေးသေးလေးချထားသည်။

စားပွဲပေါ်မှာ ပိန်ရှုံ့နေသည့် ရေနွေးကရားအိုး ခပ်ညစ်ညစ်က မြေပန်းကန်လုံး သုံးလုံးရံလျက် ခံ့ညားစွာ နေရာယူထား၏။

ထိုဖျာစုတ်လေးမှာလည်း လူတွေပြည့်နေကာ စားပွဲလေးက စိုပြည်နေ၏။ ကားသမားနဲ့ စပယ်ယာက အကြော်ဗန်းနားမှာပဲ ထိုင်စားရင်း ရေနွေးတစ်အိုးနှင့် အတော်ဟုတ်





နေသည်။

ထမင်းစားသူတွေက လာဝယ်ကြ၊ ရွာထဲက ထွက်ဝယ်ကြနှင့် အကြော်သည်မှာ လက်မလည်ပေ။

မြိုင် စားပွဲပေါ်သို့ လှမ်းကြည့်လိုက်မိ၏။

အနားတချို့ ကွာနေသည့် ကြွေရည်သုတ် သံပန်းကန်ပြားထဲမှာ အကြော်တွေထည့်ကာ အတော်ကြီးသည့် မြေပန်းကန်လုံးတစ်လုံးထဲမှာ ငရုတ်သီးအကျက်မှုန့်တွေ ခတ်ထားသည်။ ညိုညစ်ညစ် ခပ်ပျစ်ပျစ်အရည်များက မန်းကျည်းရည်တွေဖြစ်မည်။

သူ့နေရာနဲ့၊ သူ့ဓလေ့ စားစရာတွေက အသွင်မတူ၊ မြိုင် မျက်နှာလေးမဲ့ကာ ပြန်လှည့်လာခဲ့မိသည်။

ကျောပိုးအိတ်လေး လက်ပြန်ချိတ်ကာ ကားနားပြန်လျှောက်လာခဲ့၏။

ထိုစဉ် သူမစီးလာသည့် ကားထက် အစာန်ယ်သေး



www.burmeseclassic.com

www.burmeseclassic.com



သော ကုန်ကားတစ်စီး ထိုးရပ်လာလေသည်။

ဒီနေရာမှာ ကားတွေ နားနေကျထင်ပါရဲ့။

ကားပေါ်မှ တဖုတ်ဖုတ် ခုဆင်းလာကြသူတွေကို ရပ်ကြည့်ရင်း ခပ်လှမ်းလှမ်းက ဈေးဆိုင်ငယ်လေးဆီကို လျှောက်လာခဲ့မိ၏။

မုန့်ထုပ်လေး နှစ်မျိုးသုံးမျိုး ချိတ်ထားတာရှိပြီး ကွမ်းယာခုံလေး တစ်ခုံရှိသည်။

မုန့်ထုပ်တွေကို ကိုင်ကြည့်တော့ လက်ဆတ်တော့ပုံမရသည့် အာလူးကြော် သုံးထုပ်နှင့် ဆီးထုပ်လေးတွေ။

ထိုင်လိုက်မိတာနှင့် ဆီးထုပ်နှစ်ထုပ် ဝယ်လိုက်ကာလက်ထဲမှာပဲ ကိုင်၍ ဒီဘက်ပြန်လျှောက်လာ၏။

"ခရီးသည်တွေ အေးအေးဆေးဆေး စားသောက်နေလို့မရဘူးနော် ကားကလမ်းမှာ ခဏခဏ နားခဲ့ရတာ၊ စက်လေးစီတ်ကောင်းဝင်နေတုန်း ဆက်လိမ့်ရမယ်၊ ဝိတ်လျှော့ပြီး





ပြန်တက်ကြ"

"ကဲ... ကဲ ဒီကားကလူတွေ ပြန်တက်ကြမယ်"

မြိုင် အပေါ့အပါးသွားဖို့ ဟိုလျှောက်၊ ဒီလျှောက်လုပ်၍ ကြစည့်နေတုန်း ကားက လူခေါ်နေသဖြင့် ထိတ်သွား၏။

ဒီတစ်ခါ ကားက ဘယ်ရောက်မှရပ် မည်ဆိုတာမသိ။ ရှေ့မှာ မိုင်ချင်းလမ်းဆုံရှိသည်။ ထိုကျမှ ကားပြောင်းစီးရမည်ဟု သိရ၏။

မိုင်ချင်းဆိုတာ ရွာလား၊ နေရာသတ်မှတ်ချက်လား၊ မြိုင် မသိပေ။ ဒါပေမဲ့ ထိုရောက်လျှင်တော့ သူမ ဘယ်ကိုဆက်သွားမည်ဆိုတာ သေချာဆုံးဖြတ်ရတော့မည်။

ဒီလောက်ဆို ညီ သူမကို မျက်ခြည်ပြတ်ရောပေါ့။

"မြိုင်"

ဟင်...

နောက်ကခေါ်သံက နားထဲမှာ ပုံးကွဲသွားသလိုအတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



မြိုင် ချာခနဲ လှည့်ကြည့်လိုက်မိ၏။

ညီ...

ဒီလောက်ထိ ထက်ကြပ်မကွာ လိုက်လာနိုင်မည်ဟု မြိုင် မထင်ခဲ့မိတာ အမှန်ပင်။

အံ့လည်းအံ့ဩ ဒေါသလည်း ဖြစ်ကာမျက်နှာကို အစွမ်းကုန် တင်းပစ်လိုက်မိလျက်...

"ဘာလဲ နင်က ငါ့နောက်ကို ဘာလိုက်လုပ်တာလဲ"

ညီကလည်း သူမကို တရားခံတစ်ယောက်နှယ် စုန်ချီ ဆန်ချီကြည့်၍ နှုတ်ခမ်းမဲ့၏။

"နင်ကကော ဘယ်အထိပြေးဖို့ စိတ်ကူးထားလဲ"

"ဘာပြေးတာလဲ၊ ငါသွားစရာရှိတဲ့ဆီ ငါ သွားတာ နင်သိဖို့မလိုဘူး၊ နင် ငါ့ကို နောက်ထပ် လာမပတ်သက်နဲ့"

မြိုင်က ကွေ့ရှောင်ထွက်ဖို့ ကြိုးစား၏။

ညီက ရှေ့က ပိတ်ရပ်၍





"မပတ်သက်လို့ ရမလား၊ မခေါ်ချင်လို့ရတယ် မတော် ချင်လို့ မရဘူးလေ၊ နင်က ငါ့ရဲ့အစ်မ ဖြစ်လာမယ့် မရီး လောင်းလျာပဲ၊ ဘယ်နှယ့်လဲ ငြင်းဦးမလား"

ညီက မဲ့ပြုံးနှင့်

မြိုင်က ဆတ်ခနဲ ခါးထောက်ကာ

"ငါလိုချင်တာကို ရတယ်ဆိုတာ သိရအောင် အပြော ကြီးတဲ့ ခပ်ညံ့ညံ့ နင့်လိုလူတွေကို လက်တွေ့ပြလိုက်တာလေ၊ နင့် အစ်ကိုကို ယူတော့မှာပဲဆိုပြီး နင်က ကြိမ်မီးအုံးဖြစ် သွားခဲ့တယ် မဟုတ်လား၊ ငါလိုချင်တာ အဲ့ဒါပဲ လင်မဟုတ် ဘူး"

မိုက်မိုက်ရိုင်းရိုင်းပဲ ပြောပစ်လိုက်သည်။

ညီမျက်နှာ အပြုံးတွေ ချက်ချင်းပျောက်သွား၏။

"မလိုချင်လို့ ပြန်ထားခဲ့ရအောင် ကိုကိုက ရိုးကေ့စ် ထဲမှာ ပြထားတဲ့ အရောင်းပစ္စည်းတစ်ခု မဟုတ်ဘူး၊ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်ပြီး စကားကို ပေါ့ပျက်ပျက် မပြောနဲ့၊ နှစ်ဖက်လူကြီးနဲ့ သေချာစီစဉ်ခဲ့ကြတာ၊ မင်္ဂလာကိစ္စအတွက် အားကြီးမာန်တက် ရင်းနှီးထားခဲ့ကြတာ”

“ဟိုတယ်မှာ ဒိတ်လုပ်ထားတာတွေ၊ ဝယ်ခြမ်းပေးတာတွေလား၊ ဒါတွေအတွက် မေမေက အတိအကျ ပြန်လျော်ပေးပါလိမ့်မယ်၊ ပူမနေနဲ့”

“ဘာပြောတယ် ဟ”

ညီ ရှေ့ကို တိုးကပ်လာသည်။

“နင်ချမ်းသာသလောက် ငါတို့လဲ လူမွဲမဟုတ်ဘူး မြိုင်၊ ငွေစကား လာမပြောနဲ့၊ မေမေတို့က နင့်ကို လိုလိုလားလား လက်ခံခဲ့တာ၊ ကိုကိုက နင့်ကို ချစ်တာ”

“ငါမှ မချစ်ဘဲ”

“ချစ်တာ၊ မချစ်တာ နင့်မှာ ပြောခွင့်မရှိတော့ဘူး မနက်ဖြန်၊ သန်ဘက်ခါ မင်္ဂလာဆောင်တော့မှာ၊ နင်အခု





ငါနဲ့ ပြန်လိုက်ခဲ့”

“ဆောရီးပဲ၊ ဘဲရီး ဘဲရီး ဆောရီး ညီ၊ အထူးသဖြင့် နင်ဖြစ်ချင်သလို ဘယ်တော့မှ ဖြစ်ခွင့်မရှိဘူး၊ ငါဖြစ်ချင်တာကိုပဲ ဖြစ်အောင်လုပ်မယ်”

“အေး ဖြစ်ရအောင် မတတ်သာလို့ ငါ့ဘက်က လက်ပိုက်ကြည့် နေပေးခဲ့တာပဲ၊ နင် ဖြစ်ခွင့်ရပြီးပြီလေ၊ ကျေနပ်ပေါ့၊ ရိုးသားတဲ့လူတွေကို နင် မလှည့်စားနဲ့”

“ရည်ရွယ်ချက် မရှိဘူးညီ၊ ဒီလိုလုပ်ပြီး ဒီလိုပြန်လုပ်မယ်လို့ အစက မရည်ရွယ်ခဲ့တာ အမှန်ပဲ၊ ဒါပေမဲ့ ငါ့ဆုံးဖြတ်ချက်ဟာ ငါ့ရဲ့ ငါ့ရဲ့ သဘောထားပဲ၊ စိတ်ဝင်စားစရာမရှိတဲ့ အလုပ်တစ်ခုအတွက် ဘဝကို ပုံပြီး ဆက်မစွန့်စားသင့်ဘူး ထင်လို့ ငါ နှောက်ဆုတ်ခဲ့တာ၊ ငါလုပ်မယ့် အလုပ်ကို ငါ့မိဘတောင် တားလို့မရဘူး၊ နင် ဝင်မရှုပ်နဲ့”

“တီ... တီ”



www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံ ထွက်ပေါ်လာ၏။

မြိုင် ကမန်းကတန်း ပြေးထွက်၏။

"ဒီတစ်ခါ နင်လုပ်ချင်တာ လုပ်လို့မရဘူး မြိုင်"

"ဟင်…ဘာလုပ်တာလဲ လွှတ်…လွှတ်"

လူတစ်ယောက်ကျော်မြင့်သော တောတန်းလေးနောက်ကို တအားဆွဲပြေးသွားသည့်အတိုင်း မြိုင် အင့်ခနဲ ပါသွားလေသည်။

ယောက်ျားအားနဲ့ မိန်းမအား

ဘယ်လိုမှ ရုန်းလို့မရ…

"ညီ လူရမ်းကား၊ နင် ငါ့လက်ကိုလွှတ် ငါ အော်လိုက်မှာနော် ဟောဒီမှာ"

မြိုင် ပါးစပ်ဟလိုက်သည်နှင့် ညီက လူကိုဆွဲဖက်ထားကာ ပါးစပ်ကို လက်နဲ့ ဖိပိတ်ပစ်လိုက်သည်။

ထို့နောက် ဤနေရာမှ ဝေးရာသို့ ဒရွတ်ဆွဲ ခေါ်သွား





လေသည်။

ကားတွေနဲ့ ဝေးသွားသည်။

ရွာကလေးနဲ့ စည်းရိုးတွေနောက် ရောက်သွား၏။

ကားထွက်သွားသည့် စက်သံ သဲ့သဲ့ကို ကြားရသည်။

မြိုင် ညီကို တံတောင်နဲ့တွတ်၊ ပါးစပ်ကလက်ကို ဖယ်ချ၊ အကြိတ်အနယ် ရုန်းကန်နေဆဲ။

နောက်ထပ် ကားတစ်စီး ထွက်သွားတော့မှ ညီက အသာလွှတ်ပေးလိုက်၏။

"လူယုတ်မာ ကဲဟာ"

"ဖြန်း…"

မြန်လိုက်သည့်လက်၊

မျက်လုံးပေါ်ထိ ဖရိုဖရဲ ဝဲကျ ဖုံးအုပ် သွားသည့် ဆံပင်တွေကို ဆတ်ခနဲ ထုတ်ပစ်လိုက်ပြီး…

"ဖြန်း…"



www.burmeseclassic.com

www.burmeseclassic.com



"အား..."

မြိုင် ခွေခနဲ လဲကျသွားသည်။

"နင်..."

မျက်နှာလေး ပြန်မော့လာသော်လည်း မျက်ဖြူ
လန်ကျသွားလျက် မြိုင် ပုံပုံလေး ခွေကျသွားလေသည်။

ဟင်...

ဒေါသဖြစ်ဖြစ်နဲ့ ရိုက်ပစ်လိုက်ပြီးမှ မြိုင် သတိလ
သွားမှန်းသိကာ ညီ ထိတ်ခနဲ ဖြစ်သွား၏။

"မြိုင်..."

သူ ဆွဲယူလိုက်သည်။

မြိုင့်ကိုယ်လုံးလေး သူ့လက်ထဲမှာ ခွေခေါက်ခေါ
ပါလာ၏။

မြိုင့် ကျောပိုးအိတ်လေးကို ပခုံးမှာ ပြောင်းလွယ်လို
ပြီး သူ မြိုင့်ကို ပွေ့ယူလိုက်သည်။





မိန်းကလေးတစ်ယောက်ကို ပွေ့ရတာ ရုပ်ရှင်ထဲမှာ
ရိုက်ပြသလောက် မလွယ်ပါလား။

"ဟော...ဘယ်လိုဖြစ်လာတာလဲ ဒီမိန်းကလေးက."

အကြော်ဆိုင်မှာ ရှိနေကြသည့် ရွာထဲက လူအချို့
မျက်လုံးတွေ ပြူးလျက် ညီပွေ့လာသည့် မြိုင့်ကို ပြေးယူ
ချပေးကြ၏။

"ဟိုကားနဲ့ ပါလာတဲ့ မိန်းကလေး မဟုတ်လား"

"ဘယ်လိုဖြစ်တာလဲ ကားတွေက ထွက်သွားပြီ၊
စောစောကတော့ လူလိုလို့ စောင့်နေကြသေးတာ"

တစ်ယောက်တစ်ပေါက် ဝိုင်းလာကြ၏။

"ဟုတ်ပါတယ် အစ်ကိုကြီးရာ ကျွန်တော့်ညီမလေးပါ၊
ကားရပ်တုန်းက အပေါ့သွားပါဆို မသွားဘူး၊ သူက သိပ်
ရှက်တတ်တာဗျ၊ ကားထွက်ခါနီးမှ သွားမယ်ဆိုလို့ ပိုက်ပို့
တာ ချုံထဲမှာ မြွေ့တွေ့ပြီး သတိလစ်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"အေး…ဟုတ်တယ်၊ ဒီဘက်မှာ မြွေပွေးတွေရှိတယ်၊ ဒါကြောင့် ကျုပ်တို့ကတော့ ခရီးသည် လှူစိမ်းတွေဆို အပေါ်အပါးသွားရင် ဟိုဘက်သွားလို့ ကြုံတိုင်းပြောတာပဲ၊ ခြေမကို ချီးစမ်း"

"ဖက်ကြောကို နှိပ်ပေးပါ"

"ဟာ… နေ နေပါဦး"

မြိုင် သတိရဖို့ ကြိုးစားကြပေမယ့် လူတွေကို သူကပျာကယာ တားဆီးလိုက်မိသည်။

မြိုင် သတိရလာလို့ မဖြစ်သေးတာ သူ သိနေသည်။

"အဲဒီလို မလုပ်ကြပါနဲ့ ကျွန်တော့် ညီမလေးက ရောဂါသည်လေးပါ သူ ဒီလိုပဲ ထိတ်လန့်စရာ တစ်ခုခုတွေ့ရင် သတိလစ်တတ်တယ်၊ ပြီးတော့ သူ့ဟာသူ ပြန်ကောင်းလာတာပဲ၊ အတင်း နှိပ်ဖဲ့လွှတ်လိုက်ရင် သတိတော့ရပါတယ်





ဒါပေမဲ့ သွေးရူးသွေးတန်း ထပြေးတတ်တယ် ဗျ"

"ဩော်… ဟုတ်လား"

"သနားပါတယ် ရုပ်ကလေးက အိစက်နေတာပဲ"

ညီနဲ့မြိုင်က ယောက်ျားနဲ့ မိန်းမမို့ အသားအရောင် နှုတ်ခမ်း ရုပ်တာ နည်းနည်းလေးပဲကွာသည်။

ရုပ်ချင်းလည်း ဆင်သည်။

နှစ်ယောက်လုံး ဖြူဖြူဝင်းဝင်းလေးတွေမို့ မောင်နှမဆိုတာကို ယုံခဲ့ကြသည့်အတိုင်း ဘာပြောပြော သံသယမရှိခဲ့ကြပေ။

"ကျွန်တော်တို့ သံတွဲကို ပြန်ချင်ပါတယ် ဦးရယ်၊ ကားရှိသေးလားဟင်"

"ကား…အင်း ညနေပိုင်းတစ်စီးတော့ ရှိသေးတယ်၊ ဒါပေမဲ့ ဒီကားက ပျက်လွန်းလို့ နှစ်ရက်တစ်ခါလိုပဲ ထွက်မသေချာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ကားမလာလဲ တို့ရွာလူကြီးအိမ်မှာ တစ်ညတည်းလိုက်ပေါ့၊ ဘာကြီးခေါင်က သဘောကောင်းပါတယ်"

"အမလေး ညှော်သည်နှစ်ယောက်လောက်ကတော့ လူကြီးအိမ် ပို့စရာ မလိုပါဘူး၊ ကျွန်မအိမ်မှာလာတည်း"

ပြဿနာကတော့ စပြီ–

ညီ ရင်ထဲမှာ မီးတွေ ထတောက်လာသလို ပူလောင်သွား၏။

မင်္ဂလာပွဲ အမီပြန်နိုင်ဖို့ မည်သို့အားထုတ်ရမည်နည်း။

မီးရှပ်... ဘီလူးမ

ထင်ရာတွေ လျှောက်လုပ်တာ

စိတ်မောလူမောနှင့် မျှော်နေရှာမည့် မေမေတို့ ကိုကိုတို့ မျက်နှာတွေကို မြင်ယောင်ကာ မြို့ကို ပုတ်နိုး၍ ထပ်ရိုက်ချစ်စိတ်တွေ ပေါက်လာမိသည်။

သူကြီးစားခဲ့သမျှ အလကား ဖြစ်ကုန်ပြီလား။

*





ဂီတသံတွေ ဆူညံနေသည်။

ရယ်မောသံတွေက နားထဲမှာ ဖွဲသာသာ။

သတို့သားဟာ ညီလာကောင်းကနေ ထပ်တူညီ ဖြစ်သွားရသည့် အကြောင်းရင်းကြောင့် အံ့သြကြသူတွေ မေးကြယ်ကြ...

အသံတွေကို မြို့ မကြားချင်။

အလှအပတွေနဲ့ ရယ်မောနေကြတာကိုလည်း သူမမြင်လို။ ခုလောက်ဆို သတို့သမီး ပျောက်သွားပါလားဆို၊ းနေကြမည်။

မေမေ လည်ပင်လိမ်၍ ရှာဖွေဟန် ပြုနေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေမေ့ကို မြိုင် ပြောပြီးမှ အခန်းထဲဝင် တံခါးပိတ် ထိုင်နေခဲ့တာ ဖြစ်သည်။

မှန်ထဲမှာ ရတနာတွေ ပြိုးပြိုးပြက်ပြက် လက်နေသော သတို့သမီး ဝတ်စုံနှင့် စုံရိပ်မြိုင်အဖြစ်ကို နာကြည်းစွာ စူးစိုက်ကြည့်မိပြီး ဆတ်ခနဲ ထရပ်လိုက်သည်။

ဆံထုံးက ဆံထိုးတွေကို ဆွဲဖြုတ် ဆံထုံးကိုဖြေချ။

အဝတ်တွေလဲကာ ဟိုတစ်ထည်၊ သည်တစ်ထည် လျှောက်လွှင့်ပစ်လိုက်သည်။

အခန်းထဲမှာ အင်္ကျီအဝတ်အစားတွေက လေဟုန်စီးကာ ဝဲပျံနေလေသည်။

မျက်လုံးထဲမှာ စူပုတ်ပုတ်၊ မှုန်ကုတ်ကုတ်နှင့် ညို့မျက်နှာကို မြင်နေသည်။

"တောက်"

သူ့ကြောင့်





"ဘာဆိုင်လဲ၊ ဘာဆိုင်လဲ မေမေ မြိုင် သူ့ကိုမယူနိုင်ဘူး၊ သူ့ကိုယူရမယ်ဆိုမှတော့ ကိုကောင်းနဲ့ပဲ လက်ထပ်မယ်"

"အေး ခုမှ ညည်း ကိုကောင်းကိုပဲ ယူပါရစေလို့ ထိုင်ရှိခိုးလဲ မရတော့ဘူး၊ ကောင်က သူ့ညီကို ယုံကြည်လို့ လက်ခံတယ်ဆိုပေမယ့် ညည်းကို ငါ မယုံဘူး၊ ငါ့သမီးဖြစ်ပြီး ကိုယ့်သမီးရဲ့ စိတ်ကိုမှ အကဲမခတ်နိုင်ခဲ့တာ၊ ငါ့ကိုယ်ငါ ရှက်လို့မဆုံးဘူး မြိုင်၊ တကယ်တော့ ညည်းတစ်ကိုယ်လုံး မရိုးသားမှုတွေခြည်းပဲ၊ ကိုယ့်အတွက်ကို ရှေ့တန်းတင်ပြီး မိဘကိုတောင် မထီမဲ့မြင် ပြုရဲတယ်"

မေမေ အသားဆတ်ဆတ်တုန်အောင် ဒေါသဖြစ်တာ မြိုင် ပထမဆုံး တွေ့ဖူးခြင်း ဖြစ်သည်။

"အိမ်မထောင်ပြုတဲ့ကိစ္စကို ဘုရားဈေးမှာ ကစားစရာ ပစ္စည်းဝယ်သလို ကိုင်လိုက် ပြန်ချလိုက် လုပ်လို့ရတာဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရှိလားမေးတော့ မရှိပါဘူးတဲ့၊ ကောင်းနဲ့ လက်ထပ်ပေးချင်တယ်ဆိုတော့ မေမေတို့သဘောပါတဲ့၊ သက်မဲ့ပစ္စည်းတောင်မှ ဈေးဆစ်ဝယ်လိုက်ပြီးရင် ပြန်လဲလို့မလွယ်ဘူး။ ညည်းသဘောတူလို့ လက်ခံခဲ့တာ၊ အားလုံး ဖိတ်စာဝေပြီးနေမှ ရှောင်ထွက်သွားတယ်၊ မိဘတွေက ဘာတွေဖြစ်ကုန်ပြီလဲ"

"ပြေးတော့လဲ ညီနဲ့လေ၊ လူကြားလို့မကောင်း၊ တကယ်ဆို ညီကိုသဘောတူတယ်ဆို ပြောပါလား"

"မဟုတ်ဘူး ဖေဖေ၊ အဲဒါ တိုက်ဆိုင်တာလို့ သမီး အတန်တန် ရှင်းပြခဲ့ပြီးပြီပဲ၊ သူလဲ သူ့ဟာသူသွားတာ၊ သမီးလဲ သမီးတစ်ယောက်တည်းသွားတာ၊ သူ သမီးကို မင်္ဂလာဆောင် မတက်မှာ[illegible]းပြီး ပြန်ခေါ်လာတာပါ"

"မပြောနဲ့လေ၊ သမီး ဒီလိုဆွဲပြောလို့ မရတော့ဘူး၊ အများအမြင်မှာ သမီးတို့နှစ်ယောက် အတူပျောက်သွားကြ





ယ်၊ အတူပြန်ရောက်လာတယ်၊ ဘယ်နှစ်ရက်လောက် [illegible]ကာက်နေခဲ့ကြသလဲ"

"ဘယ်သူတွေ မြင်ကြသလဲ ဖေဖေ၊ ဘယ်သူသိလို့လဲ၊ [illegible]င်တော့ကော ဘာဖြစ်လဲ၊ ကိုယ်မှန်နေရင် ပြီးတာပဲ၊ [illegible]ကို သမီး မယူနိုင်ဘူး"

ဒီနေရာကျတော့ မေမေက ဝုန်းခနဲ ထရပ်သည်။

"ဒီတစ်ခါ သမီး တစ်ခုခုနဲ့ ဖောက်ထွက်သွားဖို့ [illegible]ီးစားရင် မေမေ့မျက်နှာကို ဘယ်တော့မှ မြင်ရတော့မယ် [illegible]တ်နဲ့၊ တောင်းဆိုးပလုံးဆိုး ပစ်ရိုးထုံးစံရှိတယ် ဆိုတာ [illegible]န်တယ်၊ ဘယ်သားသမီးကိုမှ မိဘက မပစ်ရက်နိုင်ဘူး၊ [illegible]ကို သားသမီးတွေ အခွင့်အရေးတစ်ရပ်အဖြစ် သုံးပြီး [illegible]ာစကား နားမထောင်ကြတာလဲ ဒီနေ့အထိ အစဉ်အလာ [illegible]ရပဲ၊ မေမေကတော့ သားသမီးကို ပြတ်မှာမဟုတ်တဲ့အတွ[illegible] ရှင်လျက်နဲ့ အမွေမဖြတ်ဘူး၊ မေမေ့လည်[illegible]င်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပုလင်း ဆွဲထားမယ် စုံရိပ်မြိုင် ညည်း စဉ်းစားထား"

မေမေက အပြတ်ပြောသည်။

တုန်ခါအက်ကွဲနေသော ခံစာချက်ပြင်းသည့် လေသ

တို့က ခြိမ်းခြောက်နေတာမဟုတ်မှန်း မြိုင် သိသည်။

"ဘယ်သူ ဘယ်လိုပဲထင်ထင် ညည်း ကောင်းကိုကော

ညီ့ကိုကော ဘယ်သူ့ကိုမှ မေတ္တာမရှိဘူးဆိုတာ မေမေသိ

တယ်၊ ကောင်းကို မလိုချင်လို့ ထွက်ပြေးတာ၊ ညီ ပြန်ခေါ

လာတာ၊ ညီက အရင်သွားတာ၊ ညည်းက နောက်ကထွက်

တာ အားလုံးဟာ တိုက်ဆိုင်တာမှန်း မေမေ အားလုံးသိ

တယ်၊ အထူးသဖြင့် ညီနဲ့ ညည်း ကျိတ်ပြီး ဖက်ပြိုင်နေတာ

ကျားနဲ့ဆင်လို စောင်းချိတ်နေတာ အဲဒီထဲမှာ ညည်းကအနိုင်

လိုချင်နေတာအထိ မေမေသိတယ်၊ ဒါကြောင့် သိရက်နဲ့

မေမေ ဇွတ်လုပ်တာ"

မြိုင် မေမေ့ကို တအံ့တသြ ကြည့်နေခဲ့မိသည်။





"နှစ်ယောက်တွဲပြီး ပျောက်သွားတယ်၊ အတူပြန်ရောက်

လာတယ်၊ သားသမီးတွေ ပျောက်လို့ လူကြီးတွေ ရှာကြ

ဖွေကြ ဖြစ်နေတာကို ပတ်ဝန်းကျင်က မသိဘူး မှတ်လို့လား၊

မိဘကို ချောင်းသာလို့ပြောပြီး သွားချင်ရာသွား၊ မိဘက

လိုက်ရှာတော့ အိုးနင်းခွက်နင်းဖြစ်ရော၊ ဘယ်သူ မသိဘဲ

နေမလဲ၊ ညည်း ညီ့ကို လက်ထပ်ရမယ်၊ မချစ်တာချင်းတူ

ရင် ညီနဲ့မှ ညည်းတို့တဲ့ပြန်ကြမှာ၊ ကောင်းကို ညည်း

တစ်ဖက်သက်ကြီး အနိုင်ယူမယ်၊ ဟိုခမျာ လူပြောသူပြော

အတင်းအဖျင်း စကားတွေက တစ်မျိုး၊ မယားကတစ်မျိုး

ဘယ်လောက် စိတ်ဆင်းရဲရှာမလဲ၊ ဒီတော့ မေမေစီစဉ်တာကို

ညည်း လုံးဝ နာခံဖို့ ပြင်၊ မဟုတ်ရင် ထွက်သွား၊ အေး...

နောက်ပိုင်းမှာတော့ ဘာဖြစ်မလဲ စောင့်နားထောင်၊ မေမေဟာ

ခြိမ်းခြောက်တာလား၊ တကယ်ရက်တာလား သိသွားရ

အောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ... ဒါဆို မေမေက သမီးကို ညီနဲ့ တမင်
လိုက်တာပေါ့၊ သမီးလိုပဲသူလဲ ခါးခါးသီးသီး ငြင်းနေ
ဒါကို သမီးက..."

"အဲဒါပဲ ကိုယ်ကချည်း နိုင်ချင်လို့ မရဘူး၊
အနိုင်ဆိုတာ လက်ဖမိုးနဲ့ လက်ဖဝါး၊ မေမေ ပြောပြီးပြီ
ညည်းအတွက် တုံ့ပြန်မှုတစ်ခုခုက ရှိမှကိုဖြစ်မှာ၊ လက်
ပေးမှာကတော့ မဖြစ်တော့တဲ့ အခြေအနေတွေကြောင့်
တမင်တကာပေါ့၊ ညည်းက အေးစက်တဲ့အိမ်ထောင်ရေး
စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ပေးနေရင် ရှောင်မယ်၊
တာကို တန်ဖိုးထားမှာ မဟုတ်ဘူး၊ ဒါကြောင့် ညည်း
ဝင်စားမယ့် အိမ်ထောင်ရေးကို မေမေစီစဉ်လိုက်တာ
အတွက် လူတွေ အံ့အားသင့်တယ်၊ ပြောသံဆိုသံ
စကားတွေ ရှိလာမယ်၊ ဒါတွေကို အများကြီး ရင်ဆိုင်
ဒါပေမဲ့ ဒီနည်းပဲ ရှိတယ်လေ၊ မနုတို့၊ ကောင်း





ပင့်သက်ချနေကြရာတယ်...အဲ့ဒါအားလုံး ဘယ်သူ့ကြောင့်
လဲ"

မဟုတ်ဘူး မြို့င့်ကြောင့် မဟုတ်ပါဘူး...

ညီ ကောင်စုတ် အလာကားကောင်...

သူ ဝင်ရှုတ်တာ၊ မြိုင် မျက်ရည်ပေါက်ပေါက်ကျသည်။

သူ့အပေါ် မြတ်နိုးခွင့်လွှတ်သည့် ညီလာကောင်းရဲ့
ခန့်ညားချောမောသော မျက်နှာကို မြင်ယောင်မိ၏။

ကိုကောင်းဟာ သူမအတွက် အနစ်နာတွေ၊ အကြင်
နာတွေ ပေးမည့်သူ၊ ညီက ခါးသက်သော ဝေဒနာဆိုးတွေကို
လေပူတစ်သုတ်နဲ့ ယူဆောင်လာမည့် သူ...

မေမေက ဒီနှစ်ခုကို သိလျက်နှင့် သူ့အတွက် ညီကို
ရွေးချယ်ပေးခဲ့သည်။

"နာမည်မှားရိုက်လိုက်တာ၊ ဖိတ်စာတွေကို အားကြီး
သားငယ်နှစ်ယောက်လုံးက လက်ထပ်ပေးဖို့ ပြောတော့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးအတွက် ရေးခဲ့လေ၊ အဲ့ဒါ တစ်နှစ်တည်း နှစ်မင်္ဂလာ မပြုရဘူး မဟုတ်လား၊ သားကြီးကို ဦးစားပေး တော့ သားကြီးက သားငယ်ကိုပဲ ဦးစားပေးပါတဲ့၊ အဲဒီ လိုဖြစ်ပြီး ဖိတ်စာရိုက်တော့ နာမည်တွေ ရှုပ်ကုန်တာပါ"

မေမေနဲ့ လေလေးနု...

တတ်လည်း တတ်နိုင်ပါသည်။

ဖိတ်စာရှိသမျှ ပြန်လိုက်သိမ်းသည်။

ညီ့နာမည်ပြောင်းပြီး ဖိတ်စာသစ်တွေ ထပ်ချသည်။

လူတွေ ယုံတာ၊ မယုံတာ၊ လက်ခံတာ၊ လက်မခံတာ အသာထား၊ နှစ်ယောက်သား တိုင်ပင်၍ အားချင်းစီစဉ်သည်။

ဒေါ်နုနုစံ အနေနဲ့က ဘယ်သားနဲ့ပဲဖြစ်ဖြစ် ကြည်ဖြူ ပါသည်။ ဒါပေမဲ့ သားကြီးအတွက် စိတ်တော့မကောင်းပေ။

စီစဉ်ပြီးခဲ့တဲ့အတိုင်း ဖွတ်ဆက်ဖို့ဆိုတာက ညီနဲ့ မြိုင် အပြစ်ကြောင့် ခွင့်လွှတ်နိုင်တာတောင်မှ နှလုံးသား





...နေရာမှာ နာကျင်မျက်ရှတာလောက်တော့ ဖြစ်မည်။

ရေရှည်မှာ မြိုင့်ဘက်က မကြင်နာလေ ဝေဒနာတိုးလေ ...ရမည်။

ညီနဲ့ကျတော့ သည်းမခံတတ်သူချင်း ရှိပလေ့စေတဲ့။

ဒေါ်မာလာမြိုင် ပြောတဲ့အတိုင်း ဒေါ်နုနုစံ နားလည် ...းသည်။ ဒါကြောင့် သားကြီးကို နားလည်အောင် ရှင်း ...တာ လုပ်သင့်တာကိုပဲ လုပ်ခဲ့ရသည်။

နောက်ထပ် ဒိတ်အသစ်နဲ့ ဆီဒိုးနားမှာပဲ ညီနဲ့ ...က်ထပ်ပေးခဲ့သည်။

ညဘက် ခြံထဲမှာ အကြီးအကျယ် ဧည့်ခံပွဲလုပ်သည်။

ပြောချင်တဲ့သူတွေ ပြောကြစမ်း...

တည့်တည့်မေး ရှင်းရှင်းဖြေ၊ ဒေါ်မာလာမြိုင်က သမီး ...င်ပေမဲ့ အပြုံးမပျက် ဧည့်ခံခဲ့သည်။

ညီကလည်း ဘယ်ဧည့်သည်ကိုမှ ဧည့်မခံ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ စားပွဲမှ မထ။

အယ်ကိုကြည့်ကြည့် မျက်လုံးက ဘုကြည့်...

မျက်နှာမှာ တစ်ချက်မှ အရယ်အပြုံးမရှိ။

ညှော်ခံပွဲတစ်ခုလုံးက ပုမှရှရှလူတွေအားလုံးကို ရင်

တိုက်ရတော့မည့် ရန်သူစစ်သည်တွေလို အကြည့်က ခပ်

ရိုင်း။

နေချင်သလိုနေကြ၊ သူတို့နှစ်ယောက် ညှော်ခံပွဲထဲ

ထသတ်တော့မလို ဖြစ်နေကြတာကို ရယ်ပါ၊ ပြုံးပါလို့လ

မနိုင်း...

လက်ချင်း ချိတ်ပါလို့လည်း မပြောပေ။

ဒါပေမဲ့ မင်္ဂလာပွဲကတော့ စည်ကားပါပေသည်။

လူတွေကလည်း မေးကြရယ်ကြ၊ အားလုံးက ရွှေ

မှာတော့ အဆင်ချောနေကြလေသည်။

မြိုင်...ပြတင်းတံခါးကို ရိုတ်ခနဲ ဆွဲပိတ်ကာ ကျေ





ထပ်ထားလိုက်သည်။ တပေါက်ပေါက် ကျလာဆဲ မျက်ရည်

တွေက ဆိုင်းမပါ၊ ဗုံမပါဘဲ စာတ်စင်ပေါ်မှာ ကွေးနေအောင်

ကနေသည့် မင်းသမီးလို ရှိုက်သံမဲ့စွာ အဆက်မပြတ်။

နာရီသံ တစ်ချပ်ချပ်က စည်းချက်မှန်စွာ အချိန်တို

ကို ဝါးမျိုလျက်...

*

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ည နှစ်နာရီ ခွဲတော့မှ မြိုင် တစ်ရေးနိုးသည်။

မင်္ဂလာပွဲက ဘယ်လိုဘယ်ပုံ ပြီးဆုံးသွားသည် မသိ။

နှစ်ယောက်အိပ် မွေ့ရာကြီးပေါ်မှာ မြိုင် တစ်ယောက်တည်း အိပ်သည်။ ခေါင်းအုံး အပိုတစ်လုံးနဲ့ စောင်အပိုကို ဗီရိုထဲထည့် သော့ခတ်ကာ ရင်ကွဲခြင်ထောင်ကြီးမှာ ဆင်ပြင်ထားသည့် မင်္ဂလာပန်းကုံးတွေ၊ ပန်းပွင့်တွေကို တစ်ခုချင်း ဖြုတ်သည်။

ကြမ်းပေါ်မှာ တမင် ဖြန့်ကျဲလွှင့်ပစ်ထားလိုက်၏။ အဆင်တန်ဆာ၊ အဆောင်အယောင် ကင်းမဲ့သွားသည့်





မွေ့ရာ ကျယ်ကြီးပေါ်မှာ သူမ အခန်းတံခါး ချက်ချကာ တစ် ယောက်တည်း အိပ်ပစ်ခဲ့သည်။

မင်္ဂလာပွဲမှာ ကိုယ်ရှိနေဖို့ပဲ...

ဘယ်လိုနေပါ၊ ညာလိုနေပါ၊ မတိုက်တွန်းခဲ့သည့် မေမေတို့အပေါ် မြိုင် ထပ်မံနှိပ်စက်သလို ဖြစ်ခဲ့ပြီကို သိသမဲ့ ကိုယ့်ထက်ဆိုးဝါးစွာ မင်္ဂလာပွဲအပေါ် မကျေနပ်မှုကို ပြနေသည့် ညီမျက်နှာကြီးကိုတွေးမိတိုင်း ရင်ထဲမှာ အဆိပ် မိထားသည့် သတ္တဝါတစ်ကောင်လို ခံခက်ဆိုးဝါးစွာ ခံစားနေ ရသည်။

ထို့ကြောင့် ဖြစ်ချင်ရာဖြစ်... အခန်းတံခါးပိတ် အိပ် ခဲ့သည်။

ခုကျမှာ ရေအိမ်သွားမလို့ တံခါးဖွင့်လိုက်တော့ အပေါက်ဝမှာ ဒရင်းဘက်ဒ်ချ၍ ကန့်လန့်ကြီး အိပ်နေသည့် ညီကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာမှာ ကျောမှီထောင်ထားသည့် အသည်းပုံ ခေါင်းအုံးလေးကို လက်နှစ်ဖက်နဲ့ပိုက်ကာ မျက်နှာက ဘေးတိုအနည်းငယ်စောင်းကျလျက် အိပ်ပျော်နေလေသည်။

ရခိုင်ပုဆိုးအနီ၊ ချိုင်းပြတ်စွတ်ကျယ် အဖြူလေးနှင့် လည်ပင်းမှာ တုတ်ခဲနေသော ဘတ်ကြိုးက ထင်းနေသည်။

"ဟဲ့…"

အသံက မတိုးပါ၊ ဒါပေမဲ့ ညီ နိုးပုံမပေါ်

"ဟဲ့… ဒီမှာ… ဒီမှာ"

ဒရင်းဘတ်ကိုပါ ဒူးနဲ့ တိုက်ပစ်လိုက်မှ သူ ဖျတ်ခနဲ မော့ကြည့်၏။

"ဘာဖြစ်တာလဲ တဟဲ့ဟဲ့ နဲ့"

"ဟုတ်တယ် ခွေးခြောက်နေတာ မဟုတ်ဘူး၊ နင့်ကိုခေါ်နေတာ"

"ခွေးမဟုတ်မှန်းသိရင် ခွေးလိုမခေါ်နဲ့ပေါ့၊ နည်းနည်း





ပါး အထွာအပါးသိ"

"အံမာ… အထွာအပါးမသိတာက နင်ဟဲ့… ဘာကိစ္စ နန်း၀မှာ လာအိပ်နေတာလဲ"

"အိပ်စရာမရှိလို့ပေါ့၊ ဒါ နင့်မိဘအိမ်လေ။ ငါ့ ဖို့ စီစဉ်ပေးထားတဲ့ အခန်းမှာ မအိပ်ရတာ၊ ငါက ယ်ချောင်လိုက်တိုးရမှာလဲ"

"တိုးချင်ရာ သွားတိုး၊ ဒီရှေ့ကဖယ်"

"ဖယ်မပေးနိုင်ဘူး ဒီည ငါ ဒီမှာအိပ်မယ်"

"မဖယ်လို့ရမလား ဒီမှာ ရေအိမ်သွားမလို့"

"မသွားနဲ့ပေါ့၊ အစကတည်းက အခန်းတံခါးပိတ် ပြီးတော့၊ အဲဒီ အခန်းထဲမှာပဲ သွားလိုက်"

"နင် အရွဲ့တိုက် မပြောနဲ့နော် ခုဖယ်ပေး"

"ဖယ်မပေးဘူး၊ ဆုံးဖြတ်ထားပြီးသား ဒီနေ့နေရာ တစ်လက်မမှ မရွှေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရွှေ့လို့ ရမလား ညီ၊ ငါ့ကို ဒေါသဖြစ်အော

ဆွမပေးနဲ့နော်"

"ဖြစ်လေ ကိုယ့်ဒေါသနဲ့ကိုယ် ဖြစ်ခွင့်ရှိတာပဲ၊ ပါ

မလိုပါဘူး"

"တောက်..."

မြိုင် တက်တစ်ချက် ခေါက်တော့ ညီခါးပေါ်က

ဖြုတ်ကျော်ဖို့ ထမီမ၍ ခြေလှမ်းပြင်လိုက်သည်။

"ဟိတ် ဘာလုပ်တာလဲ"

ညီ ငေါက်ခနဲ ထထိုင်ကာ မြိုင့်ခါးကို လက်ပြန်တွ

ပစ်လိုက်၏။

"ဒုန်း..."

"အား..."

ဒရင်းဘာတ်နဲ့ တံခါးကြားမှာ အရှိန်နှင် လန်ကျသွ

၏။ သို့သော် ချက်ချင်း ပြန်ကျုံးထကာ ညီ့ကို ပြေးကု





ဆွဲသည်။

"ကဲ... ကဲ အလကားကောင် နင့်ကို ငါ မုန်းတယ်၊ သိပ်မုန်းတယ်"

"ဘယ်သူကကော ချစ်ပါတယ်၊ ကြိုက်ပါတယ် ပြော နေလို့လဲ၊ နင်မုန်းတာထက် ငါက ပိုမုန်းသေးတယ်"

ညီကမြိုင့်လက်တွေကို အဆက်မပြတ် ကာကွယ်ပုတ် ချနေရင်း မြိုင့်ပခုံးနှစ်ဖက်ကို ဖိကာ နရံနဲ့ ကပ်ထားလိုက်၏။

"နင် ငါ့အသားကို နာအောင်လုပ်ဖို့ စိတ်မကူးနဲ့နော်၊ ငါ့မှာ သည်းခံတတ်တဲ့ ပါရမီ မပါဘူး၊ ဒါ နောက်ဆုံးသည်းခံခြင်းပဲ"

ညီက လက်နှစ်ဖက်ကို ဆန့်ခါပစ်ကာ ဒရင်းဘာတ်ကို လျှောခနဲ ကန်ထုတ်ပစ်လိုက်၏။

ညီသည် သားသမီးကို ဆုံးမ မနိုင်တော့၍ ပင့်သက် ဖြာနေခဲ့ရသော မိခင်တစ်ယောက်ရဲ့ ကြေကွဲမျက်ဝန်းများသို့ မှောင်ရီဝေဝါးလျက်။

*



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါသားရယ် စိတ်ပြေလက်ပျောက်ပေါ့၊ အညာဒေသ သိပ်ပြီး သာယာလှပတာ၊ ဘုရားဖူးရတယ်၊ စိတ်ချမ်းသာရတယ်"

"ခုလဲ ကျွန်တော် စိတ်မဆင်းရဲပါဘူး ဖေဖေ၊ အားလုံးက ဖြစ်သည့်တဲ့အတိုင်း ဖြစ်သွားတာပါ၊ ဒီမှာ ဖေဖေ တစ်ယောက်တည်း လုပ်ငန်းတွေနဲ့ ပင်ပန်းနေမှာပေါ့"

စိတ်မဆင်းရဲပါဘူးဆိုသည့် လူရဲ့ မျက်ဝန်းထောင့်မှာ ကြေကွဲရိပ်တွေ စွန်းထင်းနေသည်။

ပြုံးရောင်ဆောင်နေသည့် နှုတ်ခမ်းထောင့် ညွတ်ကျ





လုလု...သားကြီးကို ကြည့်၍ ဒေါ်နုနုစံ စိတ်မချမ်းသာပါ။

တကယ်တမ်းကျတော့လည်း မချစ်လို့ ထွက်ပြေးသည့် မိန်းကလေးတစ်ယောက်ကို ကုတ်ဆွဲခေါ်လာပြီး အတင်းလက်ထပ်ပေးဖို့က မြိုင်ဟာ နုနုနွဲ့နွဲ့ ခပ်ပျော့ပျော့ မိန်းကလေးတစ်ယောက် မဟုတ်ပေ။

"သားကြီးတစ်သက်လုံး ဒီဒဏ်ကို ခံနိုင်မှားလားဟင်၊ ပြီးတော့ အငယ်နဲ့လိုလို၊ အကြီးနဲ့လိုလို ပတ်ခန်းကျင်က ပြောဆိုလာကြမှာတွေ..."

အားလုံးကို ပြောမြတော့ ညီလာကောင်း လက်ခံခဲ့သည်။ သူ့အပေါ် မြိုင် ဘယ်လိုအေးစက်ခဲ့တာ၊ သူက သူများထက် ပိုသိ၏။

ခုလို ထွက်ပြေးပြီးမှ ပြန်ပေါင်းရတော့မည်ဆိုလျှင် သူဟာ ဘယ်လိုလူစား၊ ဘယ်လိုအဆင့်အတန်းထိ ယိုးကျသွားမလဲ။

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ဟာ သူ့အတွက် အချစ်ဦးပေမဲ့ ရှုံးတော့မရှုံးခဲ့ဝါ။ မင်္ဂလာဆောင်ခံပွဲနေ့ကလည်း သူကိုယ်တိုင် အပြုံးမပျက် ဆောင်ခံပေးခဲ့သည်။ ဒါပေမယ့် ခဏသာဖြစ်ပြီး နောက်ပိုင်းကျတော့ သူ့အပြုံးက ပျောက်သွားခဲ့သည်သာ။

ထူးခြားသော မင်္ဂလာပွဲကို သိတဲ့သူလည်း သိကြမှာပါ။

ပြီးတော့လည်း ပြီးသွားပြီ ဖြစ်သည်။

သားဖြစ်သူကို ငဲ့ညှာလိုတာလည်း ပါသည်။

ဒေါ်မာလာမြိုင်ပြောသလို သူတို့ချင်း အပြိုင်အဆိုင် တုံ့ပြန်ကြ၏။

"သမီး နည်းလမ်းမကျတာလဲ ရှိတယ် မစု၊ အဲ့ဒါ မာလာသိတယ်၊ သားနဲ့သမီး အပြန်အလှန် တုံ့ပြန်ကြမယ့်ထဲမှာ သားဘက်က ဘယ်လိုပဲ တုံ့ပြန်တုံ့ပြန် သမီးကို အရှုံးရောက် ထိခိုက်နစ်နာစေမှာ မဟုတ်ဘူးဆိုတာကိုလဲ





မာလာ နားလည်တယ်၊ အဲ့ဒါကြောင့် သူတို့ကို နှစ်ယောက်တည်း လွှတ်ပေးထားခဲ့မယ်"

ဒေါ်မာလာမြိုင်ကပဲ အကြံပေးတာ ဖြစ်သည်။

ထိုအထဲမှာ သားကြီးကိုပါ ဆွဲခေါ်သွားဖို့ ဒေါ်နုနုစံက စီစဉ်၏။ စီးပွားရေး လောကထဲမှာ ဝင်ဆံ့နေတဲ့အရွယ်မို့ ဟန်ဆောင် ထိန်းချုပ်နိုင်ပေမဲ့ ရင်ထဲမှာတော့ မျက်ရည်မိုးရွာနေရှာမည်သာ။

"လိုက်ခဲ့ပါ သားကြီးရယ်၊ သားတို့အဖေလဲမပါဘူး၊ မေမေတို့ နှစ်ယောက်တည်းမို့ ခေါ်တာပါ၊ ကိုဝင်းကျော်ကလဲ သိပ်မလိုက်ချင်ဘူး၊ သားအဖေနဲ့ လုပ်ငန်းလေ့လာရင်း နေခဲ့ချင်တယ်တဲ့၊ သူမပါရင် နှစ်ယောက်တည်းရယ်လေ၊ လိုက်ခဲ့နော် သား"

ညီလာကောင်း မေမေ့ကို နားလည်ပါသည်။

ဘာကြောင့် မရအရ ခေါ်နေသည်ကိုလည်း သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သည်။

ထို့ကြောင့်လည်း သူ ဆက်ပြီး ခေါင်းမခါမိတော့ဘဲ လိုက်ဖို့ သဘောတူလိုက်သည်။

ဒါလည်းပါ ကောင်းတာပါပဲ။

*



"ရော့ ဒီမှာ ကြက်သား… ဒါက ငါး… ဘာငါးမှန်း တော့မသိဘူး… ဒီမှာ ကော်ဖီပန်းပွင့်…ဒီမှာ ဘဲဥ ဆယ်လုံး"

တစ်ခုချင်းပြော၍ ဆွဲချနေသော ဆွဲခြင်းနဲ့ကော အိတ် တွေမှာပါ ပါလာသမျှဟာ စားပွဲပေါ်မှာ ပြည့်ကျပ်ကာ ပုံသွား လေသည်။

သူမ ခုမှ ကော်ဖီသောက်ဖို့ ထိုင်သည်။

ညီ ဘယ်တုန်းကတည်းက ဈေးထသွားမှန်း မသိ။

ဝယ်လာတာတွေက အစုံအလင်။

နောက်ဆုံး လက်ဆွဲအိတ် လှလှလေးတစ်လုံးကို ရှေ့ မှာချပေးကာ

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ဖိနပ်... ဒေါက်ချွန်မြင့်မြင့်ကြီး တဂွပ်ဂွပ်နဲ့ နားငြီးတယ်၊ အိမ်မှာနေရင် အဲဒီ စလစ်ပါကိုပဲစီး၊ ပေါ့ပေါ့ပါးပါးရှိတယ်၊ အန္တရာယ်ကင်းတယ်၊ မီးဖိုထဲမှာ ချက်တော့ပြုတ်တော့ ဒေါက်ချွန်ကြီးနဲ့ မကောင်းပါဘူး"

မြိုင် ကော်ဖီပန်းကန်လုံးကို ဂွပ်ခနဲ မြည်အောင်ချလိုက်ကာ

"ကြီးကြီးကျယ်ကျယ်တွေ စီစဉ်နေလိုက်တာ၊ နင့်ကိုဘယ်သူက ချက်ကျွေးမယ် ပြောနေလို့လဲ၊ ပြီးတော့ ငါ့ဟာငါဒေါက်ချွန်ပဲစီးစီး၊ ဝါးခြေထောက်ပဲလုပ်လျှောက်လျှောက်နင့် ခေါင်းပေါ် တက်နင်းနေတာမဟုတ်ဘူး၊ နင် ပြောစရာမလိုပါဘူး"

"ပြောစရာလိုတာပေါ့၊ မီးဖိုထဲမှာ အပူအိုးတွေဘာတွေသယ်မရွှေ့ရင် ဒေါက်ချွန်ကြီးက ဒုက္ခပေးသွားနိုင်တယ်၊ မပေးလဲ တစ်ဖက်လူ နားငြီးတယ်၊ ထမင်းဟင်းချက်ရမှာ





ကလဲ မိန်းမအလုပ်ပဲ၊ အခု ဝယ်စားနေတာ ဘယ်လောက်ကြာပြီလဲ"

"တစ်ပတ်ပဲ ရှိသေးတယ်"

"တစ်ရက်မှ ထပ်မစားနိုင်တော့ဘူး"

"မစားနိုင်ရင် ကိုယ့်ဟာကိုယ် ချက်ပေါ့"

"ဘာ"

ညိုက အလွတ်ဖြစ်သွားသည့် လက်ဆွဲခြင်းကို ဆတ်ခနဲဘေးရွှေ့ပစ်ကာ စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ မြိုင့်တစ်ကိုယ်လုံးကို ရူးရူးဝါးဝါးကြည့်သည်။

မျက်နှာပေါ်က ကာလာမဲ့နေပေမဲ့ မိတ်ကပ်ပြေပြေလိမ်းထားမှန်းတော့ သိသည်။

ရွှေအိုရောင် ဒူးနားချိတ်ပါသော ထဘီအနီရဲရဲနှင့်ရင်ညွန့်နားမှာ ရွှေရောင်အသည်းပုံ သေးသေးလေးဝါ့သည့်တီရှပ် အနီရဲရဲကို ဝတ်ဆင်ထား၏။

www.burmeseclassic.com



နားမှာ၊ လက်မှာ နားကွင်းလက်ကောက်အား...

အနီရောင် လက်ကိုင်အိတ် ဖိနပ်ကအစ အနီရဲရဲ...

နှုတ်ခမ်းနီ မကြိုက်သူမို့ နှုတ်ခမ်းသားလေး...

အရောင်တောက်ဖို့ အနည်းငယ် လိုနေသည်မှလွဲ၍ ...

တစ်ကိုယ်လုံး အိစက်ဝင်းထိန်နေသည်။ ဘယ်လိုပဲကြည့်ကြ...

လှနေသည်။

သူမ အပြင်သွားဖို့ ပြင်ဆင်ပြီးနေတာကိုသိ၍ ညီ...

ဟင့်ခနဲ မဲ့လိုက်သည်။

"ဟင့်... လှတော့လှပါတယ် ဒေါင်းမလေးလို...

ဒေါင်းမလေးကနေ လှလိုက်တာလို့ ချီးမွမ်းမိကြမှာ...

နောက်ကသွားကြည့်တော့ ဖင်ကဟောင်းလောင်း ဟား...

ဟား... ဟား"

"ထပ်တူညီ"

မြိုင်က စားပွဲကို ဒုန်းခနဲထု၍ ထရပ်လိုက်သည်။





မျက်နှာပြင်လေးက တွတ်တွတ်ရဲလျက်

"နင်ဟာ တော်တော် အောက်တန်းကျကျပြောတတ်တဲ့

လူရိုင်းပဲ"

"ဟုတ်တယ် ရိုင်းတယ်၊ ရိုင်းသင့်တဲ့လူကို ရိုင်းပေး

ရမှာပဲ၊ လူကြည့်ဆက်ဆံတာလေ၊ ဒီဥပမာက နင်နဲ့အလိုက်

ဆုံးပဲ၊ နင့်မှာ ရုပ်ရည်လေးတော့ ရှိပါတယ် ဘာအရည်အချင်း

ရှိသလဲ"

"ဘာအရည်အချင်းလဲ၊ ထမင်းဟင်းချက်တတ်မှ အိမ်

ရှင်မကောင်းဆိုတာ ကုန်ဆုံးသွားတဲ့ ရာစုနှစ်တွေထဲမှာ

အရည်ပျော်ကြေပျက်လို့ စနစ်တကျ သမိုင်းဖြစ်သွားပြီ၊

သိပ် စိတ်ကူးယဉ်မနေနဲ့ ထပ်တူညီ၊ ငါက နင့်ရဲ့အိမ်ရှင်မ

ဖြစ်ဖို့အတွက် ရာစုနှစ်တွေထဲက ထလာတဲ့ မီးခွက်စောင့်

နတ်သမီး မဟုတ်ဘူး"

"အေး... မီးခွက်စောင့် နတ်သမီး မဟုတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပုခက်လွှဲသော လက်ပိုင်ရှင်ဟာ အိမ်ထောင်စုတစ်စုရဲ့ ဖန်ဆင်းရှင်ပဲ"

"ဘာလဲ...ဘာမှ ပုခက်လွှဲစရာမလိုဘူး၊ နေပါဦး၊ ညီနင်က ငါနဲ့ပတ်သက်ပြီး တော်တော်စိတ်ကူးယဉ်ထားပုံရတယ်"

"ဟုတ်တယ်၊ ဒါပေမဲ့ စိတ်ကူးယဉ်တဲ့အထဲမှာ ပုခက်လွှဲခိုင်းဖို့တော့ မပါဘူး၊ စိတ်လဲမဝင်စားဘူး၊ ငါ ဆိုင်ထမင်းဆိုင်ဟင်း မစားနိုင်ဘူး၊ ဒီအိမ်မှာ နင် အိမ်ထောင်ရှင်မ နင်ချက်ပြုတ်ကျွေးတာကို စားဖို့ပဲ ငါ စိတ်ကူးယဉ်တယ် ဒါပဲ"

"နောက်ဘဝအထိ ဆက်ယဉ်လိုက် အဲစိတ်ကူး၊ ဒီမှာသေသေချာချာ ကြည့်ထားလိုက် နင့်လို လူကို ခြေဆုပ်လက်နယ်ပြုစုမယ့် ရုပ်လားဆိုတာ"

"ခြေဆုပ်ဖို့လဲ မလိုဘူး၊ လက်နယ်တာလဲ မခံချင်ဘူး ဒီနေ့ကစပြီး ဘယ်သူမှ အပြင်ထွက်မစားဘူး၊ နင်ချက်ရမယ်"





"လဲ သေလိုက်တော့"

မြိုင်က လက်ကိုင်အိတ်ကို ကောက်ယူကာ နေရာက လှည့်ထွက်၏။

"ဒါက ဘာလဲ"

"ငါ့ဟာငါ ဘယ်သွားသွား"

"မသွားရဘူး၊ ထမင်းဟင်းချက် စားသောက်ပြီးမှသွား"

"မချက်နိုင်ဘူး သွားမယ်"

"သွားလို့ ရမလား"

"အို... လွှတ်... ညီ၊ ငါ့ကိုလွှတ်နော် မကိုင်နဲ့"

"ကိုင်ချင်လွန်းလို့မထင်နဲ့ လိုရာခရီးကို ရောက်ဖို့ အနေးမောင်းမယ်၊ အမြန်မောင်းမယ်၊ လိုအပ်ရင် ဘရိတ်သုံးမယ် ဒါပဲ"

"လူယုတ်မာ လွှတ်...လွှတ်"

တကယ်တမ်း ဒေါသချင်းယှဉ်တော့ ကိုယ်က နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုင်မည်။ လူချင်းတော့ မယှဉ်နိုင်။

အိပ်ခန်းထဲသို့ မြိုင်ဒယိမ်းဒယိုင်ပစ်ဝင်ကာ တွန်းပစ်လိုက်သည့်အားကြောင့် မှန်တင်ခုံရှေ့မှာ အင့်ခနဲ လဲကျသွား၏။

"ဂျိမ်း"

အခန်းတံခါးက ဆောင့်ပိတ်ကာ ချပ်ခနဲ တံခါးပိတ်ပစ်လိုက်သံကို ကြားလိုက်ရ၏။

"ထပ်တူညီ ငါပြောနေတယ် ကြားလား"

"အိုး...အိုး"

"ကြားတယ် ငါက လူယုတ်မာဆိုရင် နင်က လူယုတ်မာနဲ့ပဲတန်လို့ ငါနဲ့ ညားတယ်ပဲ မှတ်လိုက်ပေါ့၊ ဒေါင်းမ ငါသွားပြီ"

"ထပ်တူညီ"

မြိုင် ထုနှက်နေရင်း လက်ဖဝါးနှစ်ဖက်လုံးမှာ နီရဲ





သို့ပုတ်ကာ အောင့်တက်လှုပ်ပူလာမှ ကိုယ့်လက်ကို ထောင်ကြည့်မိသည်။

အမောင့်...

အားငယ် ဝမ်းနည်း၍ မဟုတ်ပါ။

နှုတ်ခမ်းလေးကိုဖိကိုက်ထားသည့်ကြားမှ စီးကျလာသည့် မျက်ရည်တို့က ဒေါသ မာန်မာနတို့ကြောင့် ပို၍ နွေးလှစွာ...

* *

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကတဂွီဂွီမြည်ကာ ဘယ်လိုမှ မနေနိုင်တော့ပေ။ အိပ်ရာထက်က ထထိုင်လိုက်တော့ ခေါင်းတွေ မူးဝေကာ ဒူးတွေ ချောင်၊ လက်ကတုန်၊

အစားရေစာ ငတ်ရခြင်း ဒုက္ခကို တကယ့်ကို နဖူးတွေ့ ဒူးတွေ့ ခံစားနေရတော့သည်။

အချိန်ကိုကြည့်တော့ ည ဆယ်နာရီ တိတိ။

ဗိုက်ဆာတာကို မေ့ပျောက်အောင် အိပ်ဖို့ကြိုးစားပေမဲ့ ဘယ်လိုမှမရ၊ နေ့လယ်ကတည်းက တစ်ရေးနိုးလို့ တံခါးဖွင့်တော့ ပွင့်သွားသဖြင့် ဝမ်းသာအားရ ထွက်ခဲ့သည်။

ပြတင်းပေါက်တွေကအစ တံခါးမကြီးတွေအားလုံးကို





သော့ခတ် ပိတ်ထားလေသည်။

ပြတင်းတံခါးတွေကျတော့ အတွင်းမှာ သံပန်းခံဆန်ကာတွေ ကပ်ထားသဖြင့် ကျော်ခွထွက်ဖို့က မဖြစ်နိုင်။

လိုက်ရှာတော့ ထပ်တူညီက ဦးညီညီမင်း လွှဲပေးထားသည့် လုပ်ငန်းနဲ့ ပတ်သက်သည့် တိုက်အမျိုးမျိုးကို မွှေနှောက် လှန်လှောကာ သူမကို စောင့်ရှုပင် မကြည့်။

တမင်တကာ ဒေါက်ဖိနပ်သံကို အသံပြင်းပြင်းထွက်အောင်လျှောက်ကာ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

စားပွဲပေါ်မှာ မနက်က တင်ထားပုံရသည့်အတိုင်း ခြေရာလက်ရာမပျက် ရှိနေဆဲ သားငါး၊ သီးနှံများထဲမှာ လောလောဆယ် ကောက်စားလိုက်လို့ရသည့် စားစရာတစ်ခုမှ မပါ။

ရေခဲသေတ္တာ နံရံဗီရိုကြီးထဲမှာ ဘယ်မှာမှ စားစရာမရှိ ကိုယ့်အိမ်အကြောင်း ကိုယ်သိသည်။

မေမေဟာ သစ်သီး သို့မဟုတ် ကော်ဖီ၊ ဘီစကစ်၊



www.burmeseclassic.com

www.burmeseclassic.com



ထိတ်မှန်း၊ ငှပါင်မုန့် စားစရာတစ်ခုခုကို အိမ်မှာအမြဲထားသည်။

အစားကို တဝတပြစားတာမဟုတ်ဘဲ နည်းနည်းကို ခဏခဏ စားတတ်သလို အကောင်းလည်းကြိုက်သည့် သူမအတွက် စားစရာကို အပြတ်မခံခဲ့ပေ။

ခုတော့ ဗီရိုထဲမှာ နို့ဆီ၊ သကြားဘူးကအစ မရှိတော့ပေ။ အပေါ်ထပ်မှာ စီရီတင်ထားသည့် မုန့်ပုံးတွေထဲမှာလည်း အခွံလွတ်ပုံးများသာ ရှိလျက်၊ မုန့်ရှိသည့်ပုံးကပျောက်နေသည်။

သူ သက်သက် မြိုင့်ကို ထမင်းဟင်းချက်စားချင်အောင် ငတ်ရာငတ်ကြောင်း ကြံစည်ထားမှန်း သိသဖြင့် သူမ အခန်းထဲ ပြန်ဝင်ကာ အိပ်ပစ်လိုက်သည်။

ညနေစောင်းတော့ တစ်ရေးနိုးသေးသည်။

ဒါပေမဲ့ ရေခဲရေတစ်ဘူးကို တစ်ဝက်ကျအောင် သောက်ပစ်ကာ ပြန်ဝင်အိပ်လိုက်၏။





ထိုစဉ်က ညီဘောမှာလည်း ရေခဲရေဘူးခွံနှစ်လုံးနှင့် သောက်လက်စ တစ်ဘူး ရှိနေ၏။

ပြီးတော့ စီးကရက်တွေ ပြန့်ကျဲနေသည်။

သူလည်းမစားဘဲ နေသလိုလို ပုံစံ လုပ်ပြထားတာ၊ လူယုတ်မာ သူ့ဗိုက်သူတော့ အပြည့်သိပ်ပြီးပြီပေါ့။

ဒါသတွေကို ထမ်းပိုးကာ အိပ်ပျော်သွားခဲ့သေးသည်။

ခုတော့ ဘယ်လိုမှ မနေနိုင်တော့ပေ။

ဗိုက်ထဲက အောင့်တက်လာသည်။ နှုတ်ခမ်းတွေလည်း ခြောက်သွေ့နေပြီ။

မြိုင် အားယူထရပ်ကာ အပြင့်ကို ထွက်လာခဲ့၏။

အသားငါးတွေ ရေခဲသေတ္တာထဲမှာ ရောက်နေပြီ ဖြစ်သည်။ ဒါပေမဲ့ ချက်ပြုတ်ထားတာ မရှိ...

မြိုင် အံကလေးကြိတ်၍ မီးဖိုပေါ် ဆီဒယ်အိုးတင်ကာ မီးပလပ် တပ်လိုက်သည်။

ပဲပြားနှစ်တုံး ထုတ်ယူ၍ အစိတ်လေးတွေပုံကာ



www.burmeseclassic.com

www.burmeseclassic.com



ခဲငြံပြာရည်နဲ့ အနည်းငယ်သမကာ ကြော်ထားလိုက်၏။

ပြီးတော့ ဂေါ်ဖီကို ပါးပါးလှီး၊ ကြက်သွန်နီကိုလှီး ပြီး အမွှန်သက်သာအောင် ရေဆေးလိုက်သည်။

သုတ်ဖို့အားလုံး ပြင်ဆင်ပြီးတော့ ပဲပြားက ကျက်ပြီ။

ပန်းကန်တစ်လုံးစာ မာတ်ဘူးထဲက ရေနွေးကို ငှဲ့ထည့်၍ ကြက်သားမှုန့်ခတ်သည်။

ခေါက်ဆွဲခြောက် အနည်းငယ်ဖြုန်း၍ အချိုအငံ မြည်းကြည့်၏။ ချိုမြမွှေးကြိုင်နေမှ ပဲပြားညှပ်ပြီးသားကို အဆာတွေအစုံ ထည့်ကာ ကြက်သားမှုန့် ထပ်ဖြူး၊ နံနံပင်လေးပါ အုပ်၍ သုတ်လိုက်၏။

ညဥ့်ယံမို့ သူမ တိတ်ဆိတ်စွာ လှုပ်ရှားနေပေမဲ့ ကြော်လှော်၊ လှီးချွတ်သံတွေက ကျယ်လောင်စွာ ထွက်ပေါ် နေသည်။ ညဥ့် တစ်နာရီ ကျော်ကျော်မှာ စားဖို့ အားလုံး အဆင်သင့် ဖြစ်သွားပြီ။

လက်တုန် ခြေတုန် ဖြစ်နေပေမယ့် ဟင်းရည်အနံ့၊





အသုပ်နံ့တွေပါ မွှေးကြိုင်နေသော်လည်း ဗိုက်ထဲက အောင့် နေသဖြင့် တကယ်တမ်းကျတော့ မစားချင်တော့သလို ဖြစ်နေ၏။

အဆာလွန်တယ်ဆိုတာ ဒါပဲ ထင်ပါရဲ့။

မြိုင် အချက်အပြုတ်၊ အိမ်တွင်းမှု အားလုံးတတ်ပါ သည်။

ဓာတ်ဖိုးပန်းထိုးကအစ မေမေက သင်ပေးထားသည်။ သူ့ကို မှန်းလွန်းလို့ အရွဲ့တိုက်နေဖို့ကို အစကတည်းက စိတ်ကူးထားခဲ့တာ ဖြစ်သည်။

မြိုင် ဆို့နင့်ကျေကွဲစိတ်နှင့်ကျသော မျက်ရည်ဟာ ဒါ ပထမဆုံး။

"သမီးကို မေမေက ချက်ပြုတ်ခိုင်းဖို့ မဟုတ်ဘူး၊ မိန်းမဆိုတာ အချက်အပြုတ်ကို ဝါသနာလဲ ပါရမယ်၊ ကျွမ်းလဲ ကျွမ်းကျင်ရမယ်၊ ခေတ်တွေ၊ စနစ်တွေ ဘယ် လောက်ပဲပြောင်းသွားသွား မြန်မာ့ဓလေ့ မိသားစုတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



လင်ယောကျ်ားဟာ ကိုယ့်သားမယား ချက်ပြုတ်ကျွေးမွေးတာကို ဂုဏ်ယူစရာတစ်ရပ်အဖြစ် ပြောနေကြတာတော့ သမီးဖေဖေကို အကဲခတ်ကြည့်ပေတော့၊ သာယာနေတဲ့အိမ်ထောင်ရေးတွေ ဘယ်လိုရှိနေတယ်ဆိုတာ စိတ်ဝင်စားတတ်ရင် တစေ့တစောင်း ကြည့်လို့ရပါတယ် သမီးရယ်၊ ဒါဟာ ကမ္ဘာဦးအစကတည်းက ကုန်ဆုံးသွားတဲ့အထိ တည်မြဲသွားမယ့် အစဉ်အလာတစ်ခုပဲ”

မြိုင် အသုပ်ကို စဉ်းစားရင်း ဝါကာ မျက်ရည်စက်တို့ တစ်စက်ချင်း ကျနေလေသည်။

မေမေ့ကို တမ်းတ၍ ဝမ်းနည်းမိသည်။

ညီ့ကိုသတိရတော့ အံကြိတ်မိ၏။

ဘဝဆက်တိုင်း ဒီလိုလူမျိုးနဲ့ မဆုံစည်းပါရစေနဲ့၊

“အား…”

လက်ထဲက ဇွန်းနဲ့ ခက်ရင်းတွေ တဒေါက်ဒေါက် ပြုတ်ကျသွားသည်။ ပါးစပ်ထဲက ဝါးလက်စကို မျိုမချနိုင်





တော့ဘဲ ထွေးခံလိုက်ရှာသည်။

“အား… အင့်”

မြိုင် ထိုးအောင့်လာသည့် ဗိုက်ကို နှိပ်ကာ ဘေစင်သို့သွားဖို့ ထရပ်လိုက်၏။

ရင်ဝသို့ အရာဝတ္ထုတစ်ခု ထိုးအောင့်လာသလို မျက်လုံးတွေ ပြာကာ ခေါင်းထဲမှာ မူးမိုက်သွားသည်။

“အား…”

“ဟိတ်… ဘာဖြစ်တာလဲ”

တံခါးဝရောက်လာသည့် ညီက မြိုင် ဒူးညွှတ်ကျသွားတာမြင်သည်နှင့် ပြေးဝင်လာသည်။

“အား…”

“ဘာဖြစ်တာလဲ့ မြိုင်”

“အင်း… ဟင့်အင်း သွား နင်… နင်”

မြိုင် သူ့ကို တွန်းဖယ်ဖို့ ကြိုးစားရင် ခါးလေးကော့တက်သွားကာ သတိလစ် မေ့မြောသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြိုင်"

ညီ မြိုင့်ကိုယ်လုံးလေးကို ပွေ့ယူလိုက်၏။

*



မြိုင် နိုးလာတော့ အခန်းထဲမှာ နေခြည်နုနုက ဖြာကျနေပြီဖြစ်၏။

ထထိုင်ဖို့ ကြိုးစားလိုက်သည်နှင့် ခေါင်းတစ် တဆစ်ဆစ်ကိုက်လာကာ ကိုယ့်လက်ကိုပင် မဆုပ်ချင်လောက်အောင်အားအင်တွေ ဆုတ်ခန်းနေ၏။

"နိုးပြီလား"

ညီက အငွေ့တထောင်းထောင်းထနေသည့် ပန်းကန်လုံးတစ်လုံးကို လက်ဝါးပေါ်မှာ လက်သုတ်ပဝါတစ်ထည်နှင့်ခံ၍ ကိုင်လာသည်။

"ရော့... ဒီမှာ ကြက်သားနဲ့ ကြာဆံချက် ချက်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သိပ်တော့ မလုပ်တတ်ဘူး၊ ကောင်းကောင်းမကောင်း ကောင်း မျိုသာချပေတော့"

"မျိုလဲမချဘူး၊ စားလဲမစားဘူး၊ ငါ့ဟာငါ အပြင်မှာ စားချင်တာ ဝယ်စားမယ်"

"စားချင်တာ စားလို့မရဘူး၊ အပြင်လဲ ထွက်ဖို့မရဘူး နင်က ငါ့မိန်းမ ဖြစ်နေပြီ အတိုက်အခံလုပ်တာတွေကို မေ့ ပစ်ပြီး ငါ့စကားကို နားထောင်ဖို့ပဲ ကြိုးစား၊ အိမ်ထောင် သည်ဖြစ်ပြီးမှ အဖျိုလိုနေလို့မရဘူး၊ ချက်ရပြုတ်ရမယ့်အချိန် ချက်ပြုတ်ရမယ်၊ အိမ်မှုကိစ္စ ပြီးစီးမှ အပြင်ကိစ္စကို သွားလာ ဖို့ စဉ်းစား၊ နင် ငါပြောတာကို နားမထောင်ဘူးဆိုရင် အိမ်တံခါးကို အမြဲပိတ်ထားမှာပဲ၊ ခြံထဲတောင် လမ်းဆင်း မလျှောက်ရဘူး"

"ထပ်တူညီ နင်က ငါ့ကို ဝက်တစ်ကောင် ဝယ်ထား တယ်လို့ ထင်နေသလား"

"မထင်ပါဘူး၊ ငါ အကန်းမှ မဟုတ်တာ"





ညီမျက်နှာက လူသေကောင်လို အပြုံးအရယ် ခံစားချက် ကင်းမဲ့လျက် အေးစက်တည်ငြိမ်နေ၏။

"အေး...ဒါပေမဲ့ နင်ကန်းနေတာတော့ သေချာတယ်၊ နင်ယူထားတဲ့မိန်းမ ဘယ်လိုမိန်းမမျိုးလဲဆိုတာကျတော့ မမြင် ဘူး မဟုတ်လား"

"ဘယ်လိုမိန်းမပဲဖြစ်ဖြစ် ငါ့မိန်းမပဲ၊ ငါ သဘောကျ တဲ့အတိုင်း ငါစီစဉ်သလို နေရမယ်"

"ထပ်တူညီ"

"ဘာလဲ"

"နင်နဲ့ငါ ဘယ်လိုညားခဲ့တာလဲ နင်သိတယ်နော်"

"မသိဘဲနေမလား မြိုင်၊ လူကြီးတွေ စီစဉ်တာကို မလွဲသာလို့ ယူခဲ့ရတာပဲဟာ"

"နင်..."

မြိုင် တင်းခနဲ အံကြိတ်သည်။

ညီက ဂရုမစိုက်သလို မထိတထိ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင့်ထက်ပိုပြီး ခါးသီးတယ် ထပ်တူညီ နင်တို့ ညီအစ်ကိုကို လက်တွဲဖို့ နောင်ဘဝအထိ ငြင်းခွင့်ရှိရင် ငြင်းချင်သေးတယ်၊ အေး….အခု ငါတို့ဆန္ဒမပါဘဲ ယူခဲ့ကြတယ်၊ စီစဉ်တဲ့အတိုင်း ယူပြီးကြပြီဆိုတော့ ပြီးပြီ၊ နှစ်ဦးသဘောတူ ပြန်ကွာမယ် ဘယ်လိုလဲ"

"ကိုယ်တိုင် ဆုံးဖြတ်ခွင့်မှသာလို့ ခေါင်းညိတ်ခဲ့ကြတာ နှစ်ဦးသဘောတူ ကွာရှင်းလို့ ဘယ်ဖြစ်မလဲ"

"ဘာလဲ နင်က လူကြီးတွေအားကိုးနဲ့ ငါ့ကို အပိုင်စီးထားချင်တာလား"

ညီက မြိုင့်ကို မသတီစရာ စားစရာတစ်ခုလို စုန်ချီဆန်ချီ ကြည့်လျက်

"နင့်ကိုများ အဲ့သလောက် ငါက မက်မောနေလိမ့်မယ်လို့ ထင်နေသလားမြိုင်၊ ကိုယ့်ကို အမျိုးမျိုးဒုက္ခပေးခဲ့တဲ့ မိန်းမကို ရအောင်ယူပြီး ချော့မော့ပေါင်းသင်းရလောက်အောင် ငါ မထူးသေးဘူး"





"မထူးရင် မယူနဲ့ပေါ့ ငါ့ကို ကွာပေး"

"နင့်အမေကို နင်ပြော နင့်ဘက်က သဘောချရင် ငါက အဆင်သင့်ပဲ"

"သြော်…ငါကတော့ မဖြစ်နိုင်တဲ့အလုပ်ကို လူမိုက်ကြီးလုပ်ပြီး ပြောရမယ်၊ နင်ကတော့ သူတော်ကောင်းပေါ့"

"သူတော်ကောင်းတာ မကောင်းတာ ငါ မသိဘူး၊ ငါ့ဘက်က စဖျက်ဖို့ စိတ်ကူးမရှိတာတော့ အမှန်ပဲ၊ အဲဒါ နင့်ကို မက်မောလွန်းလို့ မဟုတ်ဘူး၊ ငါ ယောကျ်ား ငါ့ဘက်က သေးနုပ်သိမ်ဖျင်းတာမျိုး မလုပ်ဘူး၊ ငါ တည်ဆောက်မိခဲ့တဲ့ အိမ်ထောင်ရေးဟာ ဆိုးနေရင် ကောင်းဖို့ပြင်မယ်၊ မရရင် ရအောင် ပြုပြင်မယ်၊ ဒါကို မခံနိုင်ရင် နင့်ဘက်က ထွက်ပေါက်ရှာပေါ့"

"ဒါဆို ငါ့ကို ဘာဖြစ်လို့ တံခါးပိတ်လှောင်ထားတာလဲ ဖွင့်ပေးလေ"

ညီ မျက်နှာတင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ထွက်ပေါက်ရှာမှာက ဒီတံခါးလား၊ ဘာလဲ ထွက်ပြေးဦးမလို့လား"

"ဒါ ငါ့သဘောပါ"

"ငါ့သဘောမရဘူးလေ၊ နင့်မိဘလက်ထဲမှာ နင့်ကြောင့် မိဘမဲ့ အရှက်ရသလို ငါ့စနီးဖြစ်နေရင် နင်လုပ်သမျှ ဆိုးတာကောင်းတာ ငါနဲ့မဆိုင်ဘဲနေမလား၊ အပြတ်ပြောထားမယ်မြိုင်၊ နင် ထင်ရာ ဘာမှလုပ်ခွင့်မရှိဘူး၊ ဒါကို မကျေနပ်ရင် လုပ်ခွင့်ရှိတဲ့အပိုင်းကပဲ လုပ်ဖို့ကြိုးစား၊ အဆင့်အတန်းမရှိတဲ့အလုပ်တွေ ဘာမှမလုပ်ရဘူး"

ပြောပြီး ညီက ထရပ်လိုက်သည်။

"စားပွဲပေါ်မှာ ဆရာဝန်ဆေးပေးသွားတယ်၊ အဲဒါ သောက်လိုက်ဦး"

"မသောက်ဘူး၊ သေသွားတော့ ပိုကောင်းသေးတယ်"

"ဒါဆိုလဲ ပြီးတာပဲ"

ညီကလည်း ဂရုမစိုက်စွာပဲ ထွက်သွားသည်။





သူမ သတိလစ်နေတုန်း ဆရာဝန်ပင့်လိုက်တာပင် မသိလိုက်ပေ။ စားပွဲပေါ်မှာ ဆေးနဲ့ဆေးက အဆင်သင့်။

ပြီးတော့ ကြာဆံချက်က ဆီလေးတွေဝေ့ကာ မွှေးပျံ့နေ၏။ မြိုင် နှုတ်ခမ်းလေးကိုက်ကာ အိပ်ရာပေါ် ပြန်လှဲချလိုက်မိသည်။

အပြင်ထွက်မစားနိုင်အောင် တံခါး သော့ခတ်ထားသည်။

သူချက်တတ်ရဲ့လျက်သားနဲ့ မနေ့က သူမကို ချက်ခိုင်းကာ သူပါ အငတ်ခံသည်။ ပြောလိုက်တဲ့ စကားလုံးတွေက တစ်ခုမှ ညင်သာနူးညံ့တာမရှိ။

ချက်ပြုတ်စားချင်စား၊ မစားချင်ရင် အငတ်ခံသော၊ ပြောလည်းပြော၊ လက်တွေ့လည်း လုပ်သည်။

အပွဲပွဲပြိုးနိုင်ခဲ့သမျှ မြိုင် မျက်ရည်ကျရုံမှတစ်ပါး ဘာမှ မတတ်နိုင်။

အိပ်ရာထဲမှာ မျက်ရည်တွေကျရင်း ဖိကိုက်လားမိသည့်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေ နာကျင်လာသည်။

သူမ အသေခံရမည်လား စားစရာကို ထစားရမည်လား။ စားပြီးလျှင် လုပ်ရတော့မည်။

ကိုယ်တိုင်ချက်မှ ကိုယ်တိုင်စားရမည်။

အခု သူမ နေထိုင်မကောင်း၍သာ သူ ချက်နေတာပါ။

နှာခေါင်းထဲမှာ မီးဖိုဘက်က ပျံ့လွင့်လာသော ကြက်သားဟင်းနံ့က မွှေးကြိုင်နေသည်။

ပြီးတော့ အစိမ်းကြော်နံ့၊ ချည်ဟင်းနံ့

သူ ကောင်းကောင်း ချက်တတ်ရက်သားနဲ့ သူမ အဆာလွန်၊ ဗိုက်အောင့်ကာ ဆရာဝန်ခေါ်ရတဲ့အထိ ပညာပြခဲ့သည်။

ထိုအသိနှင့် နာကြည်းကာ မာနက ခံနေသည်။

ဆာနေပါလျက်နှင့် ယူမစားချင်။

ထချက်လိုက်ဖို့ အပန်းမကြီးပါဘဲနှင့် သူပြောသလို မလုပ်ဘူးဟူသော မာနနဲ့ တင်းနေမိသည်။





ဒါဆို ငါဟာ သူ အလျှော့ပေးတာ၊ ယုယတာကို မျှော်လင့်နေတာလား၊ မဟုတ်ဘူး...”

မြိုင် ခြေတွဲလွဲလေးချ၍ ထထိုင်လိုက်မိပြန်သည်။

အစာအငတ်ခံ ဆန္ဒပြရင်း သေသွားရတဲ့ အထိတော့ မြိုင် မမိုက်ချင်ပါ။ ကိုယ်သေသွားလို့လည်း သူ့ကို နိုင်သည်ဟု ဘယ်သူက ဆိုလာမှာလဲ။

“မိန်းမဖြစ်ပြီး ချက်ပြုတ်မစားချင်လို့ အငတ်ခံသေတာ” တဲ့ သေရတာခေါင်း မိဘ အရှက်ရဦးမည်။ နာမည်အပုပ်နံ့က ကျန်ခဲ့ဦးမည်။ မြိုင် နေရာမှထကာ ကြာဆံချက်ပန်းကန် ချထားသည့် နားမှာ ခုံဆွဲထိုင်လိုက်သည်။

“အဲဒါ မစားနဲ့တော့ ထမင်းစားချိန် ရောက်နေပြီ၊ ဟိုမှာသွားစား၊ အားလုံး ကျက်နေပြီ”

“နင်ချက်ပြုတ်ကျွေးတဲ့ ထမင်းဟင်းတို ငါ မစားဘူး၊ ထွက်သွား ဆရာကြီးလာမလုပ်နဲ့”

ညီက မျက်ခုံးပင့်ကြည့်ကာ ပခုံးနှစ်ဖက် ပွန့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး...

"ကောင်းတာပေါ့ အဲ့သလိုမှ ဖြစ်ပါ့မလားလို့ ဟဲ... ဟဲ အင်း...ဒါဆို နင် အမြင်မှန် ရသွားပြီဆိုတော့ တံခါးဖွင့်မယ်၊ ငါ အလုပ်စဝင်တော့မယ်"

မြိုင်က ပျစ်ပျစ်နှစ်နှစ် မျက်စောင်းထိုးကာ ကြာဆံချက်ကိုပင် ဒေါသမကင်းစွာ သောက်လေသည်။

ညီက ဆံပင်တစ်ချက်ဖွ၍ အသံမထွက်အောင် ရယ်သွားသည်။

အောင်သွားပြီ သင်ပုန်းကြီးအဆင့်...

မြိုင် ကကြီး ခကွေး ဖတ်တတ်ပြီပေါ့

*

"တီ... တီ"

ဖုန်းသံကြားတော့ ဆိုပြန်နေသည့် ဆိတ်ကာလီဗာအိုးကို အဖုံးအုပ်၍ ပလပ်ပါ ဖြုတ်ပစ်ခဲ့ပြီး ပြေးကိုင်လိုက်၏။





"ဟလို..."

"ကိုညီ ရှိပါသလားရှင်...ဆွေး ကိုညီနဲ့ စကားပြောချင်လို့ပါ"

"သူ မရှိဘူးရှင့်"

"ဟို... အစ်မက ကိုညီနဲ့ ဘာတော်လို့လဲဟင်"

"နေပါဦး ပြောမယ့်ကိစ္စက တော်စပ်ပုံကို တင်ပြဖို့လိုလို့လား၊ ဘာမှမတော်ဘူး...ဘာမှမမှာနဲ့၊ ပြောလဲမပေးနိုင်ဘူး"

ဒေါသဖြစ်ဖြစ်နှင့် ဖုန်းကို ဆောင့်ချပစ်လိုက်သည်။

ကြီးကြီးကျယ်ကျယ် ဘာတော်သလဲတဲ့

ဖုန်းကိုကြည့်၍ ဒေါသ တော်တော်နှင့် မပြေ။

"တီ... တီ"

လာပြန်ပြီ

မကိုင်ဘဲနေဖို့ စိတ်ကူးပြီးမှ ကောက်ကိုင်လိုက်သည်။

"ပြော..."



www.burmeseclassic.com

www.burmeseclassic.com



စိတ်က တိုနေသည်မို့ ပြေပြေလည်လည်ပြောချင်စိတ်လည်းမရှိ။

"သမီးလား မေမေပါ"

"ဟင်…ရှင် မေမေ၊ မေမေ ဘယ်ကဆက်နေတာလဲဟင်"

"မေမေတို့ မကွေးမြို့သလွန်မှာပဲ ရှိသေးတယ် သမီးရဲ့၊ မကွေးမှာ မိတ်ဟောင်းတစ်ယောက်နဲ့ တွေ့တယ်၊ သူတို့ခမျာ ဒုက္ခရောက်နေရှာတာ၊ သမီးမှတ်မိမလားမသိဘူး၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က တောင်ကြီးမှာတုန်းက အိမ်ကို လာလည်တဲ့ မူမူဆွေတို့ လင်မယားပေါ့၊ လက်ဆောင်တွေ အများကြီးနဲ့ကွယ်၊ အိမ်မှာ တစ်ညလောက် တည်းသွားပါဦးဆိုတာတောင် တည်းမသွားကြတာလေ"

"မှတ်မိတယ် မေမေ ဆယ်နှစ်သမီးလေးတစ်ယောက်ပါသေးတယ် လေ"

"အေး… ဟုတ်တယ် ဟုတ်တယ်၊ အဲဒါ မူမူဆွေ





ကိုယ်တစ်ပိုင်းသေသလို ဖြစ်သွားလို့၊ မကွေးမှာ တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့တယ်လေ၊ သူတို့ တော်တော်ဆင်းရဲသွားရှာတာ သမီးရယ်၊ အဲဒါနဲ့ မေမေ သူတို့ကို ကူညီရင်း ရှေ့ဆက်မသွားဖြစ်သေးတာ ဓိဝိတဒါနပေါ့ သမီးရယ်"

"လေးလေးနတော့ရော"

"အတူတူပေါ့၊ ကောင်းလဲ လူနာအတွက် အစစ ကူညီရှာပါတယ်၊ သမီးတို့အိမ်ထောင်ရေး အဆင်ပြေရဲ့လား"

မြိုင် ရုတ်တရက် အသံတိတ်သွားသည်။

မေမေ သဘောပေါက်သွားလေသလား မသိ။

"အဆင်ပြေအောင် နေပါ သမီးရယ်၊ ဆေးရုံကိုသွားရဦးမှာ မေမေ စကားပြောချိန် သိပ်မရဘူး၊ မေမေတို့ သမီးတို့ကို ထားခဲ့တာ ဖြစ်ချင်တိုင်း ဖြစ်ကြဆိုပြီး ဖြစ်ခွင့်ပေးခဲ့တာမဟုတ်ဘူးနော်၊ မိဘရှိတော့ နွဲ့မှာစိုးလို့ ကိုယ့်အားကိုယ့်အကြံနဲ့ ဝေဖန်ပိုင်းခြားတတ်အောင် ထားခဲ့တာ၊ မေမေ့ကို အသက်ရှည်ရှည် စိတ်ချမ်းချမ်းသာသာ မြင်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဘာသံမှ ထပ်မကြားပါရစေနဲ့”

မေမေ နေကောင်းလားလို့ပင် မေးဖို့အချိန်မရလိုက်ဘဲ ဖုန်းချသွားလေသည်။

ထိုစဉ် ပေါ်တီကိုအောက်ကို ပါဂျရိုးကားအနက်လေး ထိုးရပ်လာသည်။

မြိုင် အခန်းထဲဝင်ကာ လျှော်စရာအဝတ်တွေကို ပလတ်စတစ်ခြင်းထဲ စုထည့်နေမိသည်။

“မြိုင် ဒီကို ခဏ လာပါဦး”

လာပါဦး ဆိုပေမဲ့ မလာဘူးဆိုတာလဲ သိထားသဖြင့် ညီက သူ့ဟာသူပဲ အနားလျှောက်လာသည်။

“ဆွေးကို နင် ဘာတွေပြောလိုက်သလဲ”

“ဘာလဲ ဘယ်ကဆွေးလဲ”

“ဖုန်းဆက်တဲ့ ကောင်မလေးလေ”

မြိုင် အံ့သြသွားသည်။

“ပြန်ကြားချက်ကံ မြန်လှချည်လား၊ နင့်ကို အားလုံး





ပြောလိုက်ပြီ မဟုတ်လား၊ ဘာဖြစ်လို့ ထပ်မေးနေလဲ”

“မယုံနိုင်လို့ပေါ့၊ နင် အဲဒီလောက် ဆက်ဆံရေးညံ့ဖျင်းလိမ့်မယ် မထင်လို့”

“နင့်လိုပဲ လူကြည့်ဆက်ဆံတာလေ၊ သူက ဖုန်းဆက်တာလိုရင်းကို မပြောဘဲနဲ့ ဘာကိစ္စ သူများအကြောင်း စပ်စုသလဲ”

“ဘာတော်သလဲ မေးတာပဲ၊ နင့်ကို လူသတ်မှုဝန်ခံခိုင်းတာမှ မဟုတ်ဘဲ၊ ငါ့နာမည် မေးလာတဲ့ ငါ့ညီသည်ဟာ အလုပ်အတွက် ဘယ်လောက်အရေးပါတဲ့လူလဲ၊ ဘယ်လို ပတ်သတ်သလဲ နည်းနည်းမှ မတွေးမိဘူးလား”

“တွေးမိလဲ အဲဒီလိုမေးတဲ့လူကို ငါ ဘယ်တော့မှ ပြန်ဖြေမှာမဟုတ်ဘူး၊ ပတ်ဝန်းကျင်က နင်နဲ့ငါ့ကို ဘယ်လို ဝဲ သိထားထား၊ ငါ့ဘက်ကတော့ ဘာမှမဆိုင်ဘူးလို့ သတ်မှတ်ပြီးသားပဲ”

“ငါကလဲ ဆိုင်ချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နှင် ဆက်ဆံရေး ကျဲလိုက်တာကို ပြောနေတာ၊ ငါက အခုမှ လုပ်ငန်းထဲကို ဝင်စပဲ ရှိသေးတာ၊ အားလုံးက လူသစ်မိတ်သစ်တွေ၊ စစချင်းဆောက်နဲ့ထွင်း၊ ခု ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ နှင့်ဆီကို ဖုန်းဆက်နေတဲ့ အချိန်မှာ ဆွေးရဲ့ဘေးမှာ ဘယ်သူတွေ ရှိနေတယ်မှတ်လဲ၊ ကန်ထရိုက်တာတွေ၊ အင်ဂျင်နီယာတွေ၊ လုပ်ငန်းသစ်တွေ...”

“သြော်...သြော် သူတို့ကလဲ နှင်နဲ့ ငါ ဘာတော်လဲ ဆိုတာကို သိချင်ကြတဲ့ လူတွေလား၊ ဒါဆို နှင်က နာမည်ကျော်ပဲ၊ ဖုန်းဆက်မနေဘဲ လှုပ်တစ်ပြက် အင်တာဗျူး လုပ်လိုက်ရင် ပြီးတာပဲ”

“ငါတို့...”

ဒေါ်နဲ့ မောနဲ့ ...ဘာချလိုက်ဖို့ ပြင်ပြီးမှ ညီ ပါးစပ်ဖွင့် လျက်နှင့် ဆွံ့အသွားၡ၏။

ဆွေးက တက္ကသိုလ်မှာတုန်းက ချစ်သူတွေ ဖြစ်နေကြ ပြီဟု သူငယ်ချင်းတွေက ထင်ခဲ့ကြတဲ့အထိ သူနဲ့ တွဲခဲ့ဖူးသူ။





သူ့ဘက်က ထူးခြားခံစားခဲ့သည် မရှိပေမဲ့ ဆွေး တော့ မျှော်လင့်နေခဲ့ဆိုတာ သိသာစေခဲ့သည်။

သူလက်ထပ်တော့ ဆွေးရှိသည်။

ဒါပေမဲ့ နိုင်ငံခြား ထွက်သွားသည်ဟုသာ သိထားသဖြင့် ဆွေးရှိတာကို သူမသိတော့ မင်္ဂလာဆောင်ကိုလည်း မဖိတ် ခဲ့မိပါ။

ညက ဆွေးနဲ့သူ ဖုန်းထဲမှာ စကားပြောဖြစ်သည်။

သူမရဲ့အဖေက ရန်ကုန်မြို့က စီးပွားရေးလုပ်ငန်း အားလုံးကို သူ့ခွင့်ပြုချက်ရမှ လုပ်ခွင့်ရှိသည့် တကယ့်အရေးပါ အရာရောက်သည့် လူကုံထံ တစ်ဦးဖြစ်သလို မွေးချင်းဆွေ မျိုးအားလုံးကလည်း ကိုယ့်နည်းကိုယ့်ဟန်များနှင့် အောင်မြင် ချိတ်ဆက်ကြားနေသော စီးပွားရေးသမားများ ဖြစ်လေသည်။

ခုလည်း သူ ဝါသနာပါသည့် အလုပ်တစ်ခုကို ဖြစ် မြောက်ဖို့ ဆွေးက အဆက်အသွယ်တွေ ရှာပေးထားတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ ကိုကိုက တိုက်တွေဆောက်၊ ပြန်ရောင်း

သူကတော့ ကွန်ဒိုမီနီယံကြီးတွေကိုပဲ စိတ်ဝင်စားသည်

လက်တွဲလုပ်ရှားဖို့ မိတ်ဆွေကောင်း၊ ကျွမ်းကျင်

ဒါတွေလိုနေသည်။ ပြောဖြစ်ကြတော့ ဆွေးက ကူညီ

ကတိပေးထား၏။

အဆင်ပြေတဲ့အချိန် တွေ့ဆုံပေးမည်ဟုဆိုကာ ဒီမနေ

ချက်ချင်းဖြစ်လာတော့ သူ့မှာ အံ့ဩရ စိတ်တိုရ။

"ကိုညီ့အိမ်က ဘယ်သူလဲ ကိုညီရယ်၊ အရမ်းရိုင်း

ပဲ၊ ဘာမှမတော်ဘူး၊ မသိဘူး၊ မရှိဘူး၊ ဘာမှမပြောနဲ့

စုံနေတာပဲ... ဆွေး ရှက်လိုက်တာ"

ရုံးကို ဖုန်းလှမ်းဆက်တော့ ဆွေးအသံတွေ တုန်

ရှာသည်။ ဖုန်းနှစ်ခါခေါ်တာ မရလို့ အိမ်ကို လှမ်းဆက်

ဟုဆိုသည်။

သူ ရှက်လိုက်သည့် ဖြစ်ခြင်း။

ဒါကြောင့် အလုပ်ထဲကနေ ချက်ချင်း ထပြန်လာ





သည်။

သို့သော် လုပ်ငန်းရယ်၊ သူရယ်၊ ဆွေးရယ် ဘယ်လို

ပတ်သက်နေတယ်ဆိုတာ ပြောပြဖို့က ခက်နေသည်။

"ဒီမှာမြိုင် နင့်ကိုယ်နင် ဘာပဲထင်ထင်၊ ငါ့မိန်းမဆိုတဲ့

အဖြစ်ကို ဘယ်တော့မှ ဖယ်ထားလို့မရဘူး၊ အဲဒါမမေ့နဲ့၊

နောက်ကို စကားပြောဆင်ခြင်ပါ"

"ဆောရီးပဲ"

ညီ မြိုင့်ကို လှည့်မကြည့်တော့ပေ။

ကားသော့က ခရုပ်ကိုင်ထားဆဲ...

ကားပေါ်ကို ပြန်တက်ခဲ့သည်။

ရင်ထဲမှာ မခံချင်စိတ်များကြောင့် ညီ မေးကြောကြီး

တွေ ထောင်ကားနေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် မင့်မိန်းမကို ခပ်ဖြောင့်ဖြောင့် ကောင်တစ်ကောင်းနဲ့ ပလာဇာရှေ့မှာ တွေ့ခဲ့တယ်"

"အေးကွ ကောင်နာကတော့ ထန်းလျက်ခဲကြီးကျနေတာပဲကွာ၊ သွားကြီး အဖြီးသားနဲ့"

ညီက စားပွဲပေါ်က စီးကရက်ဘူးကို လှမ်းယူ၍ တစ်လိပ် ထုတ်သောက်လိုက်သည်။

"သွားရင်း လာရင်း မိတ်ဆွေတွေ့လို့ နှုတ်ဆက်တာ၊ ပြောတာဆိုတာ ဖြစ်မှာပေါ့"

မင်းညီအောင်က ဘဲကင်ကို ခရင်းနဲ့ ထောင်ဖွဲ့နေရာမှ မျက်လုံးပြူးကြီးနဲ့ မော့ကြည့်သည်။

"မတ်တတ်ရပ် စကားပြောနေတာကို ဘယ်သူက ပါးစပ်ထဲ ထည့်ပြောမှာလဲကွ၊ မင့်မိန်းမ ဟိုကောင့်ကားနဲ့





ပါသွားတာ"

ဟင်...

ညီ ရင်ထဲမှာ ဖျင်းခနဲ ဖြစ်သွား၏။

ရုက်သွေးက မျက်နှာတစ်ပြင်လုံး မှုရှိန်းသွား၏။

"အဲဒီကောင်ကို ငါ တွေ့ဖူးတယ် ညီ၊ အမြင့်စားထဲကမဲ့၊ ဒါပေမဲ့ ခပ်ရှုပ်ရှုပ်ပါ၊ သူ့ဘောမှာ မိန်းကလေးတစ်ယောက်ယောက် ရှိနေတတ်တာပဲ"

မြတ်စိုးဦးက သူ မျက်နှာပျက်နေတာကို တစ်ချက်ကြည့်၍

"မင်းဘက်က လျှော့သင့်တယ်လို့ ငါထင်တယ် ညီ၊ သူငယ်ချင်းဘဝတုန်းက ဘာဖြစ်ခဲ့ဖြစ်ခဲ့၊ ဘယ်လိုနေနေ၊ အခု ကိုယ့်မိန်းမ ဖြစ်နေပြီ၊ မင်း မိန်းမနဲ့ပြိုင်ပြီး မာနမကြီးသင့်ဘူး၊ ဘယ်မိန်းမမဆို ချော့မြူအရေးပေးတာကို မကြိုက်ဘူးဆိုတာ မရှိဘူးကွ"

"သူကလဲ ဒီပြင့်ယောကျ်ားချော့တာကို ကြိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်မယ်၊ ငါ့ကိုတော့ ကြည်ဖြူမှာမဟုတ်ဘူး၊ ငါလိုကောင်ကလဲ မိန်းမတစ်ယောက်ရှေ့မှာ ဒူးထောက်၊ အညှံ့ခံပြီး ဘယ်တော့မှ ကြင်နာခွင့်မတောင်းဘူး၊ အထူးသဖြင့် အဲဒီမိန်းမကိုဆို အိပ်မက်ထဲတောင် အရှုံးမခံဘူး"

"အဲ့ဒါကိုက မင်းမှားနေတာ မင်းလက်ထပ်ပြီး သီးသန့်နေတယ်၊ မာနကြီးတစ်ခွဲသားနဲ့၊ ငါ ယောကျ်ားပဲဆိုပြီး စည်းကမ်းစည်းမျဉ်းတွေချတယ်၊ ဘယ်လိုလုပ် အိမ်ထောင်ရေးသာယာမှာလဲ၊ အိမ်ထောင်သည်တွေ မဟုတ်လား"

"သာယာဖို့ကို ငါ မကြိုးစားပါဘူး၊ လူကြီးတွေဖြစ်စေချင်သလို ဖြစ်ပေးလိုက်တာပဲ ရှိတယ်၊ အဓိကက ငါ့ဘက်က ယောကျ်ားတာဝန်ကျေဖို့ပဲ"

"အိမ်ထောင်ပြုရာ တာဝန်တွေ ထမ်းဆောင်ဖို့မှမဟုတ်ဘဲကွ၊ ဂဲ ထားပါတော့ မင်း သူ့ကို စိတ်မဝင်စားဘူးလား၊ အခု ဒီသတင်းမျိုး ငါတို့က ပြောတော့ မင်းရင်ထဲမှာ ခံစားသွားရပြီ မဟုတ်လား၊ မညာနဲ့ညီ မင်းမျက်လုံးတွေမှာ





သားတွေ ပေါ်နေတယ်"

"မင်းတို့က ငါ့ကို သဝန်တိုသွားတယ် ထင်လို့လား"

မင်းညီအောင်က ခေါင်းကို ခါယမ်းပစ်လိုက်ပြီး စီးကက်တစ်လိပ် ထုတ်ယူလိုက်သည်။

"မဟုတ်သေးဘူးညီ၊ မင်း သဝန်တိုတယ်ဆိုတာကို က်မခံနိုင်ရင်တောင် သူက မင့်မိန်းမ၊ မင်းမိန်းက ခုလိုတင်းထွက်လာတဲ့အတွက် နည်းနည်းပါးပါး မျက်နှာပူသွားဘူးလား၊ ရှက်သွားတာမျိုး မဖြစ်ဘူးလား"

ညီ မပြောသာခဲ့ပါ။

လက်ထဲက စီးကရက် ဖွာရှိုက်ခြင်းမပြုရပါပဲ တတိတိ ကျသွား၏။

"မင်း သတိမထားဘဲ နေပေမဲ့ ငါတို့က မင်းက်ထပ်ကြကတည်းက တွက်ကြည့်မိတယ်ကွ"

ညီက မြတ်စိုးဦးကို မျက်လွှာပင့်ကြည့်သည်။

"မိဘကြောင်းဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ကြောင့်ဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရန်းထွက်လို့မတဲ့အကြောင်းဆိုတာက ရန်းမထွက်ချင်တာဲ ကွ၊ စုံရိပ်မြိုင်က ကိုကောင်းကို လက်မထပ်ချင်တုန်းက ထွက်ပြေးတယ်လေ၊ ဖိတ်စာဝေပြီးပြီ၊ ဒီနေ့ မနက်ဖြန် မင်္ဂလာဆောင်တော့မယ်ကွာ၊ ဒီထက်သေချာတာ၊ ဒီထက် ပိုပြီး မိဘမျက်နှာကို ငဲ့စရာ ဘာရှိမှာလဲ၊ ဒါတောင် သူ ဖောက်ထွက်သွားတယ်။

မင်းညိုအောင်ပါ ခေါင်းညိတ်ထောက်ခံ၏။

ညီ ဘာမှဝင်မပြောခဲ့ပေ။

"မင်းဆို ပိုဆိုးတာပေါ့၊ ဘယ်တုန်းကမှ မိဘစကားထို နားထောင်ခဲ့တာမဟုတ်ဘူး၊ အငယ်ကောင်က တဇွတ်ထိုး ဇွတ်တရွတ်သမားဆိုတာ နာမည်ကြီးပဲ၊ မင်း ဒီလော မုန်းရင် သူ့ကို ဘာဖြစ်လို့ လက်ထပ်ခဲ့လဲ"

ညီ ဆတ်ခနဲ ဖြစ်သွားသည်။

"လက်မထပ်လို့ ဖြစ်မလားကွ၊ ဒီကိုပြန်ရောက်တော မင်္ဂလာပွဲရက်က လွန်သွားပြီ၊ နှစ်ယောက်လုံးပျောက်





အတူ ပြန်ရောက်လာတယ်ဆိုတာ ပတ်ဝန်းကျင်မှာ နံ့နေပြီ၊ ဒါကို ငါက ရှောင်ထွက်သွားရင်..."

"တော်ပါကွာ မင်း ဘယ်တုန်းကမှ ဘယ်သူ့မျက်နှာကိုမှ မငဲ့ခဲ့တဲ့ကောင်ပါ၊ ငါတို့နဲ့မင်း အထက်ကျမှ ခင်ကြတာပေမဲ့ မင်းအကြောင်း ငါတို့ အသိဆုံးပါ၊ မင်း ဆန္ဒမပါရင် ပါးစပ်ထဲရောက်နေတဲ့ အစားကိုတောင် မျိုမချတဲ့ကောင်"

"မင်းတို့ ငါ့ကို ဒီစကားမျိုး ထပ်မပြောနဲ့ မင်းညို၊ ငါ သည်းခံမှာ မဟုတ်ဘူး၊ စုံရိပ်မြိုင်နဲ့ ပတ်သက်ပြီး ဒီနေ့ထိ သစ်ရွက်လေတိုးသလောက်တောင် လှုပ်ခတ်မသွားခဲ့ဖူးဘူး၊ ဘယ်တုန်းကမှလဲ စိတ်ကူးမယဉ်ခဲ့ဖူးဘူး"

"စိတ်ကူးမယဉ်တာက မုန်းတာချည်းပဲ တွေးနေတာကိုကွ၊ စုံရိပ်မြိုင်က ဘယ်လိုမှ မငြင်းသာလို့ လက်ခံခဲ့တယ်ဆိုတာလဲ သဘာဝမကျဘူး၊ အိမ်ထောင်ရေးမှာ မိဘကို လွှဲချပြီး ကိုယ့်အိမ်ထောင်ရေးကို အပြစ်ရှာတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဝုဏ်ယူစရာ မရှိပါဘူးကွာ၊ ငါ ထပ်အပ်ပြောတယ် ညီ၊ မင်းတို့နှစ်ယောက်လုံး ရင်ထဲမှာ အချစ်ရှိတယ်”

ညီ ဆတ်ခနဲခေါင်းခါပစ်ကာ စီးကရက်ကို ပြာခွက်ထဲမှာ ထိုးချပစ်လိုက်၏။

ပြီးတော့ နာရီကြည့်၍ ထရပ်လိုက်ကာ

“ငါ ဆိုဒ်ထဲသွားရဦးမှာ ပြန်မယ်”

မင်းညိုအောင်နဲ့ မြတ်စိုးဦးက မျက်လုံးချင်းကြည့်ကာ ခပ်မဲ့မဲ့ ပြုံးလိုက်ကြ၏။

“မင်း ငါတို့ကို စိတ်ဆိုးရင်လဲ ဆိုးလို့ရတယ် ညီ၊ ငါတို့က သူငယ်ချင်းကောင်း မိသချင်တဲ့ကောင်တွေဆိုတော့ အမှန်းခံပြီး ပြောရမှာပဲ၊ အဲဒါဟာ မင်းတို့အိမ်ထောင်ရေး သာယာစေချင်လို့၊ ပြီးတော့ စုံရိပ်မြိုင်က လှတယ်၊ သွက်တယ် နောက်မှ ဟင့်ခနဲ… ဟာခနဲ ဖြစ်ကျန်ခဲ့ရင် မင်း အရှည်မျော် ပြာကျပြီ…”

ညီ စားသောက်ထားသမျှ ငွေရှင်ခဲ့ပြီး သူတို့ကို





ထားခဲ့၍ အလျင်ပြန်လာခဲ့သည်။

အိမ်မှာ မြိုင် မရောက်သေးပေ။

ခြံသော့ တစ်ယောက်တစ်ချောင်းစီ ကိုင်ထားသဖြင့် သူ့ဟာသူ တံခါးဖွင့်၍ အိမ်ထဲဝင်လာခဲ့ရသည်။

သူ အလုပ်သွားကတည်းက မြိုင် တစ်နေကုန်လျှောက်သွားနေခဲ့တာလား၊ ဒါက သူ့မိဘအိမ်…

မေမေတို့အိမ် အလည်သွားနေဖို့ကလည်း မေမေတို့မှ မရှိဘဲ။

ပြီးတော့ မြိုင်က ရန်ကုန်ရောက်တာ သိပ်မကြာသေးပေ။

သူငယ်ချင်း အပေါင်းအသင်း သိပ်များများရှိသည်လည်း မဟုတ်။

မီးဖိုထဲ ဝင်ကြည့်တော့ ညစာ စားသောက်ဖို့ အားလုံး အဆင်သင့် ချက်ပြုတ်ထားတာ တွေ့၏။

အဝတ်တန်းမှာလည်း မွေ့ရာစွတ်၊ ခေါင်းအုံးစွပ်ကအစ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေ လျှော်ထားသည်။

ချက်ပြုတ်ဖို့ကို သူစွမ်းဆောင်ထားနိုင်ခဲ့ပေမဲ့ အဝတ်အစားကိုတော့ မြိုင့်ကို သူကိုယ်တိုင် မလျှော်ခိုင်းခဲ့ပါ။

ဒီနေ့ထိ ကိုယ့်အဝတ် ကိုယ်ပဲလျှော်သည်။

မြိုင်ကလည်း ခိုင်းလာလျှင်တောင် လျှော်မပေးနိုင်ဘူးလို့ ပြန်ပြောဖို့ အဆင်သင့် ဖြစ်ထားပုံရသည်။ မျက်နှာပေးနှင့် နေသည်။

ချက်ပြုတ်တာ၊ လျှော်ဖွပ်တာ၊ အချိန် ဘယ်လောက်ကြာနိုင်မလဲ၊ နေ့လယ်စာ အိမ်ပြန်မစားခဲ့သည်မို့ မြိုင်တစ်နေကုန် ဘာလုပ်နေတတ်သည်ကို သူမသိပေ။

ခုကျမှ အချိန်ကို သူ ဘယ်လိုတွက်ကြည့်ရမှန်း မသိဖြစ်နေ၏။ ဒီဟင်းတွေက မနက်ကတည်းက ချက်ထားတာလား၊ နေ့လယ်ကျမှ ချက်တာလား၊

ဒီအဝတ်တွေကို စက်နဲ့လျှော်တာက အချိန်ဘယ်လောက် ကြာနိုင်သလဲ၊ ချက်ပြုတ်တာကော၊ လျှော်ဖွပ်တာ





ကော မနက်ပိုင်းမှာ အပြီးလုပ်ထားလိုက်တာဆိုလျှင်၊ တစ်နေ့ခင်း တစ်ညနေလုံး မြိုင် အပြင်ထွက်နေသည်ပဲလား။

ညီ စိတ်ပက်စွာ ဆံပင်တွေ ဖွပစ်မိလျက် ဆိုဖာမှာ ပစ်ခတ်ထိုင်ချလိုက်မိသည်။

မြိုင့်ကို သူ သဝန်တိုနေမိတာလား။

စိတ်က အဖြေကိုမစောင့်ဘဲ ခေါင်းကို တအားခါပစ်လိုက်သည်။

မဟုတ်ဘူး....

သူထင်သလိုနေခွင့်ကို ငါ မပေးနိုင်တာ။

ငါ အမိန့်ပေးတဲ့အတိုင်း သူ ဖြစ်ရတဲ့ အနေအထားကို ငါလိုချင်ခဲ့တာ။

ကိုယ့်ဟာကိုယ် ကြံဖန်တွေးယူလိုက်၏။

"ဂရင်... ရင်"

အိမ်ရှေ့က လူခေါ်ဘဲလ်သံကြောင့် သူ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညီ"

"ဪ...ဆွေးပါလား"

နေးကွေးလေးလံနေသည့် ညီ့ခြေလှမ်းတွေ သွက်သွား၏။ တံခါးကို ပျာပျာသလဲ ဖွင့်ပေးလိုက်သည်။

"တွေ့မှ တွေ့ပါ့မလားလို့ ကိုညီရယ်"

ဆွေးက ခါးလောက်ရှည်သော ဆံပင်တွေကို ဖြန့်ချ ထားလျက် လွယ်ထားသည့် ဆလင်းဘက်ကို ရင်ခွင်ထဲမှာ ဖြန့်ပွေ့ထား၍ အိမ်ထဲလျှောက်ဝင်လာသည်။

"ထူးထူးခြားခြားပါလားဆွေး...ကိစ္စများ အထူးရှိလို့ လားဟင်"

"ဟို တစ်မျိုးမထင်နဲ့နော် ဆွေးလာဖော်ရတာကို ဝမ်းသာလို့ မေးတာပါ"

ဆွေးက အသံလေးထွက်အောင်ရယ်၍ နံရံမှာစိုက်ထား သည့် ညီ့ဓာတ်ပုံကို လှမ်းကြည့်သည်။

ပြီးတော့ နေရာအနှံ့ လှမ်းကြည့်သည်။





"ကိုညီ့ မိန်းမကောဟင်...ဆွေး သူ့ကို လိုက်ကြည့် ချင်လို့ လာတာ၊ ဖုန်းထဲမှာ အကောခံလိုက်ရတာရယ်၊ ကိုညီ လက်ထပ်လိုက်တဲ့ မိန်းမအဖြစ်နဲ့ကော မြင်ဖူးချင်လို့ ဆိုပါတော့၊ မင်္ဂလာစုံတွဲပုံလေးဘာလေးလဲ မရှိဘူး"

"ရှိ...ရှိတယ်၊ မချိတ်ဖြစ်သေးတာပါ၊ သူက တို့ကို နည်းနည်းဆိုးတယ် ဆွေးရဲ့၊ ငယ်သူငယ်ချင်းရင်းဆိုတော့ ခုထိကို ပြောရဆိုရတာ အဆင်မပြေကြသေးဘူး၊ အဟင်း... အခု သူ အပြင်သွားတယ်၊ မတွေ့တာပဲ ကောင်းပါတယ် ဆွေးရယ်၊ တွေ့ကြရင် ဆွေးကို တို့က အားနာစရာတွေ ဖြစ်ကုန်မှာ"

ဆွေးက ညီ့ကို ငေးငေးလေးကြည့်၍ မပီပြင်သော အပြုံးနှင့် မျက်ဝန်းလေးရွှေ့သွားသည်။

"ရပါတယ်ကိုညီရယ် ဆွေးက သိရက်နဲ့ တမင်ဝင်လာ တာပဲဟာ၊ ကိုညီ့ကို ဆွေး နားလည်ပါတယ်။ သူမရှိဘူး ဆိုတော့လဲ မထိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းထိပ်မှာ မာမီတို့ စောင့်နေတယ်လေ၊ အသီအိမ် ခဏလေးဝင်မယ်ဆိုပြီး ထွက်လာတာ၊ ဆွေးသွားတော့မယ်နော်"

"ခဏတော့ ထိုင်ပါဦး ဆွေးရယ်၊ ဆွေးကြိုက်တဲ့ ဘလက်ကော်ဖီ တို့ ဖျော်တိုက်မယ်"

"ကိုညီရယ်"

တစ်ခုခုပြောမည့်ဟန်နှင့် နှုတ်ခမ်းလေး ပွင့်လာပြီးမှ ဆွေး မျက်နှာလေး လွှဲပစ်ကာ

"ကျေးဇူးတင်ပါတယ် ကိုညီ၊ သောက်လိုက်ရတယ်လို့ပဲ ထင်ပါတယ်၊ အိမ်မှာ ဘယ်သူမှမရှိဘူးဆိုတော့ ဆွေး ဆွေးက ညှော်သည်လုပ်လို့ မသင့်တော်ဘူးလေ၊ ဒါနဲ့ ဟိုနေ့က ဒယ်ဒီနဲ့ အဆင်ပြေလားဟင် အဲဒါလေ ဒက်ဒီကို ဆွေး တော်တော်ပြောထားရတာ၊ ကိုညီ့အလှည့်မြန်မြန် ရောက်အောင် စီနီယာလဲပေးလိုက်ရတာတဲ့"

"အရမ်းကို ကျေးဇူးတင်တယ်၊ တကယ် အဆင်ပြေ





သွားပါတယ်၊ အန်ကယ်က သဘောကောင်းပါတယ် ဆွေးရဲ့"

နှစ်ယောက်အတူ အပြင်ထွက်လာခဲ့သည်နှင့် အဖြူ တောင် အကိစ်အီးကားလေးတစ်စီး ပေါ်တီကိုအောက်ကို လိမ့်ဝင်လာသည်။

ဆွေးနဲ့မြိုင် အကြည့်ချင်း ဆုံသွား၏။

ဆွေး မျက်ဝန်းလေးတွေက မမြင်ဖူးလို့ မှတ်မှတ်ရရ ဖြစ်အောင် ကြည့်ရင်း ကိုညီ့မိန်းမထင်ပါရဲ့ဟု တွေးနေသည့် အတိုင်း ငေးငေးလေး။

မြိုင်က စူးခနဲပင်ကြည့်ကာ နှုတ်ခမ်းကို တင်းတင်းစေ့၍ ကားပေါ်က ဆင်းသည်။

"ကျေးဇူးပဲနော် ကိုလွင်"

"ရတယ် မြိုင် လိမ့်ပြီ"

"ဟုတ်"

ပြုံးနေသည့် မျက်နှာနှာသည် ညီ့ဘက်ကို လှည့် လာတော့ တင်းပြတ်မှုန်ကုပ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညီ ဆွေးပြန်မယ်နော် လိုက်မလို့နဲ့တော့"

ဆွေးက လိုက်ပို့မှာစိုးသလို ခပ်သွက်သွက်လေး ဆင်းထွက်သွားလေသည်။

သူ အထဲဝင်၍ တံခါးပြန်ပိတ်နေဆဲ မြိုင်က မီးတွေ လျှောက်ဖွင့်ကာ အခန်းထဲဝင်သွားပြီ ဖြစ်၏။

"မြိုင်... ဟိတ် မြိုင်"

ညီက တံခါးခေါက်၍ ခေါ်သည်။

"ဘာလုပ်မလို့လဲ... အကျီလဲနေတယ်"

သူ အခန်းရှေ့မှာ အတော်ကြာအောင် ရပ်စောင့်နေ ရ၏။

ပြီးမှ အခန်းတံခါးပွင့်လာကာ

"ဘာလဲ"

စကားဝါရောင် ရှန်သားဘလောက်စ် လက်ပြတ်လေး နှင့် မြိုင့်မျက်နှာ ဝင်းဝင်းလေးကို သူ မကျေမနပ် ကြည့်၏။

"နင် ဘယ်အချိန်တည်းက အိမ်က ထွက်တာလဲ"





"နေ့လယ်စာ စားပြီးကတည်းက"

"ဘာသွားလုပ်တာလဲ၊ ဘယ်သွားတာလဲ"

မြိုင် မျက်နှာတင်းသွားသည်။

သို့သော် ပင့်သက်တစ်ချက် ရှိုက်၍

"ပလာဇာကို သွားတယ်"

"ဘာမှလဲ မပါပါလား"

"မဝယ်ဖြစ်လို့ မပါတာပေါ့၊ အဲဒီက ပြန်တော့ သူငယ်ချင်းနဲ့ ရုပ်ရှင်ဝင်ကြည့်တယ်"

ညီ မျက်ဝန်းတွေ အေးစက်သွားလေသည်။

"နင့်သူငယ်ချင်းက ဟိုကောင်လား"

"စိတ်လျှော့ ဆော့လှချည်လား ထပ်တူညီ၊ ငါ့ဟာငါ ရုပ်ရှင် ဘယ်သူနဲ့သွားသွား နင့်အပူ မပါဘူး"

"ဟာ...မပူလို့ ဖြစ်မလား၊ ငါက နင့်ယောကျ်ားလေ၊ နင့်ဘေးမှာ ယောကျ်ားတစ်ပါး ရှိနေတာမြင်တာနဲ့ ငါ့ကို သိတဲ့လူတွေက ဘယ်လိုထင်ကြမလဲ၊ ဘယ်လိုမျက်လုံးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြမလဲ၊ ဒါတွေကို မပူလို့ရသလား၊ နင် အပျိုမဟုတ်
ဘူး မြိုင်၊ ဒီလို သိက္ခာမဲ့တဲ့သွား၊ တွဲလား၊ ရုပ်ရှင်ကြည့်
နင်မရှက်ဘူးလား"

"ထပ်တူညီ နင် ငါ့ကို ထပ်စော်ကားရင် ငါ ညည်း
တော့မှာ မဟုတ်ဘူးနော်၊ လူကို ဘယ်လိုမိန်းမစားမှုအော
မေ့နေသလဲ၊ သူများကို ပြောချင်ရင် ကိုယ့်ကိုယ်ကို အရင်
ပြန်ကြည့်"

မြိုင်က နှုတ်ခမ်းလေးမဲ့၍

"နင်နဲ့ ဆွေးဆိုတဲ့ မိန်းမ ဘယ်လောက်ထိ တွဲခုတ်သွား
နေကြသလဲ၊ ဒါပေမဲ့ ခုလို နင်တို့အိမ်ထဲထိ ပူတွဲပျော်
နေကြတာတောင် ငါကတော့ နင့်လို သိက္ခာကျစရာ၊ ရှ
စရာမလို မမြင်ပါဘူး၊ ဘာဆိုင်လဲ နင်ကနင် ငါက ငါ
နင်လုပ်ရိုးရင် လုပ်၊ ငါ လုပ်ရဲ့ရင် လုပ်မှာပဲ၊ ကိုယ်
ကိုယ်ခံပေါ့ တကယ်ယူသွားရင် ပိုတောင်ကောင်းသေးတာ
နင့်အပြစ်ကို ဖော်မှာစိုးလို့ ငါ့ကို အပုပ်ချဖို့ ကြိုးစားတာ



ရင် နင့် အကြံအစည်ကို ဖျက်လိုက် ထပ်တူညီ တို့ဘက်က
အေးဆေးပဲ"

"ဘာ အေးဆေးတာလဲ နင်စကားတတ်တိုင်း လှည့်
ပတ်ပြောမနေနဲ့... ငါနဲ့ဆွေးက ဘာမှမဆိုင်ဘူး"

"ဒါက နင့်ကိစ္စပါ၊ လာရှင်းမနေစမ်းပါနဲ့ စိတ်မဝင်
စားဘူး"

"နင်က စိတ်မဝင်စားပေမဲ့ ငါကတော့ မဝင်စားလို့
မရဘူး ယောက်ျားဖြစ်ပြီး ကိုယ့်မိန်းမ ဖြစ်ချင်တိုင်းဖြစ်နေ
တာကိုတောင် မသိတဲ့ နွားလို ကဲ့ရဲ့မခံနိုင်ဘူး"

"ကြည့်စမ်း ဘာမှမသိဘဲနဲ့ လူကိုစော်စော်ကားကား
ကဲ... ကဲ ညစ်ပတ်ဦး ပြောဦး"

မြိုင် လက်သီးဆုပ်နှစ်ဖက်မြှောက်၍ တအားထုသည်၊
ညီအင်္ကျီကို ဆုပ်ဆွဲဆောင့်ခါလျက် တအားရိုက်၏။

"ဟိတ် ဟာ... ဟာ ဘာလုပ်တာလဲ လွှတ်နော်"

"နင့်ကို ငါ မုန်းတယ် သိလား... ဒဏ်ရာတစ်ခုခုမှ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်မလုပ်ရရင် မကျေနပ်ဘူး ကဲ... ကဲ"

မြိုင်က ဖားမရ ဆီးမရ အတင်းတွန်းထိုးကုတ်ဖဲ့လေသည်။

"ပြောနေတယ်နော် မြိုင်... ငါ ဆွဲထိုးမိတော့မယ်ဟာ"

နောက်ဆုတ်ရင်း ညီ ဟန်ချက်ပျက်ကာ ယိုင်ကျသွားလျှင် မြိုင့်လက်ကလေးကိုပါ ဆုပ်ကိုင်ထားသဖြင့် နှစ်ယောက်လုံး ဗလုံးဗထွေး လဲကျသွားလေသည်။

လက်မြန်ခြေမြန် ထုနှက်နေသည့် မြိုင့်လက်ကလေးတွေကို ကြမ်းပြင်ပေါ်မှာ ဖိကပ်၍ ညီ့ရင်ဘက်ချင်း ကပ်ဖိထားလိုက်၏။

မြိုင် ဘယ်လိုမှ ရုန်းမရလေမှ မျက်လုံးပြူးသွား၏။

"ထပ်တူညီ နင် ငါ့ကိုလွှတ်"

ပန်းနုရောင် သန်းနေသော ပါးမို့လေးနှစ်ဖက်နှင့် နီမြန်းစိုအိနေသည့် နှုတ်ခမ်းလေးအစုံကို အနီးကပ် စူးစိုက်ကြည့်မိစဥ် ဖြောင်းဆန်စွာ လှုပ်ခတ်သွားသော ရင်ခုန်သံက





ထူးဆန်းစွာ...

သူ့မျက်ဝန်းတွေ ချက်ချင်းပြောင်းလဲသွားတာကို မြင်လျှင် မြိုင် နှုတ်ခမ်းလေး ခပ်ဟဟ ပွင့်ကာ အထိတ်တလန့်လေး ရုန်းလေသည်။

ကြမ်းတမ်းစွာ လှုပ်ခတ်နေသော ရင်ခုန်သံတို့ကို ထိန်းချုပ်ရခက်နေလျက် ညီသည် မြိုင့်မျက်နှာလေးကို လှုပ်ရှားနေသော စည်းချက်တို့အတိုင်း ကြာရှည်သော အနမ်းတို့ဖြင့် အနိုင်ယူခဲ့လေသည်။

သူ့ရင်ခွင်အောက်မှာ ပက်လက်ကလေးမို့ မြိုင် ဘာမှ မတတ်နိုင်။ ကြမ်းပြင်မှာ ဖိကပ်ချုပ်ကိုင်ထားသည့် လက်တို့သည် သူမကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ခြင်းသို့ ရောက်လျှင်...

"ဟင့်အင်း... ဟင့်အင်း သွား"

ကြမ်းရှသော အနမ်းတို့ကို မြိုင် ရင်ခုန်ခဲ့မိသလား မှန်းမိသည်လား...

*



www.burmeseclassic.com

www.burmeseclassic.com



မြိုင့်ကို နမ်းခဲ့ပြီးသည့်နောက်မှာ ညီ ရင်ခုန်တတ်ခဲ့လေသည်။ သူ မြိုင့်ကို မုန်းတီးနေခဲ့သည့်ကြား မှ ရင်ခုန်သံတွေ ဖြစ်ထွန်းခဲ့ခြင်းအတွက် ကိုယ်တိုင်အံ့ဩ ခဲ့ရသလို မြိုင့်ကို သူ ကြင်နာလိုက်လျောလိုခြင်းတွေ ပြောင်းလဲဖြစ်တည်နေခဲ့ပြန်သည်။

အချစ်သည် ထူးဆန်းစွာ ပုန်းခိုနေခဲ့ခြင်းလား...

"ငါ တပ်အပ်ပြောရဲတယ် ညီ၊ မင်းတို့နှစ်ယောက် ရင်ထဲမှာ အချစ်ရှိတယ်"

စီးကရက်မီးခိုးတွေကို လှပစွာ မှုတ်ထုတ်ရင်း ညီ ပြုံးလိုက်မိသည်။ ဒီလိုပြောစုန်းက သူ စိတ်ဆိုးခဲ့သေးသည်ပဲ။

ခုတော့ သူငယ်ချင်းနှစ်ယောက်ကို ကောင်းကောင်းကြီး





ပြုံးစုရပါဦးမည်။

ဒါပေမဲ့ တစ်ခုတော့ မမှန်ခဲ့ပါလား။

မြိုင်က သူ့ကို မျက်နှာချင်းပင် မဆိုင်တော့ပေ။

သူ အခု နေ့လယ်စာ ပြန်စားသည်မို့ မြိုင်က ထမင်းစားတိုင်း မစုံအောင် ရှောင်သည်။

အပြင်မသွားလည်း အခန်းတံခါး ပိတ်နေ၏။

ချစ်ပါ ကြိုက်ပါလို့ ခယ တောင်းဆိုဖို့စိတ်ကူးတော့ မဖြစ်မိသေးပါ။

ဒါပေမဲ့ မြိုင့်မျက်နှာကို သူ ကြည့်ချင်နေသည်။

ရန်ဖြစ်နေရတာပဲ ဖြစ်ဖြစ်၊ မြိုင်နဲ့ တစ်ခုခု ပတ်သတ်ချင်နေတာ နေလို့ထိုင်လို့မရ။

အောက်ကျမခံလိုသည့် စိတ်နှင့် နေရပေမဲ့ ညညဆို အိပ်မပျော်တာ သုံးရက်ရှိသွားပြီ၊ အနိုင်လိုချင်သူကိုပဲ ဆက်လက် နိုင်ခွင့်ပေးရဦးမှာလား။

ဒါ ဖြစ်စရာလား



www.burmeseclassic.com

www.burmeseclassic.com



မာနကလည်း ရှိသေးသည်မို့ ကိုယ့်ကိုယ်ကို မကျေနပ်တာလည်း ဖြစ်၏။ ကိုယ်ဟာ သူ့ကို ချစ်မိသည် မှန်သော်လည်း ပြတ်ပြတ်သားသား မုန်းတီးနေသည့် မိန်းမတစ်ယောက်ကို ပျာယာခတ်အောင် ချော့မော့တောင်းပန်ဖို့တော့ ဘယ်တော့မှ စိတ်မကူးပေ..."

တဖြည်းဖြည်း နားလည်ပျော့ပျောင်းလာတာတွေ ရှိမှ

"မြိုင်"

မြိုင် ထမင်းစားနေတော့ သူ အနားမှာ သွားရပ်ကာ

"ငါ ဒီနေ့ ညရှစ်နာရီလောက်မှ ပြန်ရောက်မယ်၊ ပဲခူးကို သွားစရာရှိလို့ နေရဲ့လား"

"နေရဲတယ်"

မြိုင်က မော့မကြည့်ဘဲ ဖြေ၏။

"ဘာမှာဦးမလဲ"

"ဘာမှမမှာဘူး"

မြိုင်က မေးတာကိုပဲဖြေကာ စားပြီးသည့်ပန်းကန်ကို





ကိုင်၍ ဘေစင်မှာ သွားဆေးသည်။

"ဒီနေ့ မေမေတို့ ပြန်မယ့်ရက်ကို ဖုန်းဆက်လိမ့်မယ်၊ တို့တွေအကြောင်းမေးရင် အဆင်ပြေတယ်ပဲဖြေနော်၊ ညီအတင်းနမ်းတယ်လို့ သွားမတိုင်နဲ့"

"နင် ဘယ်လိုဖြစ်နေလဲ၊ ကိုယ့်လမ်းကိုယ်သွားနော်၊ ဟင်းပန်းကန်နဲ့ ပေါက်မိလိမ့်မယ်"

မြိုင်က ဟင်းပန်းကန်တွေပေါ် အုပ်ဆောင်းကိုဆောင့်ချ၍ လှည့်ထွက်သွားလေသည်။

ညီက မြိုင့်ကျောပြင်လေးကို လှမ်းကြည့်၍ ပခုံးတွန့်၏။ သူ အိတ်ကိုဆွဲ၍ တံခါးဝရောက်မှ...

"ဟာ... ပြဿနာပဲ ဖုန်းကျန်ခဲ့ပြန်ပြီ"

မြိုင်က ပန်းသီးကိုက်စားရင်း သူ့ကို မျက်လုံးလှန်ကြည့်သည်။

ညီက အခန်းထဲပြန်ဝင်၍ ထွက်လာသည်။

ပြီးတော့ အလုပ်စားပွဲဆီ သွားပြန်၏။

"ဖုန်းဘယ်မှာလဲမြိုင် ရှာလို့မတွေ့တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြိုင်တာ သူ့ကို စိုက်ကြည့်ရင်း ဒေါသရိပ်လျှံသော မျက်ဝန်းလေးတွေ စူးတောက်လာ၏။

"နေပစေကွာ သွားတော့မယ်"

ညီ တံခါးဝကို ပြန်လျှောက်ထွားသွားမှ

"နင့်ခါးမှာ ထိုးထားတာ ဖုန်းမဟုတ်ရင် လမ်းကျလွှင့်ပစ်ခဲ့လိုက်"

"ဟာ ဟုတ်သားပဲ"

ညီ ခါးကြားတဲက ဖုန်းကို ဆွဲထုတ်၍ ရယ်ကျဲကျဲနှင့်

"ယောက်မ ခါးကြားထိုးရှာလို ဖြစ်နေပြီ၊ မဆိုးဘူး စကားတစ်ခွန်းရပြီ...နောက်စကားနှစ်ခွန်းပဲ ကျန်တော့တယ်"

ညီထွက်ထွားတဲ့အထိ ကြောင်တောင်တောင်လေး ကျန်ခဲ့သူက မြိုင်ဖြစ်သည်။

နောက်တော့မှ ဘုရားအလောင်း ဇာတ်တော်ကို ပုံခိုင်းပြောသွားမှန်း သတိရလိုက်ကာ...

ဒါဆို သူ တမင်လုပ်သွားတာပေါ့...

*





သူ ကားပေါ်တီကိုအောက်မှာ ရပ်ပြီးသည်နှင့် မြိုင့်ကားလေးက နောက်မှာ ကပ်ရပ်လာ၏။

အခုတလော အလုပ်ပြန် အမြဲနောက်ကျသည်။

နောက်ကျမယ် ထင်တိုင်းလည်း မြိုင့်ဆီ ဖုန်းကြိုဆက်ထားခဲ့သည်သာ။

ဒီနေ့လည်း အလုပ်ထဲကို ဖေဖေရောက်လာကာ သူ့လုပ်ငန်းကို ကြည့်ရှု အကဲခတ်ရင်း သားအဖ စကားတွေ ပြောဖြစ်ကြသည်။

ဖေဖေသည် သူ့အပေါ် ကျေကျေနပ်နပ်ကြီး ရှုလျက် ဆက်ကြိုးစားဖို့တောင် တိုက်တွန်းခဲ့သေးသည်။

ဖေဖေ့ကို လိုက်ပို့ခါနီးတော့ မြိုင့်ကို ဖုန်းဆက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့လည်း ဖေဖေက လုပ်ငန်းနဲ့ ပတ်သတ်သည့် ဆက်နွယ်မှုတွေကို ပြောပြရင်း ကိုယ့်အိမ်ကိုယ် ပြန်ရောက်သည်မို့ ရုတ်တရက် ထမပြန်ဖြစ်။

မိုးချုပ်ခါနီးမှ ပြန်ဖြစ်တော့ သူ့မှာ စိတ်လောကြီးလိုက်ရတာ။ နောက်မှ ကားတစ်စီးလုံး ကပ်ပါလာတာကိုတောင် သတိမထားနိုင်ခဲ့တဲ့အဖြစ်။

ကားပေါ်က ဆင်းလိုက်တာ ပြိုင်တူ။

ပန်းနုရောင်ပေါ်မှာ အနီရောင် အကွက်စိပ်တွေပါသော ခြေဖျားထိ ဂါဝန်ရှည်က ငွေရောင်ခါးပတ်လေးနဲ့မို့ ကိုယ်လုံးအလှက ထင်းနေသည်။

ပခုံးသာသာပဲရှိသည့် ဆံပင်တို့ကို ညှပ်ကလစ်နှင့် နောက်မှာ သိပ်ထိုးထားသော်လည်း နားသယ်စပ်မှ ဖရိုဖရဲ ပြန်ကျနေသော မညီမညာ ဆံစလေးများကြောင့် တမင်လှအောင် လုပ်ထားသည်နဲ့လည်း မတူ...

ငေးကြည့်မိသွားသည်အထိ လှနေသည်ကိုလည်း ညီ မကျေနပ်





"ဒါက ဘယ်က ပြန်လာတာလဲ"

မြိုင်က ကားတံခါးကို တမင် အသံမြည်အောင် ပိတ်ပစ်၍

"ငါ့ဟာငါ သွားစရာရှိလို့သွားတာ လေသံကို နည်းနည်းပြင်လိုက် ထုပ်တူညီ လာမရှင့်နဲ့"

မြိုင်က ပြောနေရင်း ကားနောက်ဖုံးကို သွားဖွင့်ကာ အထဲက ပန်းအိုးနှစ်အိုးကို မထုတ်၍ အောက်မှာ တယုတယ ချသည်။

ညီကလည်း တံခါးကို နောက်ပြန်ဆောင့်ပိတ်ကာ

"ပြောလိုက်ရင် ငါ့ဟာငါ ဘာလုပ်လုပ်ဆိုတာပဲ။ တစ်ယောက်ကို ကားတစ်စီး ရှိနေကာကိုက သွားချင်တိုင်း သွားခွင့်ရနေတာ၊ အဲဒီကားကို မီးနဲ့ကို ပုံရှို့ပစ်မယ် မလုပ်ဘူး မထင်နဲ့"

"လုပ်ကြည့်ပါလား ငါ့ကားကို မီးနဲ့ရှို့ရင် နင်ဆောက်နေတဲ့ တိုက်ကို နင့်ကားနဲ့ မပြိုမချင်း သွားတိုက်ပစ်မယ် ယုံလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နင်စားဖို့ ငါရှာနေတာဂလ၊ နင့်လို လင်ကို မရှိမသေ ထင်ရာသွား၊ ထင်ရာလုပ်နေတာ မဟုတ်ဘူး"

"ထပ်တူညီ နင်စကားပြောတာ မမိုက်ရိုင်းနဲ့နော်"

ပန်းအိုးကိုလည်း ကောက်မထားလိုက်ပြီမို့ လက်နှစ်ဖက်မအားတော့သည့် မြိုင်က အံကြိတ်၍ အော်သည်။

"ဒါက ဘယ်ကို သယ်သွားမလို့လဲ"

မြိုင် သူ့ကို ချာခနဲ ကျောခိုင်းပစ်ကာ ခြံထဲဘက် ထွက်သွားလေသည်။

"ဟိတ် မိုးချုပ်နေမှ ဘာလုပ်တာလဲ၊ မနက်ကျမှလုပ်တော့ မရဘူးလား..."

ညီ့စကားကို မြိုင်ကဖြင့် နည်းနည်းလေးမှ ဂရုစိုက်ပုံမရပါ။

"တောက် ပြောရင် ဘယ်တော့မှ နားမထောင်ဘူး ဒီအိုးတွေက ဘယ်လောက်တောင် အရေးကြီးနေလို့လဲ"

ပြောပြီး သူပဲ မနေနိုင်

ကားသော့ကို ဘောင်းဘီအိတ်ထဲထည့်၍ ကျန်ခဲ့



သည့် ပန်းအိုးကို ကောက်ယူကာ နောက်က လိုက်ခဲ့ရသည်ပင်။ မြိုင်က ပန်းအိုးကို သစ်ခွတိုင်တွေ စိုက်ထားသည့် တိုင်နားမှာပဲ ချကာ ဘာတွေလုပ်နေမှန်းမသိ။

"ချထားခဲ့လေ ဘာလုပ်နေတာလဲ"

မြိုင် လုပ်ကိုင်နေတာကိုလည်း သူ ကြည့်လို့မရ။

ကူညီပေးပြန်တော့ စေတနာကို နားမလည်တဲ့ မိန်းမ၊ ဒီမိန်းမမျိုး နေပစေလို့လည်း သူမနေနိုင်ဘဲရှိရာ

"ဖယ် ဖယ် ဘယ်နေရာမှာ ချမှာလဲ၊ ဘယ်အိုးနဲ့ နေရာချိန်မလို့လဲ ပြော"

မြိုင် သူ့ကို တစ်စုံတစ်ခုပြောဖို့ မျက်နှာလေး မော့လိုက်စဉ်

"အမယ်လေး..."

ပန်းအိုးနှစ်အိုးနောက်မှ လျှောခနဲထွက်လာသည့် မြွေတစ်ကောင် သူလှမ်းမြင်လိုက်သည်နှင့် ဆတ်ခနဲ ခေါင်းထောင်ကာ ပါးပျဉ်းခွက်က ပြန့်ကားသွား၏။

"မြိုင် နောက်ဆုတ်"

www.burmeseclassic.com

www.burmeseclassic.com



မြိုင် အလန့်တကြား ဆုတ်လိုက်သည်။

သို့သော် မြွေက ခေါင်းကို တစ်ချက်နွဲ့၍ မြိုင့်ခြေထောက်ကို ပေါက်ချလိုက်လေသည်။

"အား"

"ဟာ... မြိုင်"

မြိုင့်ကို ပွေ့ယူပြင်ပြီးမှ နောက်ပြန်လှည့်ပြေးသော မြွေကို ပန်းအိုးနဲ့ ကောက်ပေါက်ပစ်လိုက်၏။

အရှိန်ပြင်းသည်မို့ ခေါင်းနဲ့ကိုယ် တစ်ပိုင်းလုံး ကြေမွပြားကပ်သွားကာ အမြီးပိုင်က ထွန့်ထွန့်လူးနေဆဲ

"မြိုင်"

"အား... နာတယ်... ဟင့်"

ညီ စိုးရိမ်စိတ်တို့ ပြင်းထန်ကာ မြိုင့်ကိုယ်လုံးကို ချွေခနဲ ကောက်ပွေ့၍ အိမ်ထဲ ထိရောက်အောင် ပြေးလာခဲ့သည်မှာ လေးလံတာ၊ မနိုင်နင်းတာ ဘာကိုမှ မသိခဲ့။

တံခါးကို သော့ပိတ်ထား၍ မဟာတဟာ ပွင့်သည်နှင့် ပခုံးစောင်းနဲ့ တိုးတိုက်ဝင်ခဲ့သည်မို့ ထိခိုက်နာကျင့်သွား





တာလည်း ဂရုမစိုက်နိုင်။

"မြိုင်"

"အား... အရမ်းနာတာပဲ အင်း..."

မြိုင်သည် ဆိုဖာပေါ်မှာ ချပေးလိုက်သည်အထိ သူ့လည်ဝင်းကို ဖက်ထားဆဲ။

သူ မြိုင့်ကို ဖြုတ်ချလိုက်ပြီး ခြေထောက်နားမှာ မုဆိုးဒူးထောက် ထိုင်ချလိုက်၏။

စားပွဲပေါ်က သစ်သီးလှီးသည့် ဓားပါးလေးကို ကောက်ယူလိုက်ကာ...

"မျက်စိမှိတ်ထား မြိုင်"

"အို... အား"

မြိုင် ကြောက်လန့် ငြင်းချိန်မရအောင် ပိုးထိထားသည့် ခြေချင်းဝတ်နေရာထိ ထဘီကို ဆွဲတင်လိုက်ပြီး ဓားနဲ့ထိုးနေရာကို ဦးစိုက်ခွဲပစ်လိုက်၏။

မြိုင် အသားဆတ်ဆတ်တုန်ကာ ရှူးရှူးဝါးဝါးအော်လျက် သတိလစ်မတတ် ဖြစ်သွားရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီက ဒဏ်ရာပေါ်ကို နှုတ်ခမ်းနဲ့ ဖိကပ်၍ တအား စုပ်ပစ်လိုက်သည်။

သုံးလေးကြိမ် ဆုပ်ထုတ် ထွေးပစ်လိုက်ပြီး ဒဏ်ရာ အထက်ကနေ ယောကျ်ားကိုင် လက်ကိုင်ပဝါနဲ့ တင်းနေအောင် ချည်သည်။

"မြိုင်"

"ဟင်"

"သတိထားနော် စိတ်ကိုတင်းထား သိလား"

"အင်း... အမယ်လေး"

မြိုင် အလူးလူး အလဲလဲဖြစ်လျက် နှုတ်ခမ်းလေးတွေ ဖြူဆုတ်လာ၏။

ညီ မြိုင့်ကို ကားပေါ်ပွေ့တင်ပြီး မြွေသေရှိတာ ဖြ ပြေးသည်။ မြွေဟောက်ပဲဆိုတာ သိပေမဲ့ မြွေကိုယူသွား တာက ပိုသေချာသည်မို့ ငြိမ်သက်နေပြီဖြစ်သည့် မြွေ ကို အမြီးကဆွဲ၍ ကားနောက်ခန်းထဲ ဒီအတိုင်း ပစ်ချလို ၏။



"မြိုင်ရဲ့"

သူကားကို အရှိန်မြှင့်မောင်းရင်း မြိုင့်ကိုလည်း အတွတ်တွတ်ခေါ်သည်။ မေးဖျားလေးကို ဆွဲခါ နှိုး၏။

သတိလစ်သွားလျှင် အဆိပ်တွေ ပို၍ မြန်မြန်ဆန်ဆန် ပျံ့နှံ့သွားလိမ့်မည်။

ဆေးရုံထဲသို့ ကားလေး ကွေ့ဝိုက် ထိုးဝင်လာချိန်တွင် မြိုင် လုံးဝ သတိလစ်နေလေပြီ။

"မြိုင်"

ညီ နှလုံးသွေးရပ်သွားမတတ် တုန်လှုပ်ကာ မြိုင့်ကို ပွေ့၍ ဆေးရုံကြီးထဲ ပြေးဝင်ခဲ့၏။

*

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ သား"

"မိုးချုပ်ခါနီးမှ ပန်းအိုးသွားချရင်း ပိုးထိတာ ဖေဖေ"

"အခု ဘယ်လိုနေလဲ၊ ဘယ်မှာလဲ၊ ဖေဖေ့သူငယ်ချင်း သမားတော်ကြီးတစ်ယောက် ရှိတယ်"

မြိုင့်ဖေဖေရော မေမေပါ မရှိကြပေ။

ထို့ကြောင့် ဦးညီညီမင်း ပို၍ ဂရုစိုက်နေသည်။

သမားတော်ကြီး ဒေါက်တာ ဦးဘုန်းလွင်ကို လိုက်ရှာတော့ အရေးပေါ်အခန်းထဲက ထွက်လာတာ မြင်လိုက်ရ၏။

"ဘုန်းလွင်"

"ဟာ... ညီညီ ဘယ်သူရှိလို့လဲ၊ ဘယ်သူ့ဆီက လာတာလဲ"

နောက်ကပါလာသည့်ညီက ရှေ့ထွက်၍ တရိုရသေ





ခေါင်းငုံ့ကာ

"အရေးပေါ်ခန်းထဲ သွင်းသွားတာ ကျွန်တော့်ဇနီးပါ ဒေါက်တာ"

"ဟော..."

"ဘုန်းလွင် အဲ့ဒါ ငါ့ချွေးမကွ"

"ဟုတ်လား..."

သမားတော်ကြီးက ပြုံး၍ ခေါင်းညိတ်ကာ

"တော်တော် စိတ်ပူနေကြတယ် ထင်တယ်၊ မပူနဲ့တော့ အားလုံး စိတ်ချရပြီ၊ မြွေကိုက်ခံရရင် ရှေးဦးပြုစုနည်းအတိုင်း လူနာကို မြွေဆိပ်ကာကွယ်ထားပြီး ဆေးရုံအချိန်မီ ပို့နိုင်ဖို့ပဲ လိုတာပါ ညီညီရာ၊ ဒါဆို အသက်ရှင်ဖို့ ခုနစ်ရာခိုင်နှုန်းသေချာပါတယ်၊ သုံးဆယ်ရာခိုင်နှုန်းက မြွေဆိပ်အမျိုးမျိုးကြောင့် ခြွင်းချက်ပေါ့"

"ဝမ်းသာလိုက်တာကွာ"

ဦးညီညီမင်းက သမားတော်ကြီးလက်ကို အားပါးတရ ဆုပ်ဆွဲခါ၍



www.burmeseclassic.com

www.burmeseclassic.com



"ချွေးမဆိုပေမဲ့ ငယ်ငယ်ကတည်းက သမီးလေးလို ချစ်ခဲ့ကြတာကွ၊ ငါ့သမီးအသက်ကို ကယ်တင်ခဲ့တာ ကျေးဇူး တင်တယ်ကွာ"

"အထူးတလည် မဟုတ်ပါဘူးကွာ၊ ဘယ်လူနာမဆို အတတ်နိုင်ဆုံး ကုသကယ်တင်ရမှာက ငါတို့အလုပ်ပဲ၊ ကျေးဇူးတွေ တင်မနေပါနဲ့၊ မင့်သမီးမှန်းတောင် ငါ ခုမှ သိတာ"

"ဘာဖြစ်ဖြစ် တင်တယ်ကွာ"

"ဒါဆိုလဲ တင်ကွာ"

"ဟား... ဟား... ဟား"

*

"ရှေးဦးသူနာပြုစုနည်းတင်မကဘူး မြွေဆိပ်ကို ပါးစပ်နဲ့ပါ စုပ်ထုတ်ထားတာကွဲ့၊ ဒီလူနာ ဘယ်လိုလုပ် သေနိုင်တော့မှာလဲ"

"အေးလေ ရှေးဦးသူနာပြုစုနည်းထဲမှာ ပါးစပ်နဲ့





စုပ်ထိုတ်ရမယ်လို့ မပါပါဘူး"

"ပါးစပ်ထဲမှာ ဒဏ်ရာအနာ တစ်ခုခုရှိရင် သေသွားမှာပေါ့ကွ"

သစောင်းကြား၍ လူနာမေးရောက်လာကြသော မြတ်စိုးဦးတို့က ခပ်တည်တည်နဲ့ နောက်နေကြသည်။

သမားတော်ကြီးက ပြုံးနေ၏။

ဦးညီညီမင်းက သားဖြစ်သူကို စိုက်ကြည့်ကာ သဘောပေါက်နေပြန်သည်။

ညီ ရယ်ကျဲကျဲနှင့် မြိုင့်မျက်နှာကို လှမ်းကြည့်၏။

သူ့ကို လှမ်းကြည့်နေသည့် မြိုင်က မျက်ဝန်းလေး ချက်ချင်းလွှဲပစ်၏။

"ဒါနဲ့များ ညီရာ ပြောတော့ဖြင့် မြိုင့်ကို"

"ဟိုတ်ကောင်"

ညီက ကမန်းကတန်း လှမ်းတာ၏။

မြတ်စိုးဦးက စပ်ဖြဲဖြဲနှင့်

"သိပ်လှတာပဲလို့ မင်းကွယ်ရာမှာ ပြောနေတာကိုလေ



www.burmeseclassic.com

www.burmeseclassic.com



ခင်း မပြောဘူးလား ကဲ"

စကားလွှဲပစ်လိုက်မှန်းသိကာ အားလုံး ဝိုင်းရယ်ကြလေသည်။

"စုံရိပ်မြိုင် ခင်ဗျားကို ဒီကောင် အသေအလဲ ချစ်နေတာသိလာလား၊ ကွယ်ရာမှာဆို နားငြီးအောင်ပြောတာ"

လူငယ်တွေ ပြောချင်ရာ ပြောလာတော့ ဦးညီညီမင်းတို့တွေ အပြင်ထွက်သွားကြလေသည်။

ညီ မငြင်းဖြစ်တော့ပါ။

ဖွင့်ပြောတော့မယ်လို့လည်း ရည်ရွယ်ပြီးသားမို့

"ကဲပါကွာ...သွားကြီးတွေ တဖြဲဖြဲနဲ့ အလိုက်သိသိ အပြင်ထွက်ပေးကြပါလား သိနေရင်လဲ"

"ဟော... ဟော ဖောက်ပြန်လာပြီ"

"လာပါကွာ ဒီကောင် ငါတို့ကို ရင်ထဲမှာ ကျိန်ဆဲနေတာဆူညံနေပြီ၊ ငါကြားတယ်၊ သွားမယ်... သွားမယ်"

"ညီနော် ဘချလာနိုက် စောင့်နေမယ်"

ခပ်တိုးတိုးလေး ပြောသွားတာပေမဲ့ မြိုင် ကြားလိုက်





သေးသည်။ ပါးမို့လေးတွေ နီမြန်းသွားဖေါ်။

မျက်နှာကို တစ်ဖက်လှည့်ပစ်လိုက်ကာမှ ညီက ရွှေမှာလက်တစ်ဖက်ထောက်၍ မျက်နှာကို ငုံ့ကြည့်ကာ...

"နေကောင်းလား မြိုင်"

"ကောင်းတယ်..."

ညီက မြိုင့်လက်ဖဝါးလေးကို ဖျစ်ဆုပ်ပစ်လိုက်သည်။

မြိုင် ဆတ်ခနဲ ရုန်းမလိုဖြစ်သွားပြီး ငြိမ်သက်သွားသည်။

"မြိုင်"

ဆေးရုံ အပြင်လူနာဆောင်များမှ စကားပြောသံ၊ ရယ်သံတချို့ကို ကြားနေရသည်။

တချို့အဆောင်များမှ ငိုသံလိုလို...

ရှင်သူတွေပြုံး၍ သေသူတွေ ငိုနေကြသည်။

ချစ်လို့တဲ့၊ ညီကျတော့ တစ်သက်လုံး ဘုန့်ဆောက်ပြောလာခဲ့သည်။

မြိုင့် မျက်နှာလေးကို ကြည့်နေရုံနဲ့ ရင်တွေ ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြောမှားသွားမှာစိုး၍ စကားလုံးရွေးရင်း ဆုပ်ထားမိသည့် လက်ဖဝါးလေးတစ်ဖက်ကိုသာ မချင့်မရဲ ဖျစ်ညှစ်နေမိသည်။

ခေါင်းလေးငုံ့နေရာမှ မြိုင် သူ့ကို မော့ကြည့်သည်။

မျက်လုံးချင်းဆုံတော့ မြိုင်က ရှောင်ဖယ်ဖို့ ကြိုးစားလျှင်...

"မြိုင်"

သူ ကမန်းကတန်း ထပ်ခေါ်လိုက်မိ၏။

"ဘယ်လိုဖြစ်နေတာလဲ"

"ချစ်တယ်..."

မြိုင်က မတုံ့န်မလှုပ်

သူ မြိုင်နဲ့ နဖူးချင်းထိမတတ် ငုံ့ချကာ...

"ချစ်လား"

"မချစ်ဘူး"

"မယုံဘူး"

"သေလိုက်"





"တကယ်သေခိုင်းတာလား၊ နင့်အတွက် ငါ သေရဲတယ်၊ ဒါပေမဲ့ ရူးကြောင်မူးကြောင်နဲ့ သေပြဖို့ မဟုတ်ဘူးနော်... လိုအပ်လာရင်ပေါ့"

မြိုင်က မျက်စောင်းထိုးလျက် လက်ကိုရုန်းသည်။

သူ အတင်းအကျပ်ဖိကိုင်ထား၍–

"မယုံဘူးလား"

သူ့မှာ သက်သေပြစရာ ရှိနေသည်မို့ မြိုင့်ဘက်က မယုံဘူးပြောလို့ မရပေ။

မြိုင် ဒဏ်ရာက မြွေဆိပ်ကို သူ စိုးရိမ်ကြီးလျက် အကြိမ်ကြိမ်အခါခါ စုပ်ထုတ်နေတာကို ဝေဒနာများကြားထဲမှာ သူမ နွေးထွေးစွာ ခံစားမိခဲ့သည်။

ရင်ထဲမှာ မည်သို့ရှိသနည်း။

မြိုင် ကိုယ့်ကိုယ်ကို မတွေးရဲခဲ့ပါ။

အချစ်ကို ရှုံးနိမ့်ခြင်းဟူသာ မြင်ထားခဲ့တာ။ သူမရဲ့အတ္တ။

မြိုင့်မျက်ဝန်းလေးတွေမှာ သူ့အပေါ် အမျက်ထေါ်သ တင်နေတာကို မြင်နေရလျက် မာနလေးတွေကို ရှုံ့ပိုက်ထားချင်ပုံလည်းရှိနေသော မြိုင့်အချစ်ကို ဘယ်လို ကြိုးစားဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရမှန်းမသိဘဲ ညိုမှာလည်း အကြံအိုက်နေသည်။

"မြိုင် နင်နဲ့ငါ ချစ်သူဘဝနဲ့ ခုလိုမျိုး အိမ်ထောင်တစ်ခုကို တည်ဆောက်လိုက်မယ်ဆိုရင် ဘယ်လောက်ကြည်နူးစရာကောင်းမလဲ၊ နည်းနည်းလေး စိတ်ကူးကြည့်စမ်းနော်... မြိုင်က လိမ္မာတယ်၊ ငါ့ကို ပြန်ချစ်နော်"

ရည်းစားစကားပြောပုံက နည်းများစွာထဲက ဘယ်ဆရာဘယ်လို လက်ထပ်သင်လိုက်တဲ့ နည်းပါလိမ့်။

မြိုင့်နှုတ်ခမ်းလေး ပြုံးယောင်သန်းသွားသည်။

ညို ပျော်သွားလေသည်။

"ဘာ... ချစ်တယ် ဟုတ်လား၊ ပျော်လိုက်တာကွ ဒါမှ ဟိုကောင်တွေကို ဘချလာနိုက်အတွက် ဝမ်းတေဘယ်ကျွေးရတာ အဓိပ္ပာယ်ရှိမှာ"

"ဘာ အရူးထနေတာလဲ၊ နင့်ကို ဘယ်သူက ချစ်တယ်ပြောလိုက်လို့လဲ"

"အံမာကွာ သူပဲ ခုနက တိုးတိုးလေး ပြောပြီးတော့၊ ရှက်မနေပါနဲ့၊ လင်မယားချင်းပဲဟာ..."

"ညိုနော် နင်... သူများတွေကြားရင် တစ်မျိုးထင်ဦးမယ်"





"ထင်တော့ ဘာဖြစ်လဲ၊ လင်မယားမှန်း သိနေကြတာပဲ၊ ဖက်နမ်းလို့ဆဲ ရတယ်"

"အို... ဘယ်လိုဖြစ်နေတာလဲ ညိုနော်"

"ပြောလေ"

"ဘာလဲ... မပြောဘူးသွား၊ အရူးကျနေတာပဲ နွတ်"

"နှုတ်မှာပဲ ကိုယ့်မိန်းမကို ရည်းစားစကားပြောနေရတာ ဘယ်လောက် အသည်းယားစရာကောင်းသလဲ၊ ဆွဲဖက်မွှေးရမ်းပစ်ချင်နေတာ"

ညို တကယ် ဂျိုကိုက်နေသည်မို့ မြိုင် ရယ်လည်းရယ်ချင်၊ ဒေါသစိတ်လေး ဗိစိကွေးလေးလည်း ဖြစ်လေသည်။

တကယ်နမ်းတော့မလို ညို့ နှာခေါင်းက သူမပါးပြင်နားမှာ တဝဲဝဲ။

"ပြောလေ မြိုင်၊ မချစ်ဘူးလို့ ပြောရင်တော့ နမ်းပြီးသာပဲ၊ ဒီနေ့ ဆေးရုံကာမဆင်းခင် ခင်ဗျားကိုချစ်ဖို့ မာဒင်ထုနှလုံးမူပြီးသား"

မြိုင် သူ့မျက်ဝန်းတွေကို စူးစိုက်ငေးမောကြည့်မိသည်။

www.burmeseclassic.com



ထို့နောက် လွန့်ခနဲ လှုပ်ခတ်သွားသည့် နှုတ်ခမ်းလေး နှစ်လွှာက သူ့အတွက် အချစ်တွေ ပေးလိုက်မိသော အပြုံး တစ်ချက်လက်သွားရာ... ညီ သဘောပေါက်သွားသည်။

လက်ဖဝါးလေးကို တင်းခနဲ ဆုပ်ညှစ်၍ ရယ်လိုက်သည်။

"လိမ္မာတယ် ကလေးက သိပ်ချစ်ဖို့ကောင်းတာပဲ"

အချစ်သည် ဒေါသ၊ မာန အရာအားလုံးကို အတွေ ကြီးစွာ သိမ်းဖယ်ဖျက်ဆီး၍ တိုးလျှိုးတောင်းပန်ခြင်း၌ တည်လေသည်။

ပန်းတစ်ပွင့်သည်
ကျွန်ုပ်ရှေ့သို့ ကြွေဆင်းလာ၏။
သို့သော်
ကျွန်ုပ်လက်ထဲသို့
ရောက်သည်မဟုတ်ပါ။ ။

ချောစုစံ

BURMESE CLASSIC
www.burmeseclassic.com